မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၅၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၄ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဆေးကောင်စီဥပဒေကြမ်းကို ခေတ်နှင့်အညီပြန်လည်ရေးဆွဲခြင်းသည် အလွန်သင့်မြတ်ကြောင်း ဆွေးနွေး

နေပြည်တော် ဇွန် ၁၃

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းကဏ္ဍတွင် **မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၏ လွှတ်တော်ကိုယ်စားလှယ်(အမျိုးသား)များ ရေးရှည် ခေါင်းပေါင်း ပေါင်းထားခြင်းသည် ကျန်းမာရေးထိခိုက်နိုင်သဖြင့် လွှတ်တော်ဥက္ကဋ္ဌ နေရာယူပြီးသည့် အချိန်မှစ၍ ခေါင်းပေါင်းများကို ချွတ်ထားခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်သန်းက ခေါင်းပေါင်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအတွက် လူမျိုးတိုင်း၏ ဝိသေသလက္ခဏာတစ်ခုဖြစ်ပါကြောင်း၊ ခေါင်းပေါင်းကို ဦးခေါင်းတွင် အထွတ်အမြတ်ထား၍ ဆောင်းခြင်း၊ အလေးအမြတ်ထားခြင်း၊ မြင့်မြတ်ကြီးကျယ်ခြင်း၊ ရာထူးဂုဏ်သိမ်အင်္ဂါရပ်ဖြစ်ခြင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံခြင်း၊ ခံ့ညားထည်ဝါသည့် အသွင်ဖြစ်စေခြင်းတို့အတွက် ပေါင်းကြပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေး အလာအရ

စာမျက်နှာ ၇ ကော်လံ ၁

အမျိုးသားလွှတ်တော်အစည်းအဝေး

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ငွေကျပ် ၃၂၄ သိန်း ထည့်သွင်းလျာထား

နေပြည်တော် ဇွန် ၁၃

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း၏ **"ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများအတွက် ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး မည်သို့ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ဖွဲ့စည်းစီမံဆောင်ရွက်ထားသည်ကိုသိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား တင်ဒါစိစစ်ရွေးချယ်ရေး

စာမျက်နှာ ၇ ကော်လံ ၁

နွားနောက်မုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်၊ လေပြင်းတိုက်၊ လှိုင်းထန်ကာ ကမ်းပါးပြိုမှု၊ ဖုန်းတိုင်၊ ဓာတ်တိုင်များနှင့် သစ်ပင်များပြိုလဲမှု ကော့သောင်းတွင် ဖြစ်ပွား

ကော့သောင်း ဇွန် ၁၃

ကော့သောင်းမြို့တွင် ဇွန် ၁၃ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက် လှိုင်းထန်ကာကမ်းပါးပြိုမှု၊ ဖုန်းတိုင်၊ လျှပ်စစ်ဓာတ်အားပေးတိုင်များ၊ အိမ်များနှင့်သစ်ပင်များ ပြိုလဲမှုဖြစ်ပွားသည်။

အာရေဗျပင်လယ်တွင် ဖြစ်ပေါ်တိုက်ခတ်နေသည့် နွားနောက် (Nanauk) မုန်တိုင်းအရှိန်ကြောင့် မုတ်သုံလေအားကောင်း၍ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ဇွန် ၁၃ ရက် နံနက် ၃ နာရီခန့်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းများတိုက်ခတ်ရာ နံနက်လင်းအားကြီးအချိန်တွင်ဖုန်းကြိုးများပေါ်သို့ နာရေးကူညီမှုအသင်းရုံးရှေ့ရှိ တညင်းပင်ပြိုလဲပိကျခြင်း၊ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်းနှင့် အေးမြကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ဓာတ်အားပေးတိုင်များလဲကျခြင်း၊ သီရိမြိုင်ရပ်ကွက် ပင်လယ်ကမ်းစပ်တွင် လှိုင်းထန်သဖြင့် ကမ်းပါးများပြိုကျပြီး ကားလမ်းပေါ်ရေကျော်ခြင်း၊ ကော့သောင်းမြို့တွင်းသို့ သွယ်တန်းထားသည့် ဖိုင်ဘာကေဘယ်လ် တယ်လီဖုန်း

စာမျက်နှာ ၇ ကော်လံ ၁

ကျော်စိုး(ကော့သောင်း)

ယနေ့ မာတိကာ

ပျောက်ဆုံးမလေးရှားလေယာဉ်မှ ခရီးသည်မိသားစုများ ကနဦး လျော်ကြေးငွေ ဒေါ်လာ ၅၀၀၀၀စီ ရရှိမည် စာ-၄

ဒိုင်လူကြီးကို မကျေနပ်၍ ခရိုအေးရှား အိမ်ပြန်သင့်ဟုဆို စာ-၅

လွတ်လပ်မှုလည်း ရယူပါ၊ ကျင့်ဝတ်သိက္ခာလည်း စောင့်ထိန်းပါ (ဆောင်းပါး) စာ-၆

မြန်မာနိုင်ငံသည် အာရှနိုင်ငံများအနက် ငှက်ဖျားဖြစ်ပွားသေဆုံးမှု အများဆုံးနိုင်ငံစာရင်းဝင် စာ-၁၀

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်သိစွာဖော်ဆောင်ရမည့်မီဒီယာ

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ် လက်ရှိ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသည့်နည်းတူ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ၄င်းတို့၏အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် လူမှုတာဝန်သိသော မီဒီယာများပေါ်ပေါက်လာရေးမျှော်မှန်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဇွန် ၁၂ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ဤထုတ်ပြန်ကြေညာချက်တွင် ငြိမ်းချမ်းကြွယ်ဝသည့် အာဆီယံအသိုက်အဝန်းကို တည်ဆောက်ရန်၊ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရန်၊ အာဆီယံအတွင်း လူမှုတာဝန်သိသောမီဒီယာ တိုးတက်ဖွံ့ဖြိုးရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ အာဆီယံပြည်သူများကို ပြန်ကြားရေးဆိုင်ရာ ပညာပေးရာတွင် မီဒီယာနည်းလမ်းအသစ်များနှင့် လူမှုမီဒီယာတို့၏ အားသာချက်များကို ပိုမိုအသုံးပြုရန်နှင့် မီဒီယာအတတ်ပညာအဆင့်အတန်းကိုမြှင့်တင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်တန်းများပို့ချရန်နှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ၊ ပုဂ္ဂလိကမီဒီယာနှင့် လူမှုအသိုင်းအဝိုင်းအခြေပြုမီဒီယာများမှတစ်ဆင့် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းပေါင်းစည်းရေးတို့ကို ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်းဖြင့် ဖော်ပြထားပါသည်။

လူမှုတာဝန်သိသော မီဒီယာသည် ကျွန်ုပ်တို့မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံးအနေအထားတွင်ရှိနေပြီး ဥရောပတွင် ယင်းစနစ်ကို ကျင့်သုံးဆောင်ရွက်နေသည်မှာ နှစ် ၃၀ ကြာပြီဖြစ်ကြောင်း သိရပါသည်။ ထိုသို့ လူမှုတာဝန်သိသော မီဒီယာအဖြစ်ပြောင်းလဲရာတွင် နိုင်ငံပိုင်မီဒီယာများကလည်း လိုက်ပါပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပါသည်။ လူမှုတာဝန်သိသော မီဒီယာသည် ပြည်သူများ၏ အကျိုးစီးပွားကို မီဒီယာမှတစ်ဆင့်တစ်ဖက်တစ်လမ်းမှ တိုးတက်အောင်ဖော်ဆောင်ပေးခြင်းဖြစ်၍ လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက် အကျိုးရှိစွာဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

၂၀၁၄ ခုနှစ် ဟိုပန်မြို့နယ်စာစစ်ဌာန တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မှုအခြေအနေ

ဟိုပန် ဇွန် ၁၃

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် စာစစ်ဌာန၌ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၁၅ ဦးမှ အောင်မြင်သူ ၂၆ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၂၂ ဒသမ ၆၁ ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၁၄-၆-၂၀၁၄ ရက်နေ့တွင် ဒဂုံ(မြောက်)၊ ဒဂုံ (တောင်)၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ မရမ်းကုန်း၊ လှိုင်၊ စမ်းချောင်း၊ လသာ၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ လှည်းကူး၊ ထန်းတပင်၊ အင်းတိုင်၊ အဖျောက်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၈ နာရီမှ ၁၅ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၁၅-၆-၂၀၁၄ ရက်နေ့တွင် သဃ်န်းကျွန်း၊ ဒဂုံ(အရှေ့)၊ ဒဂုံ (တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ သန်လျင်၊ ခရမ်း၊ သုံးခွ၊ တံတား၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ လှည်းကူး၊ ဒါးပိန်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန် အချို့တွင် ၈ နာရီမှ ၁၅ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မော်လမြိုင်၌ ပြိုင်ပွဲများကျင်းပ

မော်လမြိုင် ဇွန် ၁၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၃ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာ မူလတန်းအဆင့် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ် ကောလိပ်များအဆင့်နှင့် အလွတ်တန်းအဆင့်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ကာတွန်း ၃၅ ဦး၊ ပန်းချီ ၆၈ ဦး၊ ပိုစတာ ၃၉ ဦး၊ ကွန်ပျူတာပန်းချီ ၁၄ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကွန်ပျူတာပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၄ ရက်နေ့တွင် မော်လမြိုင်မြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကျော်ဝင်းအောင်

ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းဖွင့်

တပ်ကုန်း ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဥပတ္ထမ္ဘကအဖွဲ့သည် အမျိုးဘာသာသာသနာထိန်းသိမ်းစောင့်ရှောက်ရေး မိရိုးဖလာဗုဒ္ဓဘာသာမှ သည် မျိုးဆက်သစ်လူငယ်ကလေးများ၏ နှလုံးသားထဲတွင် စွဲမက်ယုံကြည်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင် လူငယ်ကလေးများဖြစ်လာစေရေးတို့ကို ရည်ရွယ်ချက်ထား၍ တတိယအကြိမ် ၂၀၁၄-၂၀၁၅ စာသင်နှစ် တနင်္ဂနွေ ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းကို ဇွန်လ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ယခုအခါတွင် ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်း ကြီးကြပ်မှုကော်မတီမှ ပထမတန်းမှ အဋ္ဌမတန်းထိကျောင်းသား ကျောင်းသူ ၇၂၇ ဦးအား စေတနာရှင်ဆရာ ဆရာမပေါင်း ၁၀၀ ကျော်ဖြင့် ဇွန် ၈ ရက်မှ စတင်၍ မြို့ဦးစာသင်တိုက် မဟာဇနကစာသင်တိုက်၊ မြို့လယ်စာသင်တိုက်နှင့်ဗုဒ္ဓ သာသနာပြုဗိမာန်တို့တွင် စာသင်ကျောင်းများခွဲ၍ သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

(ဝ၂၁)

ထင်သာမြင်သာပြုပြင်စရာ

စလင်းမြို့၌ အန္တရာယ်ဖြစ်နိုင်သော ပေါင်းပြုပြင်ပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ၂၀၁၄ ခုနှစ် မတ်လတွင် နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း ၁၈၀၀ ဖြင့် အကျယ် ၁၈ ပေ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို စလင်းမြို့ လေးတိုင်စင်မှ မြို့အနောက်ဘက်အထွက် စေတုတ္တရာလမ်းကြိုဆိုပါ၏ ဆိုင်းဘုတ်အထိ ခင်းခြင်းလုပ်ငန်းများပြီးစီးခဲ့ပါသည်။

ယခင်ကလမ်းမှာ မကောင်း၍ ယာဉ်များအရှိန်ပြည့် မမောင်းနှင်ကြပါ။ ယခုအခါ လမ်းကောင်းနေပြီဖြစ်၍ အရှိန်မြှင့်မောင်းနှင်ကြရာ စလင်းမြို့အလယ်ဈေးမရပ်နှင့် ပေါင်းပင်ဇင်းရပ်ဆုံရာ (ကာတစ်ပေါင်း)မှာ ရေနုတ်မြောင်းလည်း မတူးဖော်ဘဲ လမ်းပျက်ပေါ်တွင် ပေါင်းကူးယာယီအဖြစ် ခင်းထားသဖြင့် မြေမညီညွတ်ဘဲ မော်တော်ဆိုင်ကယ်များ မကြာခဏတိမ်းမှောက်ခြင်း၊ ယာဉ်တိုက်မှုများ ဖြစ်နိုင်ခြင်းအခြေအနေတွင်ရှိနေ၍ ခိုင်ခံ့သောပေါင်းအဖြစ် အမြန်ဆုံး ဆောက်လုပ်ပေးရန် မြို့နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို တ/ဥက္ကလာ ထ-၃မှ ခုံနံပါတ် ဆတဥ/၃၆၈ဖြင့် ထူးထူးချွန်ချွန် ခြောက်ဘာသာ(ဘာသာစုံ)ဖြင့် ဖြေဆိုအောင်မြင်သူ ဦးသန်းထိုက်အောင် အန်တီမာသူထွေးတို့ရဲ့ တစ်ဦးတည်းသောသမီးလေး ညီမငယ် ဆုလင်းထိုက်အောင်အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ချစ်မမနှင့်ကိုကိုများ

မမ-သူသူအောင် (B.Ed)အလယ်တန်းပြ-တ/ဒဂုံ၊

မမ-မိုးမြတ်နိုးဖြူ 4th Year သွားဆေးတက္ကသိုလ်၊ ရန်ကုန်၊

ကိုကို-ကောင်းဆက်မိုး 1st Year (E.C) G.T.C သန်လျင်၊

ကိုကို-ကျော်စိုးသူ 1st Year (I.R)ဒဂုံတက္ကသိုလ်

သီဟ (၇၉) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

ကျောင်းဆင်း (၂၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ်

နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ဒါနပြုပွဲ	နေ့ရက်/အချိန်	နေရာ
	၂၂-၆-၂၀၁၄ရက် ဝ၉း၀၀နာရီ	နိုင်ငံတော်သံဃာ့မဟာနာယက ကျောင်းဆောင်(ကမ္ဘာအေး)
ဂေါက်သီးရိုက် ကစားခြင်း	၂၂-၆-၂၀၁၄ရက် ၁၃း၀၀နာရီ	Y.C.D.C ဂေါက်ကွင်း
တွေ့ဆုံညစာစားပွဲ	၂၂-၆-၂၀၁၄ရက် ၁၈း၀၀နာရီ	ကုန်းမြင့်သာစားတော်ဆက်၊ (၈)မိုင်

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ခင်ငွေ ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ ထွန်းညွှန့် ဖုန်း-၀၉-၄၄၈၀၂၃၆၁၉၊ ကျော်ငွေ ဖုန်း-၀၉-၇၃၂၄၄၇၇၀၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀၊ ဝင်းကိုကို ဖုန်း-၀၉-၄၉၂၁၀၄၅၁၊ ရဲမြင့်ကျော် ဖုန်း-၀၉-၅၀၁၆၅၂၂၊ အောင်ကျော်မင်း ဖုန်း-၀၉-၄၉၆၇၄၀၃၀၊ ယဉ်ကြည် ဖုန်း-၀၉-၇၃၀၆၅၇၇၂

ပျောက်ဆုံး

ကျွန်တော် ငြိမ်းချမ်းဟိန်း ၁၂/မဂတ(နိုင်)၀၉၈၀၂၂၏ နိုင်ငံကူးလက်မှတ်အမှတ် M-698785 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၀၁၇၆၀

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လျှပ်စစ်မီးရရှိရေး ဦးစားပေးဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အနေဖြင့် ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြည်သူလူထု၏ လိုအပ်ချက်၊ လိုလားချက်များကို နားထောင်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်စေရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်သည့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ရာ များမကြာမီ ကာလတွင် ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အလားတူ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက်လည်း မိမိတို့အနေဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အတူ နယ်မြေဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နေထိုင်ရေးကိစ္စများ အဆင်ပြေစေရန်အတွက်လည်း အိမ်ရာများဆောက်လုပ်ပေးသွားရန် အစီအစဉ်များ ရှိနေပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်လာမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒေသခံပြည်သူများ၏ ပညာရည်မြင့်မားတိုးတက်လာစေရေးအတွက် အဓိကထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မိမိတို့ လာရောက်ကြရသည့် ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြံဆောင် အကောင်အထည်ဖော်ပေးရန် ရောက်လာကြခြင်းဖြစ်ပါကြောင်း၊ မြို့နယ်/ရပ်ကွက်/ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများအနေဖြင့်လည်း မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာသကဲ့သို့ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသခံပြည်သူလူထုအတွက်သာမက ပြည်သူ့ဗဟိုပြုလုပ်ငန်းများကိုပါ ဦးစားပေးဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် တားဆီးနိုင်စေရန်အတွက်လည်း ကမ်းရိုးတန်းဒေသရှိ မြို့ကြီးများတွင် ရေဒီယို FM လွှင့်စက်များကို တိုးချဲ့တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ ယခုအသုံးပြုနေသည့် ရုပ်သံလွှင့်စက်များကို Analogue စနစ်မှ Digital စနစ်သို့ ကူးပြောင်းကာ ထုတ်လွှင့်ပြသပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လူထုပညာပေးရေးအတွက် ရုပ်သံထုတ်လွှင့်မှုများသာမက စာပေရေချမ်းစင်၊ စာကြည့်တိုက်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ဗဟုသုတများ စုံလင်စွာရရှိစေရန် Digital စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ ပြည်သူလူထု၏ လက်ဝယ်အရောက် နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ရောက်ရှိစေရန် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပြန်လည် ဆွေးနွေးဖြေကြားပေးကြပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

❁ *ကျောဖုံးမှ*

အလားတူ သက်ဆိုင်ရာ NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့အဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း လာရောက်နေထိုင်ကြရာတွင် အဆင်ပြေလုံခြုံချောမွေ့စေရေး၊ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးဆိုင်ရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အလားတူ ECC အစည်းအဝေးများကို လစဉ်မပျက်ပုံမှန်ပြုလုပ်ကာ NGOs အဖွဲ့အစည်းများ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကူညီပေးသွားရေးဆိုင်ရာများကို မှာကြားဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

⁜ *ကျောဖုံးမှ*

ဖွင့်လှစ်ထားပါတယ်။ တရုတ်၊ အာဆီယံ ဘာသာစကားနဲ့ ယဉ်ကျေးမှု လူရည်ချွန်များပျိုးထောင် လေ့ကျင့်ရေးစခန်းကိုလည်း ဖွင့်လှစ်ထားပြီး အဆင့်မြင့်သင်ကြားရေးနဲ့ သိပ္ပံသုတေသန အခြေခံစခန်း တစ်ခုအဖြစ်လည်း ဆောင်ရွက်နေပါတယ်”ဟု မစ္စတာလီချောင်ပိုက ပြောသည်။

ယခုနှစ်အတွင်း တက်ရောက်ပညာသင်ကြားနေသော တရုတ်နိုင်ငံနှင့် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူပေါင်း ၂၃၀၀၀ ခန့်ရှိပြီး ပညာတော်သင် ကျောင်းသားပေါင်း ၅၀၀ ကျော်ရှိသည်။ အမေရိကန်၊ နော်ဝေ၊ ဂျပန်၊ တောင်ကိုရီးယား၊ မြန်မာအစရှိသည့် နိုင်ငံအသီးသီးမှ တက္ကသိုလ်များနှင့် ပညာရပ်အဖွဲ့အစည်းတို့နှင့် ပူးပေါင်းကာ အပြန်အလှန် လေ့ကျင့်သင်ကြားမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

“မြန်မာကျောင်းသား ၅၀၀ ကျော်ရှိပါတယ်။ အများစုကတော့ ရှမ်းပြည်နယ်နဲ့ မြန်မာနိုင်ငံအထက်ပိုင်းက တရုတ်နဲ့ ကုန်သွယ်မှုပြုနေတဲ့ ကုန်သည် သား သမီးတွေများပါတယ်။ နယ်စပ်က မြန်မာအများစုက ဒီတက္ကသိုလ်ကို သဘောကျကြတယ်။ အခုတော့ ပညာသင်ဆုရရှိနိုင်လို့ ဘယ်ဒေသကမဆို လျှောက်ထားနိုင်ပါတယ်” ဟု အဆိုပါ တက္ကသိုလ်၏ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ပညာသင်ဆုအတွင်း အခမဲ့ပညာသင်ယူခွင့်၊ အဆောင်၊ စားစရိတ်၊ လစဉ်ထောက်ပံ့ကြေးတို့ ပါဝင်မည်ဖြစ်ပြီး လျှောက်ထားသူ၏ ပညာရေး အဆင့်အတန်း အားနည်းပါကလည်း တက္ကသိုလ်ဝင်ခွင့် တစ်နှစ်သင်တန်းပါ ဖွင့်လှစ်သင်ကြားပေးသေးကြောင်း သိရသည်။

ယူနန်ပြည်နယ် ကူမင်းမြို့တွင်ရှိသည့် အဆိုပါ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားလိုပါက www.ynni.edu.cn သို့ ဝင်ရောက်လေ့လာကာ ကျောင်းဝင်ခွင့်နှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များ ဖတ်ရှုနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အိုလံပစ်နေ့အထိမ်းအမှတ်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစစ်တုရင် ၂၅ မိနစ်အမြန်ရွှေ့ အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲကို ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၂၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးဂေဟာအစာအဆိပ်သင့်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်

၂၆-၅-၂၀၁၄ရက်နေ့ထုတ် The Street View ဂျာနယ်(အတွဲ-၁၊အမှတ် ၁၉)မျက်နှာဖုံး သတင်းခေါင်းစဉ်နှင့် စာမျက်နှာ(၆)တွင် စားသုံးသူကာကွယ်ရေးဥက္ကဋ္ဌ ဦးဗအုပ်ခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်းသတင်းဖော်ပြချက်၌ **“ပြည်ပသွင်းကုန် ဒီးဒို အချိုရည်အစာအဆိပ်သင့်မှုက FDA နဲ့ ကျန်းမာရေးဝန်ကြီးဌာနတာဝန်မဲ့မှုကိုဖော်ပြ”** ဆိုသည့်ခေါင်းစဉ်ဖြင့် အဆိုပါအစာအဆိပ်သင့်မှုဖြစ်စဉ်မှာ DeeDo အချိုရည်ကြောင့်ဖြစ်ကြောင်း ဦးဗအုပ်ခိုင်၏ ပြောဆိုချက်များကို သတင်းရေးသားသူ စန္ဒီထွဏ်းနှင့် ဖြူဖြူခိုင်က ရေးသားဖော်ပြခဲ့သည်။

ဖြစ်စဉ်အမှန်မှာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးဂေဟာတွင် မေ ၁၉ရက်၌ အစာအဆိပ်သင့်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါဖြစ်စဉ်တွင် အစာအဆိပ်သင့်လက္ခဏာခံစားရသူ ၆၈ ဦးရှိပြီး အသေအပျောက်မရှိပါ။ အဆိုပါ ၆၈ဦးအနက် ၄၆ဦးမှာ တောင်ငူဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသမှုခံယူခဲ့ပြီး ၂၂ဦးကို အတွင်းလူနာအဖြစ် စောင့်ကြည့်ကုသမှုပေးခဲ့သည်။ ထိုနေ့နံနက်က ဆန်ပြားသုပ်နှင့် DeeDo အချိုရည်(နာနတ်၊လိုင်ချီး) တိုက်ကျွေးခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ကျွေးမွေးသောဆန်ပြားသုပ်နမူနာ၊ DeeDo အချိုရည်နမူနာ၊ ဖျော်စပ်သော၊ တိုက်ကျွေးသောရေနမူနာများ၊ အစားအသောက်ကိုင်တွယ်သူများ၏ လက်၊ နှာခေါင်းတို့ဖတ်နမူနာများ၊ လူနာများ၏အန်ဖတ်၊ စအိုတို့ဖတ်နမူနာများကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ဓာတ်ခွဲစစ်ဆေးခဲ့ပါသည်။

စိစစ်စစ်ဆေးတွေ့ရှိချက်အရ ဆန်ပြား(မုန့်ဟင်းခါး၊ ညှပ်ဖတ်) သုပ်နမူနာတွင် အစာအဆိပ်သင့်စေသော ဗက်တီးရီးယားပိုးနှင့် ပိုးအဆိပ်ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သောက်သုံးရေနှင့် DeeDo အချိုရည် (နာနတ်၊ လိုင်ချီး)၊ အန်ဖတ်၊ လက်/နှာခေါင်း၊ စအိုတို့ဖတ်နမူနာများမှ ဗက်တီးရီးယားပိုးနှင့် ပိုးဆိပ်များ ပေါက်ပွားမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဖြစ်စဉ်အကြောင်းရင်းမှာ ပိုးမွှားများပေါက်ပွားနေသော ဆန်ပြား၊ (မုန့်ဟင်းခါး၊ ညှပ်ဖတ်) သုပ် စားသုံးမှုကြောင့်ဖြစ်ပြီး သောက်သုံးရေနှင့် DeeDo အချိုရည်(နာနတ်၊ လိုင်ချီး)သောက်သုံးမှုကြောင့် မဟုတ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ



ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8679 (၅၀/၈၆၇၉)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

နိုင်ငံတကာသတင်း

ယူကရိန်းနိုင်ငံအတွင်း ရုရှားတင့်ကားများဝင်ရောက်မှု လက်မခံနိုင်ကြောင်း သမ္မတပိုရိုရှန်ကိုပြောကြား

ယူကရိန်းအရှေ့ပိုင်းမှ ခွဲထွက်ရေးသမားများ

ကီယက်ဗ် ဇွန် ၁၃

ရုရှားတင့်ကားများ ယူကရိန်းပိုင်နက်နယ်မြေအတွင်း ဝင်ရောက်လာခြင်းကို လက်မခံနိုင်ကြောင်း ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုက သမ္မတ ပူတင်အား ပြောကြားခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ရုရှားတင့်ကားသုံးစီးသည် ယူကရိန်းအရှေ့ပိုင်း ခွဲထွက်ရေးသူပုန်များရှိရာဒေသများသို့ ဝင်ရောက်ခဲ့ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးဌာနက စောစောပိုင်းတွင် ပြောကြားသည်။

အဆိုပါတင့်ကားများသည် လူဟန့်ဒေသ သူပုန်များထိန်းချုပ်ရာ နယ်စပ်စစ်ဆေးရေးဂိတ်ကိုကျော်ဖြတ်ကာ အခြားသောသံချပ်ကာယာဉ်တစ်စီးနှင့်အတူ ဝင်ရောက်လာခဲ့ကြောင်း အာဆင်အဗာကော့ဗ်က ပြောသည်။ သို့သော် ရုရှားက အဆိုပါသတင်းကို ငြင်းဆိုထားသည်။

"ဒါဟာသတင်းမှားများရဲ့ အခြားသောအစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ထိုအတွင်းခွဲထွက်ရေးခေါင်းဆောင်ပိုင်ဆိုင်သော မော်တော်ယာဉ်တစ်စီး ကြာသပတေးနေ့ နှောင်းပိုင်းက ဒိုနက်စကီမြို့အရှေ့ပိုင်း၌ ပေါက်ကွဲခဲ့သည်။ ၎င်းကားသည် သူ့ကိုယ်သူဒိုနက်စကီပြည်သူ့ခေါင်းဆောင်ဟု ကြေညာခဲ့သည့် ဒင်းနစ်ပူရှီလင်း ပိုင်ဆိုင်သောကားဖြစ်သည်။ သို့သော် ၎င်းကားတွင် ပူရှီလင်းမရှိကြောင်း၊ ယင်းမြို့ကို ထိန်းချုပ်ထားသော ရုရှားလိုလားသူ ခွဲထွက်သမားများက ၎င်းကားပေါက်ကွဲမှုကြောင့် လူလေးဦးဒဏ်ရာရရှိသွားသည်ဟုဆိုကြောင်း၊ မည်သည့်အတွက်ကြောင့် ပေါက်ကွဲခဲ့သည်ကို ရှင်းလင်းစွာ မသိရသေးကြောင်း သတင်း၌ ဖော်ပြထားသည်။ **ဘီဘီစီ**

စင်ကာပူနိုင်ငံ၌ ငါးမန်းတောင်ဟင်းလျာရောင်းချမှုပိတ်ပင် တရုတ်မင်္ဂလာလက်ထပ်ပွဲညစာစားပွဲများ၌ အများဆုံးစားသုံးလေ့ရှိ

စင်ကာပူ ဇွန် ၁၃

အာရှတစ်ခွင် ငါးမန်းဖမ်းဆီးသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး သပိတ်မှောက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် စင်ကာပူနိုင်ငံ မရီနာဘေးဆန်းကာစီနိုက ငါးမန်းတောင်ဟင်းလျာရောင်းချမှုကိုပိတ်ပင်လိုက်သည်။

ငါးမန်းတောင်ဟင်းလျာများကို တရားဝင်အခမ်းအနားများ သို့မဟုတ် စားသောက်ဆိုင်များ၌ မှာယူစားသုံးနိုင်တော့မည်မဟုတ်ကြောင်း အဆိုပါကာစီနိုတာဝန်ရှိသူများကပြောသည်။

စင်ကာပူနိုင်ငံသည် ဟောင်ကောင်ပြီးလျှင် ကမ္ဘာပေါ်တွင် ငါးမန်းတောင်အများဆုံး ကုန်သွယ်ရောင်းဝယ် ဖောက်ကားရာဒေသဖြစ်သည်။ အဆိုပါ ကာစီနို၏ ငါးမန်းတောင်ရောင်းချမှုပိတ်ပင်လိုက်ခြင်းအပေါ် ငါးမန်းထိန်းသိမ်းရေးအဖွဲ့က ကြိုဆိုလိုက်သည်။ သို့သော် ငါးမန်းတောင်ရောင်းဝယ်ဖောက်ကားမှုဝေစု ရယူရန် ကြိုးစားနေသော အင်ဒိုနီးရှားကို သတိပေးလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် ငါးမန်းတောင်တန်ချိန် ၆၄၀၀၀၀ တင်ပို့ရောင်းချလျက်ရှိသည်။

မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် ငါးမန်းများကို ဖမ်းဆီးခြင်းမပြုရန် ရေလုပ်သားများအား စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်နေကြောင်း ဂျကာတာကပြောသည်။ ငါးမန်းဖမ်းဆီးရေး တရားဝင်ခွင့်ပြုထားမှုကို ရပ်တန့်သွားမည်ဖြစ်ကြောင်း ဟောင်ကောင်က စက်တင်ဘာလတွင် ကြေညာခဲ့သည်။ အစိုးရရန်ပုံငွေထူထောင်၍ ငါးမန်းဖမ်းဆီးရေးကို အားပေးနေခြင်းမှာ ရှက်ဖွယ်ကောင်းကြောင်း ဟောင်ကောင်က ဆိုသည်။ တရုတ်နိုင်ငံတွင်လည်း ငါးမန်းတောင်ရောင်းချမှု တရားဝင်ခွင့်ပြုခြင်းကို ပိတ်ပင်ထားသည်။

အရသာမရှိသော်လည်း ငါးမန်းတောင်ကို ဟင်းချိုလုပ်၍ အာရှတိုက်သားအများစုက စားသုံးလေ့ရှိသည်။ အများစုမှာ တရုတ်မင်္ဂလာလက်ထပ်ပွဲညစာစားပွဲများ တည်ခင်းရာတွင် စားသုံးလေ့ရှိကြသည်။ **ဘီဘီစီ**

အီရတ်ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးလှုပ်ခတ်

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးသည် မြင့်တက်လာကြောင်း ဘီဘီစီ သတင်းတွင်ဖော်ပြသည်။

ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁ ၁၃ ဒသမ ၂၇ ဒေါ်လာရှိပြီး ၃ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။

ထိုအတောအတွင်း အမေရိကန်ရေနံစိမ်းတစ်စည်လျှင် ၁၀၆ ဒသမ ၇၁ ဒေါ်လာရှိပြီး ၂ရာခိုင်နှုန်း မြင့်တက်လာသည်။ ယင်းတို့မှာ စက်တင်ဘာလနောက်ပိုင်း အမြင့်ဆုံး ဈေးတက်လာခြင်းဖြစ်သည်။

အီရတ်မြို့ကြီး နှစ်မြို့ကိုအကြမ်းဖက်အုပ်စုများက သိမ်းပိုက်ထားခြင်းမှ အီရတ်ပြည်သူများအား ကူညီရန်စဉ်းစားနေရပြီဖြစ်ကြောင်း အမေရိကန်ကပြောကြားသည်။

အီရတ်နိုင်ငံသည် ကမ္ဘာ့ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)တွင် ရေနံဒုတိယအများဆုံး ထုတ်လုပ်တင်ပို့ရောင်းချနေသည့်နိုင်ငံဖြစ်သည်။

"ဒီပဋိပက္ခကြောင့် အီရတ်ရေနံတင်ပို့မှုထိခိုက်လာရင် ရေနံဈေးသိသိသာသာမြင့်တက်နိုင်ပါတယ်"ဟု ရေနံရောင်းဝယ်သူ ခရစ္စတိုဖာဘီလောကပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသသည်ကမ္ဘာပေါ်တွင် ရေနံအထွက်ဆုံးဒေသဖြစ်ပြီး ပဋိပက္ခများကြောင့် ရေနံဈေး တက်လာနိုင်သည်ဟု ၎င်းကပြောသည်။ **ဘီဘီစီ**

ပျောက်ဆုံးမလေးရှားလေယာဉ်မှ ခရီးသည်မိသားစုများ ကနဦးလျော်ကြေးငွေ ဒေါ်လာ ၅၀၀၀၀ စီရရှိမည်

ကွာလာလမ်ပူ ဇွန် ၁၃

ပျောက်ဆုံးမလေးရှားလေယာဉ် ခရီးသည်များ၏ မိသားစုများသည် ကနဦး လျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀၀ စီ လက်ခံရရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆက်လက်ကြိုးစား

ယခုအထိ မလေးရှားမိသားစုခြောက်စုနှင့် တရုတ်မိသားစုတစ်စုတို့သည် အဆိုပါလျော်ကြေးငွေများကို လက်ခံရရှိကြပြီဖြစ်သည်။ တရုတ်မိသားစု ၄၀ ကျော်အတွက် လျော်ကြေးငွေများရရှိရေး ဆက်လက်ကြိုးစားလျက်ရှိသည်။

ပျောက်ဆုံးခရီးသည် ၂၃၉ ဦး၏ မိသားစုဝင်အားလုံးက တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၇၅၀၀၀ စီ ရရှိရန် တောင်းဆိုထားသည်။

ပျံသန်းမှုခရီးစဉ်အမှတ် MH 370 ခရီးသည်လေယာဉ်သည် မတ် ၈ ရက်က ကွာလာလမ်ပူမှ ပေကျင်းသို့အသွား ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ယခုတိုင် အဆိုပါ လေယာဉ်၏ ပျံသန်းမှုလမ်းကြောင်းကို ရှာမတွေ့ဘဲ ဖြစ်နေသည်။ မလေးရှား အစိုးရအနေဖြင့် လေယာဉ်ပျောက်ဆုံးမှုကို မကြေညာရသေးကြောင်း မလေးရှား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဟမ်ဇာဇိုင်နျူဒင်က အလေးအနက်ပြောကြားသည်။

ပျောက်ဆုံးလေယာဉ်မှ ခရီးသည်များ၏ မိသားစုဝင်အများစုက ၎င်းတို့၏ မိသားစုဝင်ခရီးသည်များ သေဆုံးဖွယ်ရှိသည်ကို လက်ခံရန် ငြင်းဆိုနေဆဲဖြစ်သည်။ **ဘီဘီစီ**

ရန်ကုန်တိုင်းဒေသကြီး တရားရေးမိသားစု စာအုပ်နှင့်စာရေးကိရိယာပစ္စည်းများထောက်ပံ့

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများ၏ မူလတန်းအဆင့် ပညာသင်ကြားလျက်ရှိသော သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် စာအုပ်နှင့်စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကား ပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ကြားလျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ သားသမီး ၉၂ ဦးအား စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့်တန်ဖိုးရှိ ဗလာစာအုပ်နှင့်ခဲတံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်အားကစား

မြန်မာ့ရုပ်မြင်သံကြား

၁၄-၆-၂၀၁၄(စနေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ နံနက်ခင်းသတင်း
၇း၂၅ Business News
၇း၄၅ Hyper Sports
၉း၃၀ ၂၀၁၄ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ (ကရင်ပြည်နယ်)
၁၀း၂၀ မျက်မှောက်ရေးရာ အဖြာဖြာ
၁၂း၂၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၈း၂၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၁း၀၀ ဂီတတံခါးလေးဖွင့်ပါဦး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည့်အစီအစဉ်

Match No -	Date	Time	Venue	Match	Channel
53	30/6/2014	22:30	Brasilia	1E Vs 2F	MRTV
55	1/7/2014	22:30	Sao Paulo	1E Vs 2F	MRTV
57	5/7/2014	2:30	Fortaleza	W49 Vs W50	MRTV
59	6/7/2014	2:30	Salvador	W51 Vs W52	MRTV
61	9/7/2014	2:30	Belo Horizonte	W57 Vs W58	MRTV
62	10/7/2014	2:30	Sao Paulo	W59 Vs W60	MRTV
64	14/7/2014	1:30	Rio De Janeiro	W61 Vs W62	MRTV

ကာယဗလနှင့် ကာယကြံ့ခိုင်မှု ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်းပြည်ပထွက်ခွာ

ရန်ကုန် ဇွန် ၁၃

ဇွန် ၁၃ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ အမှုဆောင် ဒေါ်ရီရီဝင်း၊ အုပ်ချုပ်သူ ဒေါ်တင်မမမျိုး (ဒိုင်လူကြီး)၊ ဒေါ်ခင်ဝင်းမေ (နည်းပြ)၊ အားကစားသမားများအဖြစ် Athletic Physique ပြိုင်ပွဲတွင် မအေးအေးစိုး၊ Model Physique ပြိုင်ပွဲတွင် မနန်းထက်ထက်လင်းနှင့် မပေမန်နှင်းတို့သည် ဇွန် ၁၃ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ **(အောက်ပုံ)** **တင်စိုး(မြန်မာ့အလင်း)**

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များ သီဟ

ကမ္ဘာ့ဖလား အုပ်စု (ဂ) ပွဲစဉ် **ဇွန်၁၄/၁၅**

ကိုလံဘီယာ	-	ဂရိ	ည ၁၀း၃၀
အိုင်ဗရီကို့စ်	-	ဂျပန်	နံနက် ၇း၃၀

ကမ္ဘာ့ဖလား အုပ်စု (ဃ) ပွဲစဉ် **ဇွန်၁၅**

ဥရုဂွေး	-	ကော်စတာရီကာ	နံနက် ၁း၃၀
အင်္ဂလန်	-	အီတလီ	နံနက် ၄း၃၀

ကိုလံဘီယာ Vs ဂရိ

အုပ်စု(ဂ) ပထမပွဲစဉ်ကို Estadio Mineirao ကွင်းတွင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ကိုလံဘီယာအသင်းက ကမ္ဘာ့အဆင့်၅မှာ ရပ်တည်နေပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားပါတယ်။ ဂရိအသင်းက ကမ္ဘာ့အဆင့်၁၀မှာ ရှိနေပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲသရေကျထားပါတယ်။ ဒီပွဲဟာ ခံစစ်အားကောင်းတဲ့ဂရိနဲ့ အလယ်တန်းတည်ငြိမ်ပြီး ရှေ့တန်းမှ မာတီနက်ဇ်နဲ့ ကားလို့စ်ဗက်ကာတို့အတွဲ ကို ယုံစားကာ ကိုလံဘီယာကို အားပေးတာအသင့်တော်ဆုံးပါပဲ။

အိုင်ဗရီကို့စ် Vs ဂျပန်

အုပ်စု(ဂ)မှ အိုင်ဗရီကို့စ်နဲ့ ဂျပန်တို့နှစ်သင်း Arena Pernambuco ကွင်းတွင် ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အိုင်ဗရီကို့စ်အသင်းက ကမ္ဘာ့အဆင့် ၂၁ တွင် ရပ်တည်နေပြီး ဂျပန်က ကမ္ဘာ့အဆင့်၄၇ မှာရှိနေပါတယ်။ အိုင်ဗရီကို့စ်က ဥရောပကစားသမား အများအပြားရှိပေမယ့် စိတ်ဓာတ်ပြင်းထန် တဲ့ဂျပန်ကို အနိုင်ရဖို့က မလွယ်ပါဘူး။ ဒီပွဲကို သရေလောက်ပဲ မျှော်မှန်းချင်ပါတယ်။

ဥရုဂွေး Vs ကော်စတာရီကာ

အုပ်စု(ဃ)မှ ပထမပွဲစဉ်ကို Estadio Castelao ကွင်းတွင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အစဉ်အလာရှိတဲ့ ဥရုဂွေးအသင်းက ကမ္ဘာ့အဆင့်၆ မှာရပ်တည်နေပါတယ်။ ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ ကော်စတာရီကာအသင်းက ခြေစမ်းပွဲ ခြောက်ပွဲကစားရာမှာ တစ်ပွဲနိုင်၊ လေးပွဲရှုံး၊ တစ်ပွဲသရေ ကျထားပြီး ကမ္ဘာ့အဆင့်၃၄မှာ ရှိနေပါတယ်။ ကော်စတာရီကာက ဥရုဂွေးကိုယှဉ်နိုင်ဖို့ဆိုတာမဖြစ်နိုင်လို့ ဂိုးပါပြတ်သွားနိုင်လို့ ဥရုဂွေးကိုပဲ အားပေးသင့်ပါတယ်။

အင်္ဂလန် Vs အီတလီ

အုပ်စု(ဃ)မှ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အင်္ဂလန်နဲ့အီတလီပွဲကို Arena Amazonia ကွင်းတွင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အင်္ဂလန်အသင်းက ကမ္ဘာ့အဆင့် ၁၁မှာရပ်တည်နေပြီး ခြေစမ်းပွဲ ခြောက်ပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ အီတလီအသင်းက ကမ္ဘာ့အဆင့်၉မှာ ရှိနေပြီး ခြေစမ်းပွဲ ငါးပွဲကစားရာ လေးပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ အာရှအကြိုက် အင်္ဂလန်အသင်းကို ရွေးထားပေမယ့် အီတလီအသင်းမျိုးကို လွယ်လွယ်နဲ့အနိုင်ယူဖို့ မဖြစ်နိုင်ပါဘူး။ **အနည်းဆုံး သရေလောက်မျှော်မှန်းကာ အင်္ဂလန်အသင်းကို အားပေးတာ အသင့်တော်ဆုံးပါ။**

ဖာဘရီဂတ်စ် ချယ်လ်ဆီးရောက်ပြီ

ချယ်လ်ဆီးက အာဆင်နယ်ကွင်းလယ် ကစားသမားဟောင်း ဖာဘရီဂတ်စ်အား ငါးနှစ်စာချုပ်ဖြင့် ဘာစီလိုနာမှ ခေါ်ယူလိုက်သည်။ အသက် ၂၇ နှစ်ရှိ ဖာဘရီဂတ်စ်သည် ဘာစီလိုနာတွင် သုံးနှစ်ကြာ ကစားခဲ့ပြီး ချယ်လ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အာဆင်နယ်က ခေါ်ယူရန် ငြင်းဆိုခဲ့ပြီးနောက် ချယ်လ်ဆီးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖာဘရီဂတ်စ် ပြောင်းရွှေ့မှုအတွက် ပြောင်းရွှေ့ကြေးကိုမူ ထုတ်ဖော်ကြေညာခြင်း မရှိပေ။ ၎င်းပြောင်းရွှေ့ကြေးအတွက် ပေါင်သန်း ၃၀ခန့် ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောကြားလျက်ရှိသည်။

လမ်းပတ် ချယ်လ်ဆီးမှ ထွက်ခွာရန် ကြေညာပြီး ၁၀ ရက် အကြာ ဖာဘရီဂတ်စ်ကို ချယ်လ်ဆီးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒိုင်လူကြီးကို မကျေနပ်၍ ခရိုအေးရှား အိမ်ပြန်သင့်ဟုဆို

ကမ္ဘာ့ဖလားဖွင့်ပွဲတွင် ဘရာဇီးကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ခရိုအေးရှားအသင်းအနေဖြင့် အိမ်ပြန်သင့်ပြီ ဖြစ်ကြောင်းနည်းပြ နီကိုးကိုဗက်ကပြောသည်။ အကြောင်းမှာ ဘရာဇီးကို ပေးလိုက်ရသည့် ပယ်နယ်တီဂိုးနှင့်ပတ်သက်၍ ဒိုင်လူကြီး ယူချီနီရှီမူရာ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ခြင်းကြောင့်ဖြစ်သည်။

ခရိုအေးရှားပယ်နယ်တီ ဧရိယာအတွင်း နေမာကို နောက်တန်းကစားသမားတစ်ဦးက ဆွဲထား၍ ပယ်နယ်တီပေးလိုက်ခြင်းဖြစ်သည်။

အပိုင်ကန်သွင်းရန် အနေအထားမှ ဆွဲချလိုက်ခြင်းဖြစ်၍ ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့ခြင်းဖြစ်သည်။

ယင်းပယ်နယ်တီကို နေမာကပင် ကန်သွင်းယူခဲ့သည်။

ကောင်းမြတ်သူ
စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လွတ်လပ်မှုလည်း ရယူပါ၊ ကျင့်ဝတ်သိက္ခာလည်း စောင့်ထိန်းပါ

အေးကြွယ်

ကမ္ဘာကျော်စာရေးဆရာကြီးများထဲတွင် အရှိန်အဝါအလွန်ကြီးသော ပြဇာတ်ရေးဆရာကြီး ဂျော့ဘားနတ်ရှော (George Bernard Shaw) (၁၈၅၆-၁၉၅၀)ကို လူတိုင်းသိကြမည်ထင်သည်။ အမှန်တရားဟုထင်လျှင် တစ်ပါးသူ နားခါးချင် ခါးသွားပါစေ။ အင်မတန် ရေးတတ်၊ ပြောတတ်လွန်းသည့် စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ထိုကဲ့သို့ ရေးတတ်၊ ပြောတတ်လွန်းခြင်းကြောင့်လည်း မကျေနပ်သူများက လူ့ခွစာကြီးဟုပင် နောက်ကွယ်၌ အမည်ကင်ပွန်းတပ်ကြသည်။ သူ၏အမှန်တရားကိုချစ်မြတ်နိုးတတ်သည့်စိတ်ဓာတ်နှင့်မတရားမှု၊ မမှန်ကန်မှုအပေါ် စောဒကတက်တတ်သည့် အကျင့်များက ကျွန်တော်တို့ သူ့ကိုလေးစားရသည့်အကြောင်းရင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဆန္ဒစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အမှန်တရားကို ရဲရဲဝံ့ဝံ့တင်ပြတတ်သည့် သူ၏ စိတ္တသတ္တိကို လေးစားမိခြင်းဖြစ်သည်။

ယနေ့ကျွန်တော်တို့လူ့အဖွဲ့အစည်းကိုလွတ်လပ်မှု (Freedom)၊ ကြွယ်ဝချမ်းသာမှု (Prosperity)နှင့် ဖွံ့ဖြိုးတိုးတက်မှု (Development)ဆိုသည့် အခြေခံလူ့တန်ဖိုးခြင်းရာများဖြင့် ကြိုးပမ်းတည်ဆောက်နေကြသည်။ ထိုကဲ့သို့သော လူ့အဖွဲ့အစည်းမျိုးအောင်မြင်စွာ တည်ဆောက်နိုင်ဖို့ဆိုလျှင် အတ္တနောမတိ ကင်းကင်းဖြင့် အမှန်တရားကို ရဲရဲဝံ့ဝံ့ပြောတတ်၊ ဆိုတတ်၊ ရေးသားတတ်သော ဂျော့ဘားနတ်ရှောလို ပုဂ္ဂိုလ်မျိုးနှင့် ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာတတ်သည့် သတင်းမီဒီယာသမားကောင်းများစွာ လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့သတင်းလောက အခြေအနေ

ယနေ့အချိန်တွင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် မဟုတ်မမှန်လုပ်ကြံဖန်တီးမှုများနှင့်ပုံဖျက်ဖုံးကွယ်ထားသည့် သတင်းများက ပြည်သူများ၏ သတင်းအချက်အလက် သိရှိပိုင်ခွင့် (Right to Know)ဆိုသည့် အခြေခံအခွင့်အရေးကို အတင်းအဓမ္မရိုက်ချိုးဖျက်ဆီးနေသကဲ့သို့ တွေ့မြင်ခံစားနေရသည်။ တကယ်တမ်းပြောရလျှင် ကျွန်တော်တို့နိုင်ငံတွင် သတင်းလွတ်လပ်ခွင့်ကို အထိုက်အလျောက် ရရှိခံစားနေရပြီဖြစ်သည်။ ဤနေရာတွင် ကျွန်တော်တို့ အားလုံးသတိပြုရမည့်အချက်မှာ လွတ်လပ်ခွင့်နှင့်အတူ ဒွန်တွဲနေသည့် ကျင့်ဝတ်သိက္ခာပိုင်းပင်ဖြစ်သည်။ အထူးသဖြင့် လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ဆိုသည့် စကားလုံးကို လက်ကိုင်ပြုပြီး မဟုတ်တမ်းတရမ်းများကို ရေးသားပြောဆိုခြင်း၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရမည့်အပိုင်းကို မသိကျိုးကျွံပြုခြင်း၊ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံဖော်ပြခြင်း (Character Assassination) များကို မလွဲမသွေရှောင်ရှားကြရန် လိုသည်။

အမှန်အတိုင်းပြောရလျှင် ၂၀၁၂ ခုနှစ် စာပေစိစစ်ရေးကိုပယ်ဖျက်ပြီးသည့်အချိန်မှစ၍သတင်းမီဒီယာများ၏ ရေးသားဖော်ပြမှုအပိုင်းတွင် များစွာလွတ်လပ်ခဲ့ကြသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်ဟုပင် ပြောရလောက်အောင် သတင်းမီဒီယာလွတ်လပ်ခွင့်သည် အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာခဲ့ပေသည်။ နိုင်ငံအတွင်း ပုဂ္ဂလိက သတင်းစာပေါင်း ၃၀ ကျော်ကို ခွင့်ပြုပေးခဲ့ပြီး ၁၁ စောင် လတ်တလောထုတ်ဝေနေဆဲဖြစ်သည်။ ဂျာနယ် ၃၆၆ စောင် ခွင့်ပြုပေးထားခဲ့ပြီး ၂၁၉ စောင် ထုတ်ဝေနေဆဲဖြစ်ပါသည်။ ထို့နည်းတူ မဂ္ဂဇင်း ၂၉၅ အုပ် ထုတ်ဝေခွင့်ပြုခဲ့ပြီး လတ်တလောထုတ်ဝေနေဆဲ ၁၃၂ အုပ်ဖြစ်ပါသည်။ ထိုကဲ့သို့ ထုတ်ဝေမှုများပေးခဲ့သည့်အတွက်လည်း ကျွန်တော်တို့နိုင်ငံ၏မီဒီယာညွှန်းကိန်းမှာ အချို့သောအရှေ့တောင်အာရှနိုင်ငံများထက်ပင် ပိုမိုမြင့်မားနေသည်ကို တွေ့ကြရမည်ဖြစ်သည်။ ဤသည်မှာ အရှေ့တောင်အာရှဒေသတွင် သတင်းမီဒီယာနှင့်ပတ်သက်၍ ကျွန်တော်တို့နိုင်ငံ၏ အပေါင်းလက္ခဏာဆောင်သော ပြုပြင်ပြောင်းလဲရေးတစ်ခုပင်ဖြစ်သည်။

သို့ရာတွင် အချို့သော မီဒီယာသမားများအနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းလိုက်နာမှုအပိုင်း၌ အားနည်းချက်အချို့ရှိနေခဲ့သည်။ အချို့သော သတင်းစာတိုက်၊ ဂျာနယ်တိုက်ကြီးများသည် လူအများလက်ခံကျင့်သုံးနေသည့် သတင်းစာပညာနှင့်သတင်းသမားကျင့်ဝတ်များကို သွေဖည်ကာ ဂျာနယ်တိုက်ပိုင်ရှင်၊ သတင်းစာတိုက်ပိုင်ရှင်များ၏ ဆန္ဒသဘောထား လိုလားချက်များအတိုင်း ရေးသားဖော်ပြနေသည်ကို တွေ့မြင်နေခဲ့ရသည်။ ယင်းတို့မှာ နိုင်ငံ၏ အနာဂတ်အတွက် မည်သို့မျှ မကောင်းမွန်၊ မသင့်လျော်သည့်အခြေအနေများပင်ဖြစ်ပါသည်။ ၎င်းအစဉ်အလာကြီးသာ ဆက်လက်ရှင်သန်သွားမည်ဆိုပါက နောင်တွင် သတင်းမီဒီယာလောကအတွက် ရင်လေးစရာပင်ဖြစ်သည်။ ပုဂ္ဂလိကမီဒီယာကြီးများက ဖြစ်ပေါ်နေသည့် သတင်းမှန်သမျှကို မိမိတို့လိုသလို ပုံဖော်ဖန်တီးကာ လက်ဝါးကြီးအုပ် ခြယ်လှယ်မှုများ၊ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများ၊ အကျပ်ကိုင် ဖိအားပေးမှုများစသည့် ကျင့်ဝတ်သိက္ခာချိုးဖောက်မှုများကို လက်ရဲ ဇက်ရဲပြုလုပ်လာကြမည်ကို စိုးရိမ်ပူပန်နေမိပါသည်။

ပြည်သူ့အတွက် သတင်းစာ

ယနေ့ သတင်းမီဒီယာလောကအတွက် တင်ပြလိုသည့်စာအုပ်မှာ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရေးသားသည့် “သတင်းစာလောက” စာအုပ်ပင်ဖြစ်သည်။ ၎င်းစာအုပ်တွင် အမေရိကန်နိုင်ငံ မစ်ဇော်ရီ(Missouri တက္ကသိုလ်တွင် ကမ္ဘာ့ပထမဦးဆုံး သတင်းစာဆရာကျောင်းကိုတည်ထောင်ခဲ့သူ မစ္စတာဝေါလတာ ဝီလျံ(၁၈၆၄-၁၉၃၅)က **“ပြည်သူ့သတင်းစာဟူသည် ပြည်သူတို့၏ ယုံကြည် လွှဲအပ်ခြင်းခံရသော ပစ္စည်းဖြစ်၏ ဟူ၍လည်းကောင်း၊ သတင်းစာနှင့် မကင်းသူဟူသမျှတို့သည်လည်း တာဝန်ရှိသမျှ အစွမ်းကုန်အောင် ပြည်သူတို့၏ ယုံကြည်လွှဲအပ်ခြင်းခံရသူများဖြစ်သည်ဟူ၍လည်းကောင်း၊ ပြည်သူ့ဝန်ကို ထမ်းသော အလုပ်ထက် ယုတ်ညံ့သောတာဝန်ကို လက်ခံခြင်းသည်ပင်လျှင် ပြည်သူ့ယုံကြည်မှုကို သစ္စာဖောက်ရာကျသည်ဟူ၍လည်းကောင်း ကျွန်ုပ်ယုံကြည်သည်”** ဟု သတင်းစာဆရာလက်သုံးဝါဒအဖြစ် အာဘော်ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။ ဤသည်မှာ ယနေ့သတင်းလောကတွင် ကျင်လည်လှုပ်ရှားနေကြသည့် မီဒီယာလောကသားများအတွက် သိမှတ်စရာတစ်ခုပင်ဖြစ်သည်။

ကျင့်ဝတ်သိက္ခာ

ယနေ့အချိန်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက သတင်းမီဒီယာသမားများ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များကို ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံတကာမီဒီယာ ပံ့ပိုးရေးအဖွဲ့နှင့် ပူးပေါင်းကာ သတင်းမီဒီယာကျင့်ဝတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အင်မတန်ဝမ်းမြောက်စရာ ကောင်းလှပေသည်။ ယင်းသတင်းမီဒီယာကျင့်ဝတ်(မူကြမ်း)ကို အမျိုးသားအဆင့်ဘုံသဘောတူညီချက်ရရှိရန်အတွက်လည်း မြန်မာနိုင်ငံအနှံ့ရှိ စာနယ်ဇင်းသမားများ၊ သတင်းစာသမားများ၏ အကြံဉာဏ်များကို ရယူခဲ့သည်ဟုလည်း သိရသည်။

ယခုရေးဆွဲခဲ့သည့် မီဒီယာကျင့်ဝတ်လမ်းညွှန်သည် ဒီမိုကရေစီ ဗဟုဝါဒ ထင်ဟပ်ပြီး ယင်းဗဟုဝါဒရှင်သန်ရေးအတွက် မီဒီယာများထမ်းရွက်ရမည့်အခန်းကဏ္ဍကို မီးမောင်းထိုးပေးရန် ရည်ရွယ်သည်ဟု သိရပါသည်။ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတိုင်းရှိ မီဒီယာများအနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှု စသည့် တာဝန်များ အမှန်တကယ်ရှိနေရမည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကိုလည်း အမှန်တကယ် အာမခံချက်ပေးကြရမည်ဖြစ်သည်။

ယခုပြဋ္ဌာန်းလိုက်သည့် ကျင့်ဝတ်များသည် ယင်းတာဝန်ယူမှုများအတွက် စံချိန်စံညွှန်းများ သတ်မှတ်ပေးထားသည့်အပြင် တစ်သီးပုဂ္ဂလအခွင့်အရေးများနှင့်ပတ်သက်၍ ကာကွယ်ပေးခြင်း၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးခြင်းနှင့် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း စသည့် နိုင်ငံတကာစံနှုန်းများပါ ကိုက်ညီနေကြောင်း တွေ့ရသည်။ ယင်းမီဒီယာကျင့်ဝတ်ကို သတင်းမီဒီယာသမားတိုင်းက လေးစားလိုက်နာကြပါဟု တိုက်တွန်းလိုပါသည်။

> **ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတိုင်းရှိ မီဒီယာများအနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှု စသည့်တာဝန်များ အမှန်တကယ်ရှိနေရမည် ဖြစ်သကဲ့သို့ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကိုလည်း အမှန်တကယ်အာမခံချက်ပေးကြရမည်ဖြစ်**

ယနေ့အချိန်တွင် နိုင်ငံတိုင်းလိုလို၌ မီဒီယာနှင့်ပတ်သက်၍ အကောင်းအဆိုး၊ အကျိုးအပြစ် အမျိုးမျိုးဖြစ်ပေါ်လျက်ရှိရာ ကျွန်တော်တို့လို ဒီမိုကရေစီကူးပြောင်းခါစ နိုင်ငံများအတွက် အင်မတန်သတိထား ဆောင်ရွက်နေကြရမည့်အခြေအနေဖြစ်သည်။ ၂၀၁၄ ခုနှစ် မေ ၂၈ ရက်တွင် အင်ဒိုနီးရှား-မြန်မာ မီဒီယာဆိုင်ရာ အပြန်အလှန်ဆွေးနွေးပွဲ (BIMD)တစ်ရပ်ကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ စာနယ်ဇင်းကောင်စီ (Press Council of Indonesia) က ဆွေးနွေးခဲ့သည့် အကြောင်းအရာအချို့မှာ ကျွန်တော်တို့ မီဒီယာလောကအတွက် သတိပြုစရာ ဆင်ခြင်တွေးတောစရာများ ဖြစ်စေခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ စာနယ်ဇင်းကောင်စီက မိမိတို့နိုင်ငံ၌ သတင်းမီဒီယာလွတ်လပ်ခွင့်ကို အားလုံးနီးပါး ရရှိနေပြီးဖြစ်ကြောင်း၊ သို့သော်လည်း အခြေအမြစ်မခိုင်မာသော ဝေဖန်ချက်များ၊ မမျှတသည့် ဖော်ပြချက်များကို မကြာခဏကြုံတွေ့ခံစားနေရပါကြောင်း၊ သတင်းမီဒီယာများ၏ မဟုတ်မမှန် ပြောဆိုမှုများ၊ လုပ်ကြံလီဆယ်ချဲ့ကားပြောဆိုမှုများ၊ ဝေ့ဝိုက်ပြောဆိုမှုများကိုလည်း ခံစားနေရပါကြောင်း၊ အချို့သော အတင်းအဖျင်းသတင်းများကိုပင် သတင်းခေါင်းစဉ်တပ်ကာ ယုံကြည်မှုရှိလာစေရန် ဆောင်ရွက်နေသည်များလည်းရှိပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ကျင့်စဉ်အနေဖြင့်ကြည့်ရှုလျှင် ကောင်းမွန်နေဆဲဖြစ်သော်လည်း ယခုလောလောဆယ်တွင် မိမိတို့အတွက် ယုတ္တိတန်၊ မတန် စဉ်းစားကြရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် Freedom of the Press ၏ အဓိပ္ပာယ်ကို စတင်စဉ်းစားကြည့်ရှုရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်မှုရှိနေခဲ့ပြီးဖြစ်သော်လည်း မည်သည့်အတွက် လွတ်လပ်ချင်ခဲ့သည်ကို မေးခွန်းထုတ်ရန်လိုအပ်ပါကြောင်း၊ မည်သည့်အတွက် လွတ်လပ်ချင်သည်ဆိုသည့် မေးခွန်းကိုဖြေရလျှင် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများကို ဖော်ဆောင်ရန်နှင့် လူမှုရေးဆိုင်ရာ လိုက်လျောညီထွေတိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ပိုမိုပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သတင်းမီဒီယာများ၏ လိုအပ်ချက်အသစ်မှာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွင် မိမိတို့၏ အတွေးအမြင်များဖြင့် ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကိစ္စရပ်တော်တော်များများတွင် သတင်းစာဆရာများအနေဖြင့် မိမိတို့သိရှိနားလည်သည်ထက်ပိုမို၍ ပုံကြီးချဲ့ကား ရေးသားထုတ်ဝေနေကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ သတင်းစာဆရာများအနေဖြင့် လုပ်ရည်ကိုင်ရည်ကျွမ်းကျင်မှုထက် Freedom of the Press ဆိုသည့်အချက်သာ ဦးထိပ်ပန်ဆင်ထားပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ သတင်းစာဆရာများ၏ ကျွမ်းကျင်မှုနှင့် လုပ်ရည်ကိုင်ရည်ဆိုင်ရာ စစ်ဆေးမှုများကို စာနယ်ဇင်းကောင်စီက အတည်ပြုထောက်ခံပေးရသည့်ကိစ္စမှာလည်း ပြဿနာတစ်ရပ်ပင်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးချက်များကို လေ့လာကြည့်ခြင်းအားဖြင့် အရှေ့တောင်အာရှနိုင်ငံများထဲတွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ရှေ့မှချီတက်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ကျွန်တော်တို့ သတင်းမီဒီယာသမားများအနေဖြင့် ကောင်းစွာဆင်ခြင်ရယူနိုင်ကြမည်ဖြစ်သည်။

အောင်မြင်သော လူ့အဖွဲ့အစည်းတစ်ခု

ယနေ့ ကျွန်တော်တို့နိုင်ငံ၏ အခြေအနေကိုပြန်ကြည့်လျှင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမိုးသက်မုန်တိုင်းများကို ဒူပေနာပေခံစားရင်းရုန်းထွက်လာခဲ့သည်ဟု ပြောကြရမည်ဖြစ်သည်။ နိုင်ငံရေးအရ လွတ်လပ်မှုများရှိလာခဲ့သည့်အတွက် နေရာတိုင်းတွင် ပြောရဲဆိုရဲ၊ ပြောနိုင်ဆိုနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် အခြားတစ်ဖက်၌ ဒီမိုကရေစီနှင့် ကိုက်ညီသည့် အင်စတီကျူးရှင်းများသည် ရာနှုန်းပြည့်နီးပါး အဆင်သင့်မဖြစ်သေးသည်ကို ကျွန်တော်တို့ သတိပြုကြရမည်ထင်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် Libralization များ အားကောင်းလာသဖြင့် Institutionalization အပိုင်းများက အမီလိုက်နိုင်အောင် ကြိုးစားနေဆဲအခြေအနေပင်ဖြစ်သည်။

ဤသို့သော အခြေအနေတွင် သတင်းမီဒီယာသမားများအနေဖြင့် ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို သတ်မှတ်ပေးထားသည့် ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၉ ပါ အခွင့်အရေးကို ခံစားရရှိရန် ကြိုးစားဆောင်ရွက်နိုင်သလို အပိုဒ် ၂၉ ပါ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုကြရန် အမှန်ပင်လိုအပ်ပေသည်။ အထူးသဖြင့် လူ့အခွင့်အရေးကြေညာစာတမ်း ၂၉ တွင် ဖော်ပြထားသည့် **မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန် ဆိုသည့်အချက်ကိုလည်းကောင်း၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဆိုသည့် အချက်ကိုလည်းကောင်း** သတိပြုရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သည့် မတူကွဲပြားသည့် ရှုထောင့်အမြင်အမျိုးမျိုးကို သင့်တင့်လျောက်ပတ်စွာ မျှမျှတတ ရပ်တည်ပေးခြင်း သို့မဟုတ် ဖော်ပြပေးခြင်း၊ လူနည်းစုများ၏ ရပ်တည်ချက်နှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို မီဒီယာသမားတိုင်းက သတ်မှတ်ထားသည့်ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ လက်ရှိတည်ဆောက်နေသော မြန်မာ့လူ့အဖွဲ့အစည်းကြီး အောင်မြင်တိုးတက်စေရန်အတွက် အမှန်တရားကို ဓမ္မဓိဋ္ဌာန်ကျကျ ရဲရဲဝံ့ဝံ့ရေးသားပြောဆိုတတ်သည့် စိတ်ဓာတ်နှင့်ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာတတ်သည့် သတင်းမီဒီယာသမားကောင်းများစွာ အမှန်ပင်လိုအပ်လျက်ရှိနေပေသည်။ ။

မိုင်းယန်းမြို့နယ် တရားရုံးဖွင့်

ကျိုင်းတုံ ဇွန် ၁၃

တရားရုံးများကို နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း တရားရုံးဂုဏ်အင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရန် လုပ်ငန်းစဉ်များချမှတ်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။ အဆောက်အအုံသစ်ကို ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ချယ်ရီကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ ကျိုင်းတုံခရိုင်တရားသူကြီး ဦးဝင်းမြင့်၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်တရားသူကြီးချုပ်က တရားရုံးဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြီး ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

နာဂဒေသအတွက် ဆေးစိမ်ခြင်ထောင်များ ပေးအပ်

ခန္တီး ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေ မြို့နယ်ခွဲတွင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ငှက်ဖျားကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက ထန်ပါခွေမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ထန်ပါခွေမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဌာနမှ ဒေါက်တာ ဇော်ဝင်းထွဋ်အောင်က ငှက်ဖျားရောဂါအကြောင်း ဆွေးနွေးပြီး ဆေးစိမ်ခြင်ထောင်များကို ဒေသခံ အိမ်ခြေ ၂၁၄ အိမ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ပေးအပ်ကြောင်း သိရှိရသည်။

ချန်လော

လွှတ်တော်ရေးရာကဏ္ဍ

■ *ပြည်သူ့လွှတ်တော်မှ*

မြန်မာနိုင်ငံ လွှတ်တော်သမိုင်းကြောင်းအရ လွှတ်တော်အမတ်များ၊ ကိုယ်စားလှယ်များ၏ ဂုဏ်ထူးဝိသေသအဖြစ် ဝတ်စားဆင်ယင်ခြင်း ဖြစ်ပါကြောင်း။

ခေါင်းပေါင်း ဆောင်းထားခြင်းဖြင့် ပြည်သူလူထု၏ အမြင်ရှုထောင့်တွင် မိမိတို့ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအပေါ် နိုင်ငံအတွက် ဂရုပြုအလေးထားပြီး ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအဖြစ် သဘောထားရှိနိုင်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအပေါ်လည်း ရိုးရာအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးပြီး တာဝန်ထမ်းဆောင်နေသည့်ပုဂ္ဂိုလ်များအဖြစ်လည်း သဘောထားရှိနိုင်ပါကြောင်း။

ကျန်းမာရေးရှုထောင့်အရ ဖိအား

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ဖြေကြားစဉ်။ (သတင်းစဉ်)

ကြောင့် တင်းကျပ်မှု၊ အခိုးအငွေ့ ပိတ်မှု၊ ခေါင်းငြီးစီမှု၊ ဆံပင်ကျွတ်မှုများ ရှိနိုင်သော်လည်း ခေါင်းပေါင်းပေါင်းခြင်းသည် ကိုယ်ခန္ဓာပျက်စီးဆုံးရှုံးပြီး ရောဂါဖြစ်စေနိုင်သည့် အတိုင်းအတာတစ်ခု မဟုတ်ပါကြောင်း၊ ခေါင်းပေါင်းသည် နိုင်ငံနှင့်လူမျိုးတို့၏ သွင်ပြင်လက္ခဏာ၊ ဝိသေသလက္ခဏာ၊ ပြယုဂ်ဖြစ်ခြင်းကြောင့် မူလအတိုင်းထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျန်းမာရေးမြှင့်တင်မှုကော်မတီမှ ဒေါက်တာမောင်မောင်ဝင့်က **"မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ယခု တင်သွင်းသည့် ဥပဒေကြမ်းသည် အခြေအနေနှင့် အချိန်အခါအရ အရေးတကြီးလိုအပ်နေသောကြောင့် လွှတ်တော်က လက်ခံဆွေးနွေးရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးပြီး ကျန်းမာရေးဝန်ကြီးဌာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံ

ကျန်းမာရေး မြှင့်တင်မှုကော်မတီမှ ဒေါက်တာမောင်မောင်ဝင့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဆေးကောင်စီဥပဒေကြမ်းကို ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ရေးဆွဲခြင်းသည် အလွန်တရာသင့်မြတ်ပါသဖြင့် ဝန်ကြီးဌာနအနေဖြင့် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာ ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✳ *အမျိုးသားလွှတ်တော်မှ*

အဖွဲ့ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အဆိုပြုတင်ပြ တန်ဖိုးအနည်းဆုံးဖြစ်ခြင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း၊ ကုမ္ပဏီဖွဲ့စည်းမှုအင်အား၊ ယန္တရားအင်အားနှင့် လုပ်ငန်းအတွေ့အကြုံရှိမှုတို့ အပေါ်မူတည်၍ စိစစ်ရွေးချယ်ခဲ့ပါကြောင်း။

တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုရာတွင် သတ်မှတ်ပုံစံနှင့်စံချိန်စံညွှန်းများ၊ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမည့်ကာလအတွင်း လုပ်ငန်းများအချိန်မီ မပြီးစီးပါက ဒဏ်ကြေးငွေပေးဆောင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီး၍ စာချုပ်ပါ သတ်မှတ်ကာလအတွင်း ပျက်စီးမှုဖြစ်ပေါ်ပါက ကုမ္ပဏီမှတာဝန်ယူပြုပြင်ရန်တို့ကို ထည့်သွင်းချုပ်ဆိုထားပါကြောင်း။

လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအရည်အသွေးကောင်းမွန်ရေးနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးရန်အတွက်

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ခြင်းမရှိပါက ပြန်လည်ပြင်ဆင်စေခြင်း၊ အသစ်ပြန်လည်ဆောင်ရွက်စေခြင်းတို့ဖြင့် လုပ်ငန်းအရည်အသွေးကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်စေပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက အနီးကပ်စစ်ဆေးကြီးကြပ်ကြပါကြောင်း။

မေးခွန်းတွင်ပါဝင်သော အင်ပူ-ညောင်ကျိုးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ရုံးချုပ်နှင့် တိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များဖြင့် (၅) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးစဉ် လမ်းအရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လုပ်ငန်းအပြီးသတ်ပြုပြင်ဆောင်ရွက်ပြီးစီး၍ ဒေသအဖွဲ့အစည်းများ၏ ထောက်ခံချက်ရရှိမှ ထုတ်ယူရန်ကျန်ငွေကျပ် (၇၀ ဒသမ ၅၇)သန်းကို ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကို ပြုပြင်ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ကုမ္ပဏီအားခေါ်ယူဆွေးနွေးပြီး သတ်မှတ်ချက်မကိုက်ညီမှုများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် အနီးကပ်ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကုန်ကျစရိတ်ကို

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကုမ္ပဏီမှကျခံစေခဲ့ပါကြောင်း။

ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်မီ မပြီးစီးခြင်း၊ လုပ်ငန်းအရည်အသွေးမပြည့်မီခြင်းတို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများတွင် အိတ်ဖွင့်တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုဘဲ စာချုပ်ပါ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ၊ ကန်ထရိုက်စာချုပ်နှင့် သဘောတူစာချုပ်များ၏ ဥပဒေများအတိုင်း ကုမ္ပဏီအား အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ရှင်းလင်းဖြေကြားရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ဂန့်ဂေါမြို့နယ် ကျောကျေးရွာ (အ.ထ.က) ကျောင်းသစ် လက်စသတ်နိုင်ရန်အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင် ပေ (၁၇၀ × ၃၀) အပြီးသတ်ဆောက်လုပ်နိုင်ရန် ၂၀၁၄-၂၀၁၅ သာမန်အသုံးစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှဦးအောင်ငြိမ်း၏ **"မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာ အလယ်တန်းကျောင်းတွင် အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ် ၃၂၄ သိန်းအား ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

❊ *ရှေ့ဖုံးမှ*

ကြိုးလိုင်းများပေါ်သို့ အပင်များပြိုလဲပိကျခြင်း၊ **(အောက်ပုံ)** ပုလုံးတုံးတုံးကျေးရွာသို့ ဆက်သွယ်ထားသည့် ပင်လယ်ဖြတ်ကူး သစ်သားတံတား လက်ရန်းများ ပြုတ်ထွက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု ကံပုံမာတန်းကျေးရွာ ပင်လယ်ကမ်းစပ်ရှိ ပင်လယ်ရေလုပ်သားများနေထိုင်သည့် နေအိမ်လေးလုံးပြိုကျခြင်း၊ ရေဆင်းသစ်သားတံတားငယ်နှစ်စင်း ပြိုကျခြင်းတို့ကို ကျေးရွာမှရရှိသည့် တယ်လီဖုန်းသတင်းအရ သိရသည်။ အဆိုပါဖြစ်စဉ်များအတွင်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ၊ မြို့နေပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီပြင်ဆင်မှုကြောင့် ဓာတ်အားလိုင်းများ ခေတ္တသာ ပြတ်တောက်ခဲ့ပြီး ဖုန်းလိုင်းများပြတ်တောက်ခြင်းမရှိဘဲ ပျက်စီးဆုံးရှုံးမှုအနည်းငယ်မျှ ဖြစ်ပေါ်ခဲ့သည်မှလွဲ၍သေဆုံးမှုမရှိကြောင်း သိရသည်။

နွားနောက် (Nanauk) မုန်တိုင်းသည် မြန်မာနိုင်ငံမှ အမည်တပ်ခဲ့ပြီး အာရေဗျပင်လယ်တွင် ၂၀၁၄ ခုနှစ်အတွင်း ဒုတိယမြောက်ဖြစ်ပေါ်လာသည့် မုန်တိုင်းဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့် အာရေဗျပင်လယ်အော်တို့သည် ဆက်စပ်နေသဖြင့် အဆိုပါမုန်တိုင်း၏အရှိန်သည် မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းဒေသများသို့ ထပ်မံသက်ရောက်လာနိုင်သည်ဖြစ်ရာ ဒေသတာဝန်ရှိအဖွဲ့အစည်းများက ကော့သောင်းမြို့ ပင်လယ်ကမ်းစပ်များတွင် နေထိုင်သည့်ပြည်သူများ၊ ပင်လယ်ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းရေယာဉ်များအား သတိထားနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဥပဒေကြမ်းများ ပြင်ဆင်ချက်စည်းဝေး

နေပြည်တော် ဇွန် ၁၃

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရုံး၌ ကျင်းပရာ အစိုးရ၏ အာမခံချက်များ၊ ကတိများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ လွှတ်တော်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများက ဥပဒေကြမ်းအပေါ်တွင် ဖြစ်သင့်သည်များကို ဆွေးနွေးကြပြီး ဥပဒေကြမ်းတွင် ပြင်ဆင်ချက်ထည့်သွင်း၍ လွှတ်တော်တွင် တင်ပြသွားမည်ဖြစ်သည်။

ထို့အတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို စိစစ်သည့်အစည်းအဝေးကို ကျင်းပရာ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များက ဥပဒေကြမ်းကို ပုဒ်မတစ်ခုခြင်းစီ စိစစ်ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

(၂)တွင် အခန်းတွဲလေးထပ်အဆောက်အအုံ ၁၆ လုံး၊ အခန်းပေါင်း ၅၁၂ ခန်းနှင့် ရွှေလင်ပန်းအပိုင်း(၃) တွင် ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ ၂၁ လုံးအခန်းပေါင်း ၅၀၄ ခန်းတို့ကို တည်ဆောက်လျက်ရှိရာ ရွှေလင်ပန်းအပိုင်း(၁)(၂)(၃)အိမ်ရာအဆောက်အအုံများပြီးစီးပါက အိမ်ခန်းပေါင်း ၁၅၉၂ ခန်းရရှိလာမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ဧရာဝဏ်-ရတနာအထပ်မြင့်စီမံကိန်း ၂၄ ခန်းတွဲ ၁၈ ထပ် တိုက်ပေါင်း ၄၉ လုံးကိုလည်း တည်ဆောက်လျက်ရှိရာ အိမ်ခန်းပေါင်း ၁၆၇၈၄ ခန်းရရှိလာမည်ဖြစ်သည်။

"ဒီလို အိမ်ရာတွေတည်ဆောက်ပြီး အခန်းတွေအများကြီး ထွက်ပေါ်လာပေမယ့် ကျွန်မတို့လို ဝန်ထမ်းတွေရော ဝင်ငွေနည်းတဲ့အလုပ်သမားတွေအတွက်ပါ အဲဒီတိုက်ခန်းခတွေ ဈေးများရင် ဝယ်နိုင်ဖို့မလွယ်ပါဘူး၊ အရစ်ကျစနစ်နဲ့ဆိုရင်လည်း တစ်ရစ်ချင်းအလိုက်ပေးသွင်းမှုနည်းမှ ဝယ်နိုင်မှာပါ"ဟု သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်သိန်းဝင်းက ပြောကြားသည်။

အိမ်ရာတိုက်ခန်းများကို မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် တည်ဆောက်ရန်ရှိနေပြီး မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီး ၅၆ မြို့တွင် အိမ်ရာတိုက်ခန်းများ တည်ဆောက်သွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြနန္ဒာရပ်ကွက်တွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အကူအညီဖြင့် တိုက်ခန်းပေါင်း ၁၇၂၈ ခန်းရရှိမည့် လူနေတိုက်ခန်းများတည်ဆောက်လျက်ရှိသည်။

(မြန်မာ့အလင်း)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ပြည်တွင်းသတင်း

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ လူဝင်မှုလုပ်ငန်းအဆင်ပြေစေရန် ဆိုက်ရောက်ပီဇာထုတ်ပေးနိုင်ရေး ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးစခန်း နယ်မြေတာဝန်ခံများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ စစ်တွေမြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖ ကိုယ်စားလှယ်များနှင့် ရခိုင်ကွန်ရက် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မကြာမီ တိုးချဲ့ဆောင်ရွက်မည့် e-visa အကောင်အထည်ဖော်မည့် အခြေအနေများတွင် ရခိုင်ပြည်နယ်အတွင်း အထောက်အကူပြုပေးနိုင်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများက ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ အကဲဥပဒေနှင့် သိသင့်သိထိုက်သည့် ဥပဒေ၊ မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားအမိပ္ပာယ်ဖွင့်ဆိုချက်များ၊ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ရခိုင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေ၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ကို နိုင်ငံသားစိစစ်ရေးလုပ်ငန်း စမ်းသပ်နယ်မြေအဖြစ် သတ်မှတ်ပြီး ဇွန်လနောက်ဆုံးပတ်ကို နောက်ဆုံးထား၍ ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေနှင့် အစီအမံများ၊ ယင်းအစီအမံများအရ ကြိုတင်ပြင်ဆင်မှုအပိုင်းနှင့် လုပ်ဆောင်မှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ လူဝင်မှုလုပ်ငန်း အဆင်ပြေစေရေးအတွက် ဆိုက်ရောက်ဗီဇာထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများအား အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ မကြာမီ တိုးချဲ့ဆောင်ရွက်မည့် e-visa အကောင်အထည်ဖော်မည့် အခြေအနေများတွင် ရခိုင်ပြည်နယ်အတွင်း အထောက်အကူပြုပေးနိုင်မည့် အခြေအနေများ၊ မိုးပွင့်စီမံချက်အရ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှုများ၊ မိုးပွင့်(၆)စီမံချက် ပြန်လည်စတင်သည့် အခြေအနေများ၊ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးမည့် Door To Door စနစ်အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့မိမြို့ဖများက မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေးနှင့် ထူးချွန်ဆုများပေးအပ်

နေပြည်တော် ဇွန် ၁၃

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် ဝန်ထမ်းမိသားစုများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ ထူးချွန်ကျောင်းသားကျောင်းသူများနှင့် ဆုရ မြန်မာ့ရိုးရာ မဟာသင်္ကြန်ယိမ်းအဖွဲ့အား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အခြေခံပညာအထက်တန်း စာမေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ထူးချွန်စွာ အောင်မြင်ခဲ့ကြသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အနာဂတ်တွင် နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့် ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်လာအောင် မိမိကိုယ်မိမိ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြားလိုကြောင်း၊ ထို့အတူ ၂၀၁၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် သတ္တမဆုရရှိခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန သမီးပျိုများယိမ်းအဖွဲ့အားလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားပြီး မူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်ထိ ပညာသင်ထောက်ပံ့ကြေးနှင့်ကျောင်းသုံး စာရေးကိရိယာများနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

လူနေမှုပုံစံမြှင့်စံပြကျေးရွာဖြစ်မြောက်ရေးသင်တန်းဖွင့်

သံဖြူဇရပ် ဇွန် ၁၃

သံဖြူဇရပ်မြို့နယ် ကျုံကဒတ် အထက ကျောင်း၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ပြီး ကျေးရွာနေ အမျိုးသမီးရေးရာအဖွဲ့ဝင်များကိုယ်တိုင် စွမ်းဆောင်သည့် ကျေးရွာဗဟိုပြု အမျိုးသမီးများ၏ လူနေမှုပုံစံမြှင့်စံပြကျေးရွာဖြစ်မြောက်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာဒေါ်အေးမြလွင်က သင်တန်းနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းပြီး သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ပေးအပ်သော အသင်းဝင်အဆိုပြုလွှာများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လက်ခံခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ သင်တန်းသူများအား သင်တန်းအထောက်အကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းကို ဇွန် ၈ ရက်မှ ၁၃ ရက်အထိ သံဖြူဇရပ်မြို့နယ် ပဒိုင်လေးဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

(ပြည်နယ် ပြန်/ဆက်)

သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ပြည်သူပါဝင်မှ အောင်မြင်မည်

နေပြည်တော် ဇွန် ၁၃

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (KOICA) တို့ ပူးပေါင်းစိုက်ပျိုးထားသော စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးပြီး ချောင်းရှည်ကျေးရွာအနီးရှိ KOICA ရှင်းလင်းဆောင်၍ ဒေသခံများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသသည် မိုးရွာသွန်းမှုနည်းပါးသည့်အပြင် မြေဆီဩဇာခန်းခြောက်သဖြင့် သစ်ပင်များ ရှင်သန်အောင် စိုက်ပျိုးရန် အလွန်ခက်ခဲပါကြောင်း၊ ယခု တွေ့မြင်နေရသည့် စိုက်ခင်းကို KOICA ၏ ရန်ပုံငွေအကူအညီဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ယခုလိုအောင်မြင်ကြီးထွားလျက်ရှိသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါကြောင်း၊ ယခင်က လွင်တီးခေါင်နေရာဖြစ်ခဲ့သော်လည်း ယခုအခါ မြေအပေါ်ယံလွှာကို သစ်ပင်များ ကာကွယ်ဖုံးအုပ်ထားသဖြင့် မြေအစိုဓာတ်များ ရရှိလာကာ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုမရှိတော့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ခင်းများမှ ကျပ်နေသောအပင်များ ခုတ်ပေးခြင်း၊ ပင်ပူးခွာ ကိုင်းချိုင်ခြင်းမှ ထွက်ရှိလာမည့် ထင်းများကို ဒေသခံများ အလွယ်တကူ ရရှိသုံးစွဲနိုင်ကြောင်း၊ ထို့အပြင် ချောင်းရှည်ရွာသည် စံပြရွာတစ်ရွာဖြစ်သဖြင့် ထင်းအစားထိုးလောင်စာအသုံးပြုခြင်း၊ ထင်းသုံးစွဲမှုကို ၄၀ ရာခိုင်နှုန်း သက်သာစေသော စွမ်းအားမြင့်မီးဖိုများ သုံးစွဲခြင်းကို အခြားကျေးရွာများအတွက် စံနမူနာပြဖြစ်စေရန် ဆောင်ရွက်စေလိုပါကြောင်း ရှင်းလင်းပြောကြားပြီး စွမ်းအားမြင့်မီးဖိုအလုံး ၅၀ ကို ကျေးရွာသူ ကျေးရွာသားများထံ ဝေငှပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက စွမ်းအားမြင့်မီးဖို အလုံး ၅၀ ကို ကျေးရွာသူ ကျေးရွာသားများအား ဝေငှပေးစဉ်။
(သတင်းစဉ်)

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ ကမ္ဘာ့နီကျေးရွာနှင့် ရေတွင်းညောင်ပင်ကျေးရွာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါ ကျေးရွာနှစ်ရွာသို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်များ ပေးအပ်ခဲ့သည်။

ကမ္ဘာ့နီဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံကိန်းသည် ဂျပန်နိုင်ငံ JIFPRO အဖွဲ့၏ ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၇၂၉၆ ဒေါ်လာဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ စိုက်ခင်း ဧက ၃၀၀ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းမှ ဒေသခံပြည်သူလူထုအတွက် သစ်နှင့်ထင်း ထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စွမ်းအားမြင့် အေဝမ်းမီးဖို အလုံး ၂၀၀ ကို ကျေးရွာသူ ကျေးရွာသားများသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာအနီးရှိ JICA ရှင်းလင်းဆောင်၌ ကျင်းပသည့် ထင်းစိုက်ခင်းများကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ကျေးလက်နေ ပြည်သူများအတွက် အိမ်တိုင်/ခြံတိုင်၊ လယ်ယာသုံး ကိရိယာများနှင့် လောင်စာထင်း ရရှိနိုင်စေရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုပေးလျက်ရှိသည့် အပြင် ကျေးရွာသုံး ထင်းစိုက်ခင်းများကိုလည်း သတ်မှတ်ကာလ ငါးနှစ်ပြည့်သည့်အခါ ဒေသခံပြည်သူများ ကိုယ်တိုင် စီမံအုပ်ချုပ် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် လွှဲပြောင်းပေးလျက်ရှိသည်။ လွှဲပြောင်းပေးအပ်သည့် စိုက်ခင်းများကို ရေရှည်စီမံအုပ်ချုပ်ထုတ်လုပ်သုံးစွဲရေးအတွက် ကျေးရွာထင်းစိုက်ခင်းစီမံအုပ်ချုပ်မှု စီမံချက်ကို စနစ်တကျရေးဆွဲပြီး စီမံချက်ပါလုပ်ငန်းစဉ်များအတိုင်း တိုင်၊ မျောနှင့် ထင်းလိုအပ်ချက်များကို ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

ကျေးရွာသုံးစိုက်ခင်းများ လွှဲပြောင်းလက်ခံရရှိသည့် ကျေးရွာ ငါးရွာမှ လူထုကိုယ်စား လက်ပံတဲကျေးရွာ အုပ်ချုပ်ရေးမှူးက မိမိတို့ကျေးရွာပတ်ဝန်းကျင်ရှိ ယခုလွှဲပြောင်းပေးသည့် ကျေးရွာသုံးစိုက်ခင်းများ စိုက်ပျိုးပြီးစီးသည့် နောက်ပိုင်းကာလတွင် ပတ်ဝန်းကျင် ပိုမိုစိမ်းလန်းစိုပြည်လာပြီး ယခင်က မတွေ့ရှိရသော ယုန်နှင့် ကျေးငှက်သာရကာများ ပေါများလာသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် မိုးခေါင်ခြောက်သွေ့သည့် အညာဒေသတွင် ကျွဲနွားအစာရေစာ ရှားပါးသော်လည်း ယခုအခါ စိုက်ခင်းများမှ အလွယ်တကူရရှိနိုင်ခြင်း၊ စိုက်ခင်းများ ကြီးထွားလာသည်နှင့်အမျှ မိုးလေဝသ ပိုမိုမှန်ကန်လာပြီး သီးနှံများအထွက်တိုးလာခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရပါကြောင်း၊ ရေရှည်ခံစားနိုင်အောင် ဌာနဝန်ထမ်းများနှင့်လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇီးအိုကျေးရွာသို့ ထင်းစိုက်ခင်း ၅၄၃ ဒသမ ၇၈ ဧကကိုလည်းကောင်း၊ လက်ပံတဲကျေးရွာသို့ ၇၈၇ ဒသမ ၃ ဧကကိုလည်းကောင်း၊ အောင်သာကျေးရွာသို့ ၃၄၄ ဒသမ ၅ ဧကကိုလည်းကောင်း၊ ညောင်ကြီးကျေးရွာသို့ ၇၀ ဒသမ ၂ ဧကကိုလည်းကောင်း၊ ချောက်ကန်ကျေးရွာသို့ ၄၁ ဧကကိုလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြေသင်းတွင်းကျေးရွာ အလယ်တန်းကျောင်းခွဲရှိ ပတ်ဝန်းကျင်ထိန်းထိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လှူဒါန်းသည့် သစ်စိမ်းမြေကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အလားတူ ဇီးအိုကျေးရွာ၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဖောက်လုပ်ပေးထားသော ချောက်ကန်-ဇီးအို-ရွာသာအေး ကျေးလက်ဖွံ့ဖြိုးရေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဇီးအို-ချောက်ကန်-ရွာသာအေး ကျေးလက်ဖွံ့ဖြိုးရေး လမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ငါးမိုင် လေးဖာလုံ ရှည်လျားပြီး ဇီးအိုကျေးရွာ၊ ချောက်ကန်ကျေးရွာနှင့် ရွာသာအေး ကျေးရွာတို့ကို ဆက်သွယ်သွားလာရန် ဖောက်လုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးကဏ္ဍမြင့်မားတိုးတက်လာစေရန် ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဇွန် ၁၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍတွင် အဓိကကျသည့် အရည်အသွေးမူဘောင်နှင့်အညီ ပီပီပြင်ပြင်ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ အလားတူစီမံခန့်ခွဲမှုအပိုင်းတွင်လည်း တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုပုံစံ ပြောင်းလဲရန်လိုအပ်လာပါကြောင်း၊ ယင်းသို့ပြောင်းလဲရာတွင် မိမိတို့၏အရည်အသွေးကို တိုးတက်လာစေရန် ဆောင်ရွက်ထားကြရန် လိုပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း အပြိုင်အဆိုင်တိုးတက်မှုနှုန်း မြင့်မားတိုးတက်လာစေရန် လုပ်ဆောင်သင့်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍ၏ အခြေခံအဆောက်အအုံကောင်းများ ပေါ်ပေါက်လာစေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ကြွယ်ဝလာစေရေးအတွက် အစွမ်းကုန်အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးကိုမြှင့်တင်ပေးရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ မြို့နယ်အလိုက် မိမိတို့မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းထားရန်အတွက် အလေးဂရုပြုဆောင်ရွက်သွားကြရန် လိုပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့လုပ်ငန်းခွင်တွင် ပျော်ရွှင်ချမ်းမြေ့မှုရရှိစေရန် လိုအပ်သည့်အတွက် အသေးစိတ်လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတသော အခွင့်အရေးကောင်းများကိုရရှိစေရန် ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း။

စစ်တွေကောလိပ်အဆင့်မှ ယခုတက္ကသိုလ်အဆင့်အထိ ဖြတ်သန်းလာခဲ့သည့်နှစ်ကာလများ၌ ပညာတတ်အရေအတွက် မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များစွာ ပိုမိုများပြားလာစေရန် မွေးထုတ်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရန်အတွက် ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦး သုံးဖလှယ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။**(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အနေဖြင့် ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း လာရောက်ကြခြင်းမှာ ပြည်နယ်အတွင်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအခွင့်အလမ်းများကို တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ပေးနိုင်စေရန် ရည်ရွယ်လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့လာရောက်ရာတွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် အလားအလာကောင်းများ ရှိနေသည်ကို တွေ့မြင်ရပါကြောင်း၊ ရေသယံဇာတအရင်းအမြစ်၊ စွမ်းအင်ဆိုင်ရာအရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုနိုင်စေရန်အတွက် ဒေသခံများအနေဖြင့် ပညာကောင်းမွန်စွာ တတ်မြောက်ထားကြရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ပညာများကို သင်ကြားရာတွင် ဘာသာရပ်အလိုက် ချဉ်းကပ်သင်ကြားရာ၌ စိတ်ပါဝင်စားစွာ သင်ကြားလေ့ကျင့်ကြရန် လိုအပ်ပါကြောင်း။

မည်သည့်ဘာသာရပ်တွင် မဆို စိတ်ပါဝင်စားစွာဖြင့် ကြိုးစားသင်ယူကာ တတ်မြောက်အောင်မြင်ကြပြီး အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်စေရေးအတွက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအနေဖြင့် ပိုမိုပျော်ရွှင်ကောင်းမွန်စေမည့် အခြေအနေကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရေးအတွက် အစွမ်းကုန်တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဟု စဉ်းစားလျက်ရှိပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ရခိုင်ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ယခုစစ်တွေတက္ကသိုလ်ခန်းမအတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတွင် တာဝန်ရှိနေသည်ကို မမေ့လျော့စေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာပြောင်းလဲရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများက မိမိတို့၏လိုအပ်ချက်များ၊ လိုလားချက်များနှစ်စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဘဏ်၏ချေးငွေအကူအညီဖြင့် လယ်ယာထွက်ကုန်တိုးတက်ထုတ်လုပ်နိုင် စားရေရိက္ခာဖူလုံမှုကို ထိရောက်စွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်

နေပြည်တော် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယမန်နေ့နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့ဘဏ် (World Bank) အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Paul van Hofwegen နှင့် Senior Agricultural Economist, Sustainable Development Unit မှ Mr. Sergyi Zorya တို့ပါဝင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ အတိုးနှုန်းသက်သာသော စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍ **ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project)** များကို လာရောက်ဆွေးနွေးသည်။ **(ယာပုံ)**

ကမ္ဘာ့ဘဏ် (World Bank) က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်အရ လိုအပ်လျက်ရှိသောလုပ်ငန်းများတွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်နှင့်ညီညွတ်စွာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအတွက် ရေရှည်နှင့်လက်ငင်း အကျိုးကျေးဇူးရရှိနိုင်သော ဦးစားပေးလုပ်ငန်းနေရာများ ရွေးချယ်မှုနှင့် ဒေသတွင်း ရေရှည်စားရေရိက္ခာဖူလုံရေးမျှော်မှန်းချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရည်မှန်းချက်များအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ထိထိရောက်ရောက် တိုးတက်ထုတ်လုပ်နိုင်မည့် နယ်မြေဒေသများ ရွေးချယ်လျာထားမှု အခြေအနေများနှင့် မူလဆွေးနွေးညှိနှိုင်းထားသည့် ချေးငွေအသုံးပြုမည့် ဦးစားပေးစီမံကိန်း လုပ်ငန်းများတွင် ပြင်ဆင်ပြောင်းလဲရန်ရှိမရှိ အခြေအနေများပေါ်တွင် သိရှိလိုသည်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်(World Bank) အနေဖြင့် မိမိတို့နိုင်ငံတော်အစိုး၏ လယ်ယာကဏ္ဍအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်အားပေးသည့်အနေဖြင့် ယခုကဲ့သို့ချေးငွေအကူအညီများပေးအပ်ရန် တက်တက်ကြွကြွ အားပေးကမ်းလှမ်းဆွေးနွေးလာမှုများအား ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း။

မူလက ကမ္ဘာ့ဘဏ်မှ ပညာရှင်များအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပညာရှင်များအကြား ဦးစားပေးနယ်မြေအလိုက် ကွင်းဆင်းစိစစ်ရွေးချယ်သတ်မှတ်ထားရှိပြီး လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညှိနှိုင်းထားရှိချက်များသည်ကုလသမဂ္ဂ၏ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး ရည်မှန်းချက်နှင့် ကိုက်ညီစွာ အခြေခံစိုက်ပျိုးထုတ်လုပ်ကြသော ကျေးလက်နေတောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေး ရည်မှန်းချက်များနှင့်ကိုက်ညီစွာ ရွေးချယ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်း၏စားရေရိက္ခာဖူလုံရေး (Food Security) ရည်မှန်းချက်နှင့်လည်း ကိုက်ညီစွာဖြင့် မကြာမီထပ်မံတိုးတက်လာမည့် နိုင်ငံတော်လူဦးရေအရ စာရေရိက္ခာလိုအပ်ချက်၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော စားရေရိက္ခာ အခက်အခဲပြဿနာကို အထောက်အကူဖြစ်စေရေးအတွက် အဓိကစားသုံးသီးနှံဆန်စပါးကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် ဆည်ရေသောက်စနစ်များ တည်ဆောက်ထားပြီးဖြစ်သော နယ်မြေဒေသများကို ဦးစားပေးအကောင်အထည်ဖော်ရန် နှစ်ဖက်ပညာရှင်များအနေဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေအကူအညီအားဖြင့် လယ်ယာထွက်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် စားရေရိက္ခာဖူလုံမှုကို ထိရောက်စွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် ထိုဒေသနေဆင်းရဲနွမ်းပါးနေကြသော ဝင်ငွေနည်းသည့်အခြေခံ တောင်သူလယ်သမားများအတွက် ဝင်ငွေနှင့်လူနေမှုဘဝကို လက်တွေ့တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေအကူအညီဖြင့်ဆောင်ရွက်ရန် ရွေးချယ်ထားသော လုပ်ငန်းအားလုံးသည် နိုင်ငံတော်၏ နှစ်စဉ်နှင့် ကာလတို၊ ကာလရှည် လယ်ယာကဏ္ဍဆိုင်ရာ အမျိုးသားစီမံကိန်းများနှင့်လည်း ကိုက်ညီစွာ ရွေးချယ်ဆောင်ရွက်ထားခြင်းပင်ဖြစ်ပါကြောင်း။

၎င်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ပညာရှင်များ၏ နိုင်ငံတကာစံချိန်စံညွှန်း အတွေ့အကြုံများနှင့် လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအား အထောက်အကူ ရရှိစေနိုင်မည်ဖြစ်သည့်အပြင်နိုင်ငံနှင့်အဝန်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ပထမအဆင့် ယခုစီမံကိန်းမှရရှိလာမည့် အတွေ့အကြုံသင်ခန်းစာ၊ စံနမူနာကောင်းများကိုအခြေခံ၍ ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာနှင့် အထောက်အပံ့အကူအညီများကို ဆက်လက်၍ တိုးတက်ကူညီဆောင်ရွက်ပေးသွားမည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် ဘက်စုံထောင့်စုံမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် အခြေခံဦးစားပေးလုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရွေးချယ်ထားသော **"မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအထောက်အပံ့စီမံကိန်း"** အပေါ်တွင် နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများနှင့် ကိုက်ညီစွာဖြင့်လည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိရန်အတွက် လည်းကောင်း၊ ငွေကြေးသုံးစွဲမှုအပေါ်တွင် လေလွင့်ဆုံးရှုံးမှုလုံးဝမရှိစေရန် စနစ်တကျ အကျိုးရှိစွာဖြင့် အထိရောက်ဆုံးသုံးစွဲပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ဖက်ပညာရှင်များအကြား ဆက်လက်နီးကပ်စွာဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အတူ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်၊ တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက်ခိုင်မာသည့် သဘော်သီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်း၊ ငရုတ်ရှည်သီးနှံစိုက်ခင်း၊ စပ်မျိုးခရမ်းသီးစိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်းနှင့် စင်တင် ဘူးသီးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် တောင်သူပညာပေး ငွေချည်(၈)ဝါ သီးနှံစိုက်ခင်းများသို့လည်းကောင်း၊ တစ်ဧက တန်(၈၀) အထက် ထွက်ရှိသည့် အိန္ဒိယနည်းပညာဖြင့် တစ်ဆစ်ချင်းစီပျိုးထောင်စိုက်ပျိုးထားသော တောင်သူပညာပေး ကြံစိုက်ခင်းများအားလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နယူးဇေရာကုမ္ပဏီ၏ Net House ပိုက်ကွန်စနစ်တွင် တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားသော အော်ဂဲနစ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကိုလည်းကောင်း၊ မြန်မာနယူးဇေရာကုမ္ပဏီ၏ ခေတ်မီအအေးခန်းစနစ်ဓာတုကင်းလွတ် သစ်သီးဝလံအရောင်းပြခန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများအား မြန်မာနိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နိုင်ငံတကာဈေးကွက်များသို့ ထိထိရောက်ရောက်ဈေးကွက်ရှာဖွေတင်ပို့ရောင်းချနိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်းစီးပွားဖြစ် စိုက်ကွင်းများ ထူထောင်အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် တောင်သူများလက်ဝယ်သို့ မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လွယ်လင့်တကူရောက်ရှိအောင် ဖြန့်ဖြူးပေးပြီး စီးပွားဖြစ်ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) ဆောင်ပုဒ်နှင့်အညီ ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ကွင်းကြီးများကို ထူထောင်အကောင်အထည်ဖော်ရေး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေး ယူနီဆက်ဖ်မြန်မာ ထုတ်ပြန်

ရန်ကုန် ဇွန် ၁၃

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့ကို ဇွန် ၁၂ ရက်နေ့ ရွေးချယ်သတ်မှတ်ထားကြောင်းသိရသည်။ ကလေးများအလုပ်လုပ်ရခြင်းအကြောင်းမှာ ဆင်းရဲမှုအဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ကလေးများလုပ်နေရသော အလုပ်တချို့မှာ အန္တရာယ်ရှိကြပြီး၊ တချို့မှာလည်းအန္တရာယ်မရှိသည့်တိုင် အလုပ်လုပ်နေရသောကလေးများအဖို့ ကျောင်းတက်ရန်၊ ကစားရန် အခွင့်အရေးနည်းပါးသွားပြီး အရွယ်နှင့်မမျှသော စိတ်ဖိစီးမှုဒဏ်ကို ခံစားရကြောင်း။ ထို့ကြောင့်ကလေးအလုပ်သမားများ နောက်ထပ်မဖြစ်လာစေရေး လုပ်ဆောင်ကြိုးပမ်းသင့်ကြောင်းကို ယူနီဆက်ဖ်မြန်မာက ထုတ်ပြန်ခဲ့သည်။

ဒီမွန်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အာဆီယံသွေးလွန်တုပ်ကွေးနေ့

"အာဆီယံနိုင်ငံများပေါင်းစည်းလို့ သွေးလွန်တုပ်ကွေးတိုက်ဖျက်စို့"

" ASEAN Unity and Harmony "

၂၀၁၄ ခုနှစ် ဇွန်လ (၁၅)ရက်

ကျန်းမာရေးဝန်ကြီးဌာန

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနှင့်အင်ဒိုနီးရှား ယှဉ်ပြိုင်ခဲ့စဉ်။

✳ *ကျောဖုံးမှ*

အာရှခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဇင်မိုး၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အမည်မသိ အမျိုးသမီးအလောင်း ၁၀ ရက်ကြာသည့်တိုင် ပိုင်ရှင်ပျောက်နေဆဲ

ပုဏ္ဏားကျွန်း ဇွန် ၁၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မြောက်ဘက် စမြုံတော်ဓာတ်စေတီခြေရင်းရှိ သိမ်တော်ရင်ပြင်တွင် ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီက အမည်မသိအမျိုးသမီးတစ်ဦးသေဆုံးနေကြောင်း သတင်းအရ မြို့မရဲစခန်းမှ တာဝန်မှူးနှင့် အခြားတာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ အသက် ၂၀ ဝန်းကျင်ရှိ အမျိုးသမီးငယ်တစ်ဦး မှောက်လျက်သေဆုံးနေကြောင်း တွေ့ရသည်။

သေဆုံးသူမှာ အဝါရောင်ဆေးဆိုးထားခြင်း၊ ဆွဲသားဘောင်းဘီရှည်အစိမ်းရောင်ဝတ်ဆင်ထားခြင်း၊ အင်္ကျီအဖြူရောင်ဖြစ်ပြီး အလောင်းဘေး၌အဆိပ်ဟုထင်ရသော အရာဝတ္ထုနှင့်ရေသန့်ဘူးတစ်လုံးတွေ့ရှိရ၍ သေဆုံးသူမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးနိုင်ရေးအတွက် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သေဆုံးသူမိန်းကလေးအလောင်းမှ တွေ့ရှိရသော သုံးဦးတွဲဓာတ်ပုံအားကူးယူပြီး သေဆုံးသူအလယ်ပုံမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရန် မြို့ပေါ်လူမှုရေးအသင်းအဖွဲ့များမှ ဓာတ်ပုံအား ဖြန့်ဝေစုံစမ်းရှာဖွေဖော်ထုတ်ခဲ့သော်လည်း အလောင်းပိုင်ရှင်နှင့်နေရပ်လိပ်စာကို ယနေ့ထိမသိရှိရသေးကြောင်းနှင့် သေဆုံးသူ၏အလောင်းကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်စစ်ဆေးပြီး ဇွန် ၆ ရက်က မြေမြှုပ်သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရသည်။ **သူ(ပုဏ္ဏားမြီ)**

မိုးရွာသွန်းမှုကြောင့် ထားဝယ်-မြိတ် ကားလမ်းပေါ်ရှိ တံတားလမ်းလွှဲများတွင် မော်တော်ယာဉ်များသွားလာမှုခက်ခဲ

သရက်ချောင်း ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသည့်ဒေသတစ်ခုဖြစ်ပြီး ယခုနှစ်မိုးရွာသီအချိန်တွင် တံတားများ၊ လမ်းများတွင် ရေကြီးမှုများမကြာခဏဖြစ်ပေါ်တတ်သည့် ဒေသတစ်ခုဖြစ်သည်။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ် ကားလမ်းပေါ်ရှိ သင်းကျွန်းကျေးရွာနှင့် ရန်တောင်ကျေးရွာချင်းဆက်ဆောက်လုပ်ဆဲ တံတားတစ်ခုတွင် မော်တော်ယာဉ်များသွားလာမှုအဆင်ပြေစေရန် တံတားလမ်းလွှဲတစ်ခုပြုလုပ်ပေးထားသော်လည်း ယင်းတံတားလမ်းလွှဲတွင် ယနေ့နံနက် ၇နာရီက ချောင်းရေများစီးဆင်းလာသည့်အတွက် မော်တော်ယာဉ်များသွားလာရေးခက်ခဲမှုများ ဖြစ်ပွားနေသောကြောင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်သိမိဘပြည်သူများပူးပေါင်း၍ ၎င်းဖြစ်ပွားနေမှုအခက်အခဲများကို အမြန်ဆုံးကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။ **ဟိန်းဇော်ဝင်း(iprd)**

ရန်ကုန်မြို့၌ အဝတ်အစားအချို့ချွတ်၍ ကားအမိုးပေါ်တက်ရောက်ခဲ့သော စိတ်ကျန်းမာရေးချို့တဲ့သူအမျိုးသမီးအား ရဲစခန်းမှတစ်ဆင့် ဖခင်ဖြစ်သူက ပြန်လည်ခေါ်ဆောင်သွား

နေပြည်တော် ဇွန် ၁၃

ယမန်နေ့ နံနက် ၉ နာရီခွဲခန့်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် အမျိုးသမီးတစ်ဦးသည် ကိုယ်ပိုင်ယာဉ်ဖြင့် ၈ မိုင်ဘက်မှ ပြည်လမ်းအတိုင်း အေဒီမီးပွိုင့်ဘက်သို့ ယာဉ်ကြောပိတ်ဆို့နေစဉ် လမ်းပြောင်းပြန်မောင်းနှင်လာပြီး အေဒီမီးပွိုင့်အရောက် မီးပွိုင့်အလယ်တွင် ကားကိုရပ်ထားသဖြင့် ယာဉ်ထိန်းရဲတာဝန်ကျသူက ပြောဆိုဖျောင်းဖျသော်လည်း ကားတံခါးလေးဘက်စလုံးကိုဖွင့်၍ ရပ်တန့်နေခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါအမျိုးသမီးက အနီးရှိယာဉ်တစ်စီး၏ နောက်ကြည့်မှန်နှင့်ဝိုက်ပါတို့အား ဖျက်ဆီးခဲ့ပြီး အခြားကားတစ်စီးအတွင်းဝင်ရောက်၍ အဝတ်အစားအချို့အားချွတ်ကာ ကားအမိုးပေါ်သို့တက်ရောက်ခဲ့သဖြင့် ရဲမေများပါဝင်သော ရဲတပ်ဖွဲ့ဝင်များက နံနက် ၁၀ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် ရဲစခန်းသို့ ခေတ္တခေါ်ယူထိန်းသိမ်းခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် အဆိုပါအမျိုးသမီး၏ဖခင်ဖြစ်သူက လာရောက်ခေါ်ဆောင်သွားခဲ့ကြောင်း ၎င်းအမျိုးသမီးသည် ၂၀၁၃ ခုနှစ်မှစတင်၍ စိတ်ကျန်းမာရေးချို့တဲ့နေသူဖြစ်သဖြင့် ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီးတစ်ဦးနှင့် ပြသနေရသူဖြစ်ပြီး စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်သွားမည်ဟု သိရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

ဇွန် ၉ ရက်ထုတ် အီတလီသတင်းစာတစ်စောင်ဖြစ်သော La Repubblica က အီတလီဝန်ကြီးချုပ် မက်တီယိုရန်ဇီနှင့် အီတလီစီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယခုသီတင်းပတ်အတွင်း ဗီယက်နမ်၊ တရုတ်၊ နှင့် ကာဇက်ကစ္စတန်နိုင်ငံတို့သို့ သွားရောက်ကြမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ခရီးစဉ်ဟု သတ်မှတ်နိုင်သည့် ယခုခရီးစဉ်သည် အီတလီစီးပွားရေးအပေါ် အာရုံစိုက်ခြင်းဖြစ်သည်နှင့်အညီ အီတလီနိုင်ငံအနေဖြင့် ယင်းခရီးစဉ်ကို ထုတ်ကုန်ပစ္စည်းများ နိုင်ငံခြားသို့တင်ပို့ရောင်းချရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် အသုံးချရန်လိုအပ်ကြောင်း၊ ယင်းခရီးစဉ်၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှတွင် စီးပွားရေးယှဉ်ပြိုင်မှု အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နှင့်အတူ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ကို အီတလီ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဗဟိုချက်မတစ်ခုအဖြစ် အသွင်ပြောင်းပုံဖော်ရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မစ္စတာရန်ဇီခရီးစဉ်၏ အဓိကပန်းတိုင်ဖြစ်သည်မှာ သေချာကြောင်းစသည်ဖြင့် ရေးသားဖော်ပြသည်။

ဇွန် ၁၀ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော The Independent UK က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုအခါကမ္ဘာပေါ်၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မွေးကင်းစကလေးငယ်သေဆုံးမှု လျှော့ချရေးစသော လူမှုဖူလုံရေးစီမံချက်များတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ဝင်ငွေဒေါ်လာ ၂၄ ဘီလီယံကျော်ရရှိသည့် အထည်အလိပ်လုပ်ငန်းတွင် လူ ၃ ဒသမ ၅ သန်းခန့် ဝင်ရောက်လုပ်ကိုင်ပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြကြောင်း၊ ယင်းအထည်အလိပ်လုပ်ငန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားငွေရရှိမှု၏ အဓိကအရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဗီယက်နမ်၊ ကမ္ဘောဒီယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်တန်ဖိုးဆက်လက်ကျဆင်းမှုနှင့် ပြိုင်ဆိုင်မှုတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်မှုကို အခက်အခဲတွေ့စေကြောင်း၊ လွန်ခဲ့သည့်ငါးနှစ်အတွင်း ထုတ်ကုန်တန်ဖိုး ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဇွန်လ ၇ ရက်ထုတ် ဂျာမန်သတင်းစာတစ်စောင်ဖြစ်သော Die Welt တွင် Peninsula ဇိမ်ခံဟိုတယ်များအုပ်စုတစ်ခုလုံး၏ စီမံခန့်ခွဲရေးအရာရှိချုပ်နှင့် ဟိုတယ်လုပ်ငန်း၌ ဩဇာတိက္ကမ အကြီးဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ပီတာစီဘိုရာနှင့် အင်တာဗျူးကိုဖော်ပြခဲ့ကြောင်း၊ ၎င်းသည် Peninsula ဟိုတယ်အသစ်တစ်လုံးဖွင့်လှစ်သည့်အခါ ဝန်ထမ်း၊ အသုံးအဆောင်ပစ္စည်းများနှင့် ဒီဇိုင်းတို့နှင့်ပတ်သက်၍ ဟိုတယ်ပိုင်ရှင်များနှင့်အတူ အဆုံးအဖြတ်ပေးသူဖြစ်ကြောင်း၊ ဟိုတယ်ဧည့်သည်ဆောင်ခန်းမသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယင်းနေရာသည် ဧည့်သည်အားလုံးကို ယဉ်ကျေးပျူငှာစွာ ကြိုဆိုသည့်နေရာဖြစ်သည်ဟု မစ္စတာဘိုရာက ခံယူထားကြောင်း၊ Peninsula အုပ်စုသည် ဥရောပတိုက်ရှိ ၎င်း၏ ပထမဆုံးဟိုတယ်ကို ဩဂုတ်လတွင် ပါရီမြို့၌ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နောက်ထပ် Peninsula ဟိုတယ်များကို လန်ဒန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်တို့တွင် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း စသည်ဖြင့်ရေးသားဖော်ပြသည်။

ဇွန်လ ၉ ရက်ထုတ် အမေရိကန်သတင်းစာ တစ်စောင်ဖြစ်သော International New York Times က ယင်းသတင်းစာ၏ ဆောင်းပါးရှင်တစ်ဦးသည် ထိုင်း-မြန်မာနယ်စပ်၌ နှစ် ၃၀ ကြာ အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခင် ၁၉၉၀ ပြည့်နှစ်များက ယင်းဒေသသည် နှိမ်နင်း၍မရနိုင်သော ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုအခါ ယင်းဒေသ၌ ငှက်ဖျားရောဂါ ကူးစက်ခံရသူဦးရေ ကျဆင်းလာခဲ့သော်လည်း ယင်းငှက်ဖျားရောဂါကုသသည့်ဆေးဝါးမှာ ထိရောက်မှုလျော့နည်းလာခြင်းကြောင့် လူနာများ ပိုမိုသေဆုံးလျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘောဒီယား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ACTs ကုထုံးသည် ငှက်ဖျားပိုးများသုတ်သင်ရာတွင် အချိန်ပိုမိုကြာမြင့်လာကြောင်း၊ သို့ရာတွင် ဒေသအတွင်းရှိ သုတေသနလေ့လာချက်အသစ်များဖြင့် ငှက်ဖျားပိုးလျင်မြန်စွာသုတ်သင်နိုင်ရေး ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။ **ဘာသာပြန်-ထန်ဆွင်း**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာနိုင်ငံသည် အာရှနိုင်ငံများအနက် ငှက်ဖျားဖြစ်ပွားသေဆုံးမှုအများဆုံးနိုင်ငံစာရင်းပါဝင်

နေပြည်တော် ဇွန် ၁၃

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ်ရှိနေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများမှဖြစ်ပြီး ဒုတိယဖြစ်ပွားသေဆုံးမှုအများဆုံးမှာ အရှေ့တောင်အာရှ နိုင်ငံများမှဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာရှနိုင်ငံများအနက် အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်အတူ ဖြစ်ပွားသေဆုံးမှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏တစ်ဝက်ကျော်သည် ကူးစက်မှုအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်ကြကြောင်း၊ ရရှိသည့်စာရင်းများအရ ငှက်ဖျားဖြစ်ပွားသူ ၂၃ ဒသမ ၃၉၂ ဦးရှိသည့်အတွက် စုစုပေါင်းတစ်နိုင်ငံလုံး ငှက်ဖျားဖြစ်ပွားသူ သုံးသိန်းနီးပါးခန့်ရှိနေသေးကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးအနေဖြင့် ၁၉၉၀ ခုနှစ်တွင်ရှိသည့် ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးနှုန်းကို ၂၀၁၅ ခုနှစ်တွင် ထက်ဝက်လျှော့ချရေးဟူသည့် ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုအောင်မြင်မှုသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း။

ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ အလေ့အကျင့်ကောင်း၊ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းရန်နှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်အပြင် ငှက်ဖျားရောဂါဖြစ်ပွားသူများ သေဆုံးမှုမရှိစေရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံသွားဖို့ လိုအပ်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်အဖြစ် ယခင်နှစ်ဆောင်ပုဒ်ဖြစ်သော "အနာဂတ်အတွက်ရင်းနှီးမြှုပ်နှံ ငှက်ဖျားရောဂါနှိမ်နင်းရန်" "Invest in the Future, Defeat Malaria" ကို ပြန်လည်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ရင်းနှီးမြှုပ်နှံကြကာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန်တိုက်တွန်းကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးချုပ်ဖလား အသက် ၂၀ နှစ်အောက် မြို့နယ်အလိုက် ဘောလုံးပြိုင်ပွဲ

လွိုင်ကော် ဇွန် ၁၃

ကယားပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၀ နှစ်အောက် မြို့နယ်အလိုက် ဘောလုံးပြိုင်ပွဲကို ဇွန် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် အခြားအားကစားနည်းများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၈ ရက် ညနေ ၄ နာရီတွင် ဖွင့်ပွဲအဖြစ် အသက် ၂၀ နှစ်အောက် လွိုင်ကော်မြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျသွားသည်။ **(အပေါ်ပုံ)**

ယခုပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ပြည်နယ်နှင့်နိုင်ငံတော်၏ အားကစားဂုဏ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူငယ်အားကစားသမားများလည်း ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အားကစားဝါသနာရှင်များက လာရောက်အားပေးကြကြောင်း သိရသည်။ **ရဲနောင်(လွိုင်ကော်)**

ဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းရှိ သီးနှံအတွက် လျော်ကြေးငွေပေး

ငဖဲ ဇွန် ၁၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆောင်ရွက်စဉ် လုပ်ငန်းခွင် KP130 မှ KP 1460 ထိပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ပြင်ပမြေစာကျသည့် တောင်သူများအတွက် သီးနှံထောက်ပံ့ကြေးငွေပေးအပ်ပွဲ ကျင်းပရာ တစ်ဧကလျှင် ငွေကျပ် ၃၉ သိန်းနှုန်းဖြင့် စုစုပေါင်း တောင်သူ ၆၅ ဦး၏ စုပေါင်းမြေ ၄၁ ဒသမ ၀၈ ဧက အတွက် စုပေါင်းသီးနှံလျော်ကြေးငွေကျပ် ၁၆၃၁၃၄၇၀၉ ကို ကျေးရွာ ၁၁ ရွာမှ တောင်သူများထံ ပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ စွမ်းအင်ဝန်ကြီးဌာန MOGE မှ အထွေထွေမန်နေဂျာ၊ စီမံကိန်းမှ တရုတ်နိုင်ငံသားလေးဦးနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်

ရေး ဇွန် ၁၃

တရားမဝင်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို မွန်ပြည်နယ် ရေးမြို့ ပြည်သူ့အားကစားရုံ၌ ဇွန် ၉ ရက်မှ ၁၁ ရက်အထိ လိုင်စင်မဲ့ ဆိုင်ကယ်ယာဉ်များကို ယာဉ်မှတ်ပုံတင်နိုင်ရန်အတွက် ကညနဦးဆောင်သော OSS ပူးပေါင်းအဖွဲ့မှ (One Stop Service) နေ့ချင်းပြီး ဆောင်ရွက်ပေးရာတွင် ၂၃၉ စီးကို ယာဉ်မှတ်ပုံတင်နိုင်ခဲ့၍ အခွန်ငွေကျပ် ၁၆၉ သိန်း ရရှိသည်။ အဆိုပါ ပူးပေါင်းအဖွဲ့သည် လမိုင်းမြို့နယ်ခွဲတွင်လည်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ယာဉ်မှတ်ပုံတင်ခြင်းကို ဇွန် ၁၂၊ ၁၃ ရက်တွင် ပြုလုပ်ပေးခဲ့သည်။ ရေးမြို့နယ်အတွင်းသို့ တင်သွင်းလာသောကုမ္ပဏီအရောင်းကိုယ်စားလှယ်မှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်သူများက ဆိုင်ကယ်များမှာ ထိုင်း၊ ဗီယက်နမ်နိုင်ငံထုတ်ဘီးရောင်းဈေးမှာ အမြင့် ငွေကျပ် ၁၀ သိန်းဝန်းကျင်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး အောက်ဆိုင်ကယ်ရောင်းဈေးများမှာ တစ်သိန်းရှစ်သောင်းဝန်းကျင်မှ အမြင့်ဆုံးခုနစ်သိန်းဝန်းကျင်လောက်အထိ အရောင်းအဝယ်ဖြစ်သော်လည်း အရောင်း အဝယ်က ဈေးကွက်အတွင်းအေးလျက်ရှိပြီး နယ်ဒေသခံများက ဗီယက်နမ်ထုတ် ၁၁၀ နှင့် Wave အယ်လ်ဖာ ဆိုင်ကယ်များကို လူကြိုက်များ၍ ဈေးကွက်အတွင်း အရောင်းအဝယ်အားကောင်းလျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ဆာဖာရီဥယျာဉ် (နေပြည်တော်)တွင် ပြသထားသော အာဖရိကညှိုးသမင် ၁၁ ကောင်အနက်မှ ညှိုးသမင် အမသုံးကောင်သည် ဇွန် ၄ ရက်တွင် ညှိုးသမင်အမတစ်ကောင်မှ သားပေါက်ငယ် တစ်ကောင်ကိုလည်းကောင်း၊ ဇွန် ၆ ရက်တွင် ညှိုးသမင်အမနှစ်ကောင်မှ သားပေါက်ငယ်တစ်ကောင်စီကိုလည်းကောင်း အသီးသီးဖွားမြင်ခဲ့ရာ မိခင်နှင့်အတူ သားပေါက်ငယ်များ ကျန်းမာလျက်ရှိကြောင်း သိရသည်။

သစ်တောရေးရာ

ညောင်ဦးမြို့နယ် ကန်တောကျေးရွာပြည်သူများ လျှပ်စစ်မီးလင်းရန်မျှော်လင့်နေ

ညောင်ဦး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကန်တောကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကန်တောကျေးရွာတွင် အိမ်ခြေပေါင်း ၁၅၃ လုံးရှိသည်။ တစ်အိမ်ထောင်စုလျှင် လျှပ်စစ်မီးအတွက် မီးလင်းရန်အသုံးပြု ငွေကျပ် သုံးသိန်းခွဲအကုန်ကျခံခဲ့ကြသည်။ ရွာလုံးကျွတ် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၅၀၀ ကျော် ကုန်ကျစရိတ်ရှိသည်။ ကျေးရွာသူ ကျေးရွာသားများမှ မီးတိုင်စိုက်ရန် တွင်းတူးခြင်း၊ ကြိုးသွယ်ခြင်း လုပ်ငန်းများကို အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည်။ ယခုအချိန်တွင် လျှပ်စစ်မီးလင်းရန်အသင့်ဖြစ်နေပြီးဖြစ်သော်လည်း အမှောင်ထုဖုံးလွှမ်းနေသေးသည့်အတွက် လျှပ်စစ်မီးအလင်းရောင်ကို မျှော်လင့်လျက်ရှိနေကြသည်ဟု သိရသည်။

"ကျွန်တော်တို့ရွာက တစ်ရွာလုံး ညီညီညွတ်ညွတ်နဲ့ လျှပ်စစ်မီးရဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ငွေတွေလည်း အများကြီး ကုန်ကျပါတယ်။ တစ်အိမ်မကျန် လျှပ်စစ်မီးအတွက် ကုန်ကျစရိတ် ထည့်ဝင်ကြပါတယ်။ အဲဒီတော့ အခုချိန်ထိအောင် မီးမလင်းသေးဘူးဆိုတော့ ကျွန်တော်တို့ရွာနေပြည်သူများက စိတ်မကောင်းဖြစ်တာပေါ့။ ကျွန်တော်တို့ရွာကို မီးရမယ်ဆိုလို့ တိုက်တွန်းတဲ့အတွက် အမြန်ဆုံးဆောင်ရွက်ခဲ့ပါတယ်။ အခုချိန်မှာ လျှပ်စစ်မီးလင်းခွင့်ပေးရင် ကျွန်တော်တို့ရွာက ပြည်သူတွေအားလုံးဝမ်းသာကြမှာဖြစ်ပါတယ်" ဟု ကန်တောကျေးရွာ လျှပ်စစ်မီးရရှိရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းဌေးထံမှ သိရသည်။ "ရွာမှာအခုဆိုရင် ထရန်စဖော်မာတွေလည်း တပ်ဆင်ပြီးနေပြီ။ ထရန်စဖော်မာက ဗို့အား ၂၀၀ ရှိတယ်။ တစ်ရွာလုံး တစ်အိမ်မကျန် လျှပ်စစ်မီးလင်းနိုင်အောင် ကျွမ်းကျင်ပညာရှင်များနဲ့ ညှိနှိုင်းဝယ်ယူထားတာ ဖြစ်ပါတယ်။ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ယခုနှစ် မတ်လကုန်လောက်က အပြီးဆောင်ရွက်ခဲ့ပါတယ်။ ဆိုလာပြား မဝယ်ဘဲ ကြိတ်ပြီးငွေစုဆောင်းခဲ့ပါတယ်။ ကျေးရွာအတွင်းမှာ ငွေသိန်းချီအကုန်ခံပြီး ညကျလျှင် ဖယောင်းတိုင်မီးထွန်းရတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်"ဟု ကန်တောရွာသား ဦးတင်အုန်းထံမှ သိရသည်။ သို့အတွက်ကြောင့် ကန်တောကျေးရွာ ကျေးလက်နေပြည်သူများထံမှ လျှပ်စစ်မီးအလင်းပေးစေလိုကြောင်း သိရသည်။

ကျော်ဌေး

မဟာမဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ် – ၂၀၁၄ ကျင်းပ

မန္တလေး ဇွန် ၁၃

မဟာမဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၁၄ ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးမြို့တွင် ဇွန် ၁၁ ရက်၌ "ခရီးသွားလုပ်ငန်းနှင့် မဟာမဲခေါင်ဒေသ အမွေအနှစ်များ၏ အနာဂတ်" (Tourism and the Future of GMS Heritage) ဟူသော ဦးတည်စာသားဖြင့် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက Mandalay Hill Resort Hotel ရှိ Conference Room-1 တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Dr. Suwat Sidthilaw၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့မှ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဝန်ဆောင်မှုများဆိုင်ရာ အမှုဆောင်အရာရှိ Mr.Zhu Shanzhong၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားညှိနှိုင်းရေးရုံးမှ အမှုဆောင်အရာရှိ Mr. Mason Florence တို့က အမှာစကားပြောကြားသည်။

ဆက်လက်ကျင်းပ

၄င်းနောက် အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းနှင့် တက်ရောက်လာသော မဟာမဲခေါင်ဒေသခွဲဝင်နိုင်ငံများရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ခေါင်းဆောင်များက အရောင်းဆိုင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

Court- Journalist Relations နှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲ ကရင်ပြည်နယ်တရားလွှတ်တော်၌ ကျင်းပ

ဘားအံ ဇွန် ၁၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် (PRLP)တို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ပြည်နယ်အတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

စိန်လှိုင်ဗိုလ်

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စားအုန်းဆီ ပြည်တွင်း ပြည်ပ ဈေးနှုန်းများကျနေဆဲ

ရန်ကုန် ဇွန် ၁၃

ဘုရင့်နောင် ကုန်စည်ဈေးကွက်၏ ဇွန် ၁၂ ရက်က ကြက်သွန်ဖြူနှင့် ငရုတ်ဈေးနှုန်းများ ဈေးနှုန်းအမြင့်တွင်ရှိနေဆဲဖြစ်ပြီး ပြည်ပအပို့နည်းသော ကြက်သွန်နီဈေးနှုန်းများ ထပ်မံမြင့်တက်မှုမရှိဘဲ ဈေးငြိမ်နေကြောင်း၊ စားအုန်းဆီပြည်တွင်းပြည်ပ ဈေးနှုန်းများ ထပ်မံကျဆင်းနေပြီး ဈေးနှုန်းအနိမ့်ဆုံး ဖြစ်နေသည်ဟု သိရသည်။

ဇွန် ၁၂ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာငွေကျပ် ၉၇၅-၁၀၇၅-၁၃၇၅၊၁၅၇၅ နှုန်း၊ ကြူကုတ် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၂၅၀-၁၃၀၀ နှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာငွေကျပ် ၃၂၅-၄၄၀-၄၆၅-၄၉၀ နှုန်း၊ တောင်တွင်း ကြက်သွန်နီငွေကျပ် ၃၁၀-၄၀၀-၄၆၅-၄၈၀ နှုန်းရှိကြောင်း၊ စားအုန်းဆီပြည်တွင်း လက်ငင်းလက်ကား ရောင်းဈေးမှာ တစ်ပိဿာ ၁၄၄၅ ကျပ်နှုန်းရှိပြီး ပြည်ပဈေးနှုန်း မလေးရှား FOB တစ်တန် ၈၁၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၄၉၁ ကျပ်ရှိသည်ဟု ဈေးကွက်မှသိရသည်။

ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်လာသော်လည်း ယခင်နှစ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်ဖြင့် ပြည်ပသို့ ကြက်သွန်နီတန်ချိန် လေးသောင်းခန့် တင်ပို့နိုင်ခဲ့သည်။ ယခုနှစ် ငါးလတာအတွင်း ကြက်သွန်နီဈေးနှုန်းတစ်တန် ၂၉၀ ဒေါ်လာ ဝန်းကျင်ဖြင့် တန်ချိန် ၄၀၀၀ ဝန်းကျင်သာ တင်ပို့နိုင်သေးသည့်အတွက် ယခုတစ်ပတ်အတွင်း ဇွန် ၁၂ ရက်က ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၂၅-၄၄၀-၄၆၅-၄၉၀ နှုန်းဖြင့် ဈေးငြိမ်နေကြောင်း ကြက်သွန်နီပွဲရုံများမှ သိရသည်။

ယခုနှစ်ဇွန်လဆန်းတွင် ပြည်ပသို့ တင်ပို့မှု အများဆုံးဖြစ်သော အလုံးသေး၊ လတ်ချောအရွယ်အစား ကြက်သွန်နီမှာ တစ်ပိဿာလျှင် အခြားအလုံးလတ်၊ ကြီးများထက် ငွေကျပ် တစ်ရာကျော် ဈေးနည်းသဖြင့် အလုံးလတ်ကြီးများတွင် လတ်ချော အလုံးသေးများ ရောနှောရောင်းချမှုရှိလာသည်ဟု အဝယ်တော်များက ဆိုသည်။

၂၀၁၄ ခုနှစ်အတွင်း ဈေးနှုန်းအနိမ့်ဆုံးဖြစ်နေသော စားအုန်းဆီ ပြည်တွင်း ရောင်းဈေးများ ဆက်လက်ကျဆင်းနေရာ ဇွန် ၁၂ ရက်တွင် ပြည်တွင်းရောင်းဈေး လက်လီလက်ကားတစ်ပိဿာ ၁၄၄၅ ကျပ်နှုန်းသို့ ဈေးကျဆင်းလာသည်ဟု သိရသည်။

ယခုကာလအသစ် ထွက်ပေါ်လာသော ငရုတ်ရှည်များဈေးနှုန်းအပြင် ရရှိနေရာ ဇွန် ၁၂ ရက်တွင် စိမ်းစားငရုတ်ပွတစ်ပိဿာ ၄၀၀၀-၄၂၀၀ ကျပ်၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ၂၃၅၀-၂၄၅၀ ကျပ်၊ ညောင်ရမ်းမိုးထောင်ငရုတ် တစ်ပိဿာ ၂၂၀၀-၂၃၅၀ ကျပ်၊ လေးအိမ်စု ငရုတ်တစ်ပိဿာ ၂၃၅၀-၂၄၅၀ ကျပ်၊ ကျောက်ဆည် ဒီမိုငရုတ်တစ်ပိဿာ ၂၅၀၀ ကျပ်နှုန်းဖြင့် ဈေးမြင့်တွင်ရှိနေကြောင်း ငရုတ်ရှည် ဝယ်သူများက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၇၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၅၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၆၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၄၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၆၃၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၃၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၂၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံပြသည်။

လယ်ဝေးမြို့တွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

လယ်ဝေး ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိခရိုင် လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ အ.ထ.က(ခွဲ)သို့ ကျောင်းဆောင်သစ်နှင့် ပရိဘောဂပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် နေပြည်တော်ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် ဝက္ကမူကျေးရွာ အ.ထ.က(ခွဲ)ရှိ ကျောင်းဆောင်သစ်သည် ပေ ၁၂၀× ၃၀ တစ်ထပ် အုတ်ညှပ်ကျောင်းဆောင်ဖြစ်ပြီး ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရကျောင်းဆရာတော် ဦးတေဝလက တန်ဖိုးသိန်း ၄၀၀ ရှိ ကျောင်းဆောင်သစ်နှင့်ပျဉ်းမနားမြို့ ဓမ္မာစရိယစာသင်တိုက်ဆရာတော် ဦးနန္ဒမာလာက သိန်း ၅၀ ကျော်တန်ဖိုးရှိ စာသင်ခုံနှင့်ပရိဘောဂများကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၄၉)

အသစ်ရောက်ရှိလာသော မီးသတ်ကားကြံ့ခိုင်မှုစစ်ဆေး

မော်လူး ဇွန် ၁၃

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဇွန် ၅ ရက် နံနက် ၁၀ နာရီက မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအတွက် အသစ်ရောက်ရှိလာသော တရုတ်နိုင်ငံလုပ် ဒေါင်ဖန်းအမျိုးအစား မီးသတ်ကားအသစ်တစ်စီးကို ကြံ့ခိုင်မှုရှိစေရန် ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

မော်လူးဒေသတွင် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာတို့၏ မီးဘေးအန္တရာယ်လုံခြုံရေးနှင့် ကြိုတင်တားဆီးကာကွယ်နိုင်ရေးတို့အတွက် ကသာခရိုင် မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် အသစ်ရောက်ရှိလာသော တရုတ်နိုင်ငံလုပ် ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်အသစ်တစ်စီးကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြသည်။

"အခု ဒီမီးသတ်ကားကို မော်လူးဒေသအတွင်းမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေ၊ အလှူရှင်တွေပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး စုပေါင်းဝယ်ယူထားတာပါ။ တန်းဖိုးငွေကျပ် ၂၀၀၇၆၀၀၀ ကုန်ကျပါတယ်။ အရင်က တစ်စီးနှင့်မလုံလောက်လို့ အခုအသစ်တစ်စီးဆိုတော့ နှစ်စီးရှိပါပြီ မီးသတ်ကားတွေကို စနစ်တကျဖြစ်အောင် ကြိုတင်ပြင်ဆင်နေပါတယ်" ဟု တာဝန်ရှိမီးသတ်ဝန်ထမ်းတစ်ဦးက ပြောပြခဲ့ကြောင်း သိရသည်။

(၁၄၉)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များတွင် ကမ်းပါးပြိုကာကွယ်ရေး လုပ်ငန်းများနှင့် ရေကြောင်းပြောင်း ရေလွှဲရေကာတာတည်ဆောက်ခြင်း လုပ်ငန်းများအား တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၆-၂၀၁၄ ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂၆-၆-၂၀၁၄ ရက်
(ဂ) တင်ဒါရောင်းချမည့်နေရာ - ပြည်နယ်အစိုးရအဖွဲ့ရုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး (လုံခြုံ/စီမံ/ဘဏ္ဍာ)ဌာနခွဲ၊ ဖုန်း-၀၄၃-၂၂၇၉၈၊ ၂၂၇၉၉နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၄၃-၂၂၂၉၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9309 Suzuki Carry, P/U ယာဉ်လက်ဝယ်ရှိသူ ဦးအေး ၁၂/မဂတ(နိုင်)၀၆၅၇၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အမြန်ရောင်းမည်

- မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် အထူးဇုန်(၂)စိုက်ပျိုးမွေးမြူရေး မြေကွက်ကျယ်၊ (၂)ယူနစ်၊ (၁၀ ဧက)၊ ၁ဧကလျှင်-၁၂၅သိန်း
- မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီး၊ကာယ၅လမ်း၊ (၂၀၀'×၁၅၀') ထောင့်ကွက် (ညှိနှိုင်းဈေး)

ဖုန်း-၀၉-၂၅၄၃၅၄၂၀၃၊ ၀၉-၈၆၃၀၃၀၄

ဒေါ်သက်စုမွန် ၁၂/ဥကမ(နိုင်)၁၇၉၀၀၇ သိစေရန်

ဒေါ်သက်စုမွန် (ဘ)ဦးတင်ညွှန့် ၁၂/ဥကမ(နိုင်)၁၇၉၀၀၇ သည် CCAM ကုမ္ပဏီသို့ ပြန်လည်ရှင်းလင်းရန်ရှိသည့် ငွေကြေးနှင့်စာရင်းဇယားများကို လာရောက်ဖြေရှင်းရန် အကြောင်းကြားထားပြီးဖြစ်သော်လည်း ယနေ့ထက်တိုင် လာရောက်ဖြေရှင်းခြင်း မပြုပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ကုမ္ပဏီသို့ လာရောက်ဖြေရှင်းပါရန်နှင့် လာရောက်ဖြေရှင်းခြင်းမပြုပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အေးအေးခိုင်(မန်နေဂျာ)
CCAM ကုမ္ပဏီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် ၅၂တွင်တည်ဆောက်ထားသော ခြောက်ထပ်တိုက်၏ မြေညီ(ခြေရင်းခန်း)ကို ဦးဇင်ကိုထက် ၁၂/ဒဂတ(နိုင်)၀၂၉၇၀၈ထံမှ ဦးမျိုးမင်းထွန်း ၁၄/ဘကလ(နိုင်)၁၈၄၉၇၀က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမျိုးမင်းထွန်း ၁၄/ဘကလ(နိုင်)၁၈၄၉၇၀
ဖုန်း-၀၉-၇၃၁၆၁၃၈၁



မွေးသက္ကရာဇ်အမှန်

ကျိုက်ထိုမြို့၊ အထက(၁) နဝမတန်း(E)မှ မောင်ထက်အာကာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၁၉၉၉ ဖြစ်ပါသည်။

မောင်ထက်အာကာ

ဖြည့်စွက်ဖတ်ရှုပါရန် ကြေညာခြင်း

၇-၆-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၁)တွင် ဦးစိန်ဝင်း(ဥပဒေအကျိုးဆောင်)၏ အများသိစေရန် အသိပေးကြေညာခြင်း ခေါင်းစဉ်ဖြင့်ဖော်ပြသည့် ကြော်ငြာပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းဖြစ်သော အလုံမြို့နယ်၊ တိုက်အမှတ်(၂၂၈/၂၃၀)၊ ဒုတိယထပ်၊ ဘယ်ဘက်ခန်း(ခြေရင်းခန်း)ဟူသော ပစ္စည်းစာရင်းတွင် ၄ဝါလမ်းဟူသော လမ်းအမည်အား ဖြည့်စွက်ဖတ်ရှုပါရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
ဥပဒေအကျိုးဆောင်

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးစံသောင်း၏သား မော်လမြိုင်နည်းပညာ တက္ကသိုလ် B.E (Civil) မှ မောင်ထွန်းထွန်းထွေး ၃/ကကရ(နိုင်)၁၄၃၃၉၆ အား မောင်ထွန်းထွန်းဒွေးဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။

မောင်ထွန်းထွန်းထွေး(ခ)မောင်ထွန်းထွန်းဒွေး

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြရီ ၁၂/လမန(နိုင်)၁၂၈၆၀၀ ၏ Passport No. M164297 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပဲခူးမြစ်၌ ရေဆင်းကူးသူလူငယ် ရေနစ်သေဆုံး

ရန်ကုန် ဇွန် ၁၃

ပဲခူးမြစ်အတွင်းရေဆင်းကူးသည့် လူငယ်တစ်ဦးရေနစ်သေဆုံးခဲ့ရသော ဖြစ်စဉ် ဇွန် ၁၁ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၇)ရပ်ကွက် ဆိပ်ကမ်းသာလမ်းဘေးအနီးရှိ ပဲခူးမြစ်တွင် ရေဆင်းကူးသူ လူငယ်တစ်ဦးရေနစ်ပျောက်ဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ မောင်ဇင်လင်းထက် (၁၆ နှစ်) ဖြစ်ကြောင်းသိရပြီး စုံစမ်းရာ ၎င်းသည် တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး ဖြစ်ကြောင်း၊ ယင်းနေ့ နံနက် ၈ နာရီခန့်က သူငယ်ချင်း ငါးဦးတို့နှင့်အတူ အခင်းဖြစ်နေရာ မြစ်အတွင်း ရေဆင်းကူးရာမှ ရေနစ်သွားခဲ့ခြင်း ဖြစ်ကြောင်းနှင့် ၎င်းရေနစ်သည့်နေရာ အနီးတစ်ဝိုက်ကို ရေလုပ်သားများနှင့် ရှာဖွေခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ် ခန့်တွင် အလောင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာရှိကြောင်း သိရခြင်းဖြစ်သည်။

၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

ပျဉ်းမနား ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကူတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီး(အရှေ့)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ယနေ့ နံနက် ၈ နာရီခွဲက အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်းက ကူတို့ဆိပ်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများအနေဖြင့် မိမိတို့ရပ်ရွာအတွင်း သာမက အခြားကျေးရွာများမှ လာရောက်ကြသော ကျောင်းသားကျောင်းသူများ အလယ်တန်းပညာအား အခြားကျောင်းများသို့ သွားရောက်ပညာသင်ယူလျှင် အခက်အခဲများ ရင်ဆိုင်မဖြစ်ပေါ်စေရန်နှင့် ကလေးသူငယ်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ရပ်ရွာဒေသ၌ပင် ပညာရေးအားဆက်လက်သင်ကြားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ကြောင်း ပြောကြားပြီး ဝဲကြီး(အရှေ့)ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့်ကကျောင်းသားမိဘများအနေဖြင့် ရပ်မိရပ်ဖများ၊ ကျောင်းကော်မတီများနှင့်ပူးပေါင်းကာ "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းစာသင်ကြားနိုင်ရေး"အတွက် အလေးအနက်ထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယခုလို ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းအဆင့် တိုးမြှင့်ပေးခဲ့ပါသောကြောင့် အထူးပင်ဝမ်းသာပါကြောင်း တက်ရောက်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်၊ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့တာဝန်ခံဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ နေပြည်တော် ပညာရေးမှူး ဦးမြင့်ဇော်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးသန်းလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ့)

ရွှေထည်ပစ္စည်းနှင့် ငွေများခိုးယူသူ ဖမ်းဆီးရမိ

မန္တလေး ဇွန် ၁၃

မန္တလေးမြို့ ၅၆ လမ်း ခိုင်ရွှေဝါလမ်းနှင့် အောင်ဆန်းလမ်းကြား ကံသာယာရက်ကွက်ရှိ KKM မိသားစု သစ်ရောင်းဝယ်ရေးဆိုင်အတွင်း မေ ၆ ရက် နံနက်ပိုင်းက နီညိုရောင်ပိုက်ဆံအိတ်ကို ကောင်တာစားပွဲပေါ်၌ တင်ထားပြီး ဆိုင်ခန်းအတွင်း ဝင်ရောက်၍ ဘုရားပန်းလဲလှယ်ပြီး အထွက်တွင် ကောင်တာပေါ်ရှိ ပိုက်ဆံအိတ်မှာ ပျောက်ဆုံးသွားခဲ့ပြီး ပိုက်ဆံအိတ်နှင့်အတူ ရွှေထည်ပစ္စည်းနှင့်ငွေများ စုစုပေါင်း ငွေကျပ် ၃၄၄ သိန်းခန့် ခိုးယူခံရသဖြင့် အောင်ပင်လယ်ရဲစခန်းသို့ တိုင်ကြားခဲ့ရာ ရဲစခန်းက အမှုဖွင့်ခဲ့သည်။

ဆောင်ရွက်

အမှုတွင် ခိုးယူသူအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စောင့်ကြည့်စုံစမ်းစဉ် ဇွန် ၆ ရက် မွန်းလွဲပိုင်းက အမျိုးသမီးနှစ်ဦး မန်းမြို့ဈေးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်ကို အရည်ကျို အထည်ဖျက်ထားသည့် ရွှေခဲများ လာရောက်ရောင်းချနေကြောင်း သတင်းရရှိ၍ စစ်ဆေးမေးမြန်းရာ မမိုးမိုးလှိုင်က ၎င်း၏ခင်ပွန်းဖြစ်သူ ချစ်မင်းဖြိုးအောင်က ရောင်းချခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ချစ်မင်းဖြိုးအောင်အား သွားရောက်စစ်ဆေးရာ ၎င်းသည် လွန်ခဲ့သော မေလက သံလျက်မော် အနောက်ရပ်ကွက်တွင် နေထိုင်သော ချစ်တိုးဝေနှင့်အတူဆိုင်ကယ်ဖြင့် ကံသာယာရပ်ကွက် ၅၆ လမ်း KKM သစ်ဆိုင်ရှေ့သို့ ဖြတ်သွားစဉ် သစ်ဆိုင်အတွင်း ကောင်တာစားပွဲပေါ်၌ ပိုက်ဆံအိတ်တစ်လုံး တွေ့ရှိ၍ ပြန်လည်လှည့်ဝင်ကာ ခိုးယူပြီး ပိုက်ဆံအိတ်တွင်ပါရှိသော ငွေနှင့် ရွှေထည်ပစ္စည်းများကို ၎င်းတို့နှစ်ဦးမှ ခွဲဝေပြီး အပေါင်ဆိုင်များ၊ ရွှေပန်းထိမ်ဆိုင်များ၊ မန်းမြို့ဈေးရှိ ရွှေပန်းထိမ်ဆိုင်များသို့ သွားရောက်ရောင်းချပေါင်နှံသည့် ဆိုင်များမှ သိမ်းဆည်းပြီး တာဝန်ရှိသူများက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဧရာဝတီမြစ်အတွင်းရေဆင်းချိုးရာမှ ကျောင်းသားငါးဦးရေနစ်သေဆုံး

မကွေး ဇွန် ၁၃

မကွေးမြို့ ဆားရွှေကင်းရပ်ကွက် ရထားပို့ဆောင်ရေးရုံးအနီး ဧရာဝတီမြစ်ကမ်းစပ်တွင် ဇွန် ၁၂ ရက် ညနေ ၅ နာရီက ကလေးငယ် ငါးဦး ရေနစ်သေဆုံးမှု ဖြစ်ပွားကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးရာ အဆိုပါ သေဆုံးသူများမှာ ဆားရွှေကင်းရပ်ကွက်ရှိတောင်ပေါ်ရာဇမုနိဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားနေသည့် ဝတုတ် (၇ နှစ်) တတိယတန်း၊ ဇော်ထက်အောင် (၉ နှစ်) စတုတ္ထတန်း၊ အောင်ကြည်လင်း (၇ နှစ်) ဒုတိယတန်း၊ ထက်လင်း (၁၁ နှစ်) တတိယတန်း၊ ဘုန်းသန့်ကို (၈ နှစ်) တတိယတန်းတို့ဖြစ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် မကွေးမြို့မရဲစခန်းက သေမှုသေခင်းအမှတ်ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ (မကွေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံတစ်မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၄-၆-၂၀၁၄ ရက်မှစ၍ ၂၀-၆-၂၀၁၄ ရက်အထိ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ရွှေရတုမင်္ဂလာမွေးနေ့ဆုတောင်း

ဇွန်လတွင်ကျရောက်သော ဦးဇော်လင်းအောင်(PYIMAHAR Co., Ltd.)၏ ရွှေရတုမွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ဘာသာ သာသနာအကျိုးဆတက်တိုးဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး
ဒေါက်တာယဉ်ယဉ်မြင့်(Z & Y Co., Ltd)
သားသမီးများ
မောင်ဝေရန်အောင်၊ မရွှန်းလဲ့ဝေ၊
မခိုင်ဆုဝေ

ရွှေရတုမွေးနေ့ဆုတောင်း

ဇွန်လတွင်ကျရောက်သော ဦးဇော်လင်းအောင်(PYIMAHAR Co., Ltd.)၏ ရွှေရတုမွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ဘာသာ သာသနာအကျိုးဆတက်တိုးဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

Z & Y Co., Ltd. ဝန်ထမ်းများ၊
PYIMAHAR Co., Ltd. ဝန်ထမ်းများ

KONE

CAREER OPPORTUNITY:
FOR JOINING KONE ESCALATOR & ELEVATOR INSTALLATION

No	Job Title	Experience	Age	Qualification	No of Requirement
1	Sales Manager	3 years experience in Sales and Team Management	between 25-50 years old	Any Graduate (or) Preferable for MBA/ SBA / DBA	1 person (M/F)
2	Service Technician	at least 2 to 3 years experience in Installation and maintenance of escalator & elevator, English Speaking	between 22-35 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	10 persons (M)
3	Account Manager	-	-	CPA	3 person (F)
4	Account Staff	-	-	B.Com,LCCI L-III	10 persons (F)
5	Reception Staff	Good Looking , Good Communication, Microsoft Word, Excel, English Speaking	between 20-25 years old	Any Graduate	5 persons (F)
6	HR Staff	Good Communication Microsoft Word, Excel, Powerpoint English-Myanmar	between 20-25 years old	Any Graduate	5 persons (F)
7	Admin Staff	Good Communication Microsoft Word, Excel, Powerpoint English-Myanmar	between 20-25 years old	Any Graduate	5 persons (M)
8	Mechanic	at least 2 years experience in related field, (Complain, T & C, Installation)	between 20-30 years old	Middle High School Level Passed	10 persons (M)
9	Import Section Staff	Photoshop, Excel, Internet	between 20-25 years old	Any Graduate	3 persons (M)

Please send your CV, copy of degree certificate,
NRC, Labour Registration card (if any) and recent (3) photos to:
Octagon Automobile Mechinary Serices Co.,Ltd
No: 01-10 , Union Business Center,Nat Maut Street,
Bo Cho Qtr ,Bahan Township,Yangon,Myanmar.
Tel : 09-49342295, 09-73065032
E-Mail: hr@oams-kn.com

Closing Date - 30.6.2014

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၈၃၁၇၊ 4A/8317 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ည/၇၆၄၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

စုစုအေးအောင်
လေးပက်နှာ
ပျောက်ဆေး

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ငါးပိငါးခြောက် ငံပြာရည်စီမံကိန်းဇုန် ၃၊ မြေကွက်အမှတ် ၅၃၊ ၅၄ မြေကွက်နှစ်ကွက်ပါမစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းများ ပျောက်ဆုံးသွားသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနသို့ ပျောက်ဆုံးကြောင်းထောက်ခံချက် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးထွန်းထွန်းဦး
၁၂/ရကန(နိုင်)၀၃၆၉၀၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မင်္ဂလာအထိမ်းအမှတ် ငွေလှူဒါန်း

တောင်ငူ ဇွန် ၁၃

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှနှင့်ဇနီး ဒေါ်ဒေဝကီးဒေဝီ (သမာဓိ)တို့၏ (၅၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် ရက်မြတ် အထိမ်းအမှတ် ကုသိုလ်ဒါနအဖြစ် သမာဓိမိသားစုမှ အလှူငွေကျပ် ခြောက်သိန်းကို တောင်ငူမြို့နယ် လုံးဆိုင်ရာ ပညာရေးကွန်ရက်သို့ ဇွန် ၁၃ ရက် နံနက်ပိုင်းက ပေးအပ် လှူဒါန်းရာ ပညာရေးကွန်ရက် အထွေထွေအတွင်းရေးမှူး ဒေါက်တာဘဆွေနှင့် အမှုဆောင်များက လက်ခံယူပြီး အလှူရှင်မိသားစုသို့ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

တောင်ငူမြို့နယ် ပညာရေး ကွန်ရက်သည် KMA ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး မြို့နယ်တွင်းရှိ ကျေးလက်တောရွာများအပါအဝင် မြို့ပေါ် ရပ်ကွက်များမှ ချို့တဲ့နွမ်းပါးဘက၊ မူလတန်း၊ မူလွန်နှင့် အလက (ခွဲ) ကျောင်းအဆောက်အအုံများ ပြုပြင်ဆောက်လုပ်ပေးခြင်း၊ ကျောင်းစာသင်ခုံ၊ ပရိဘောဂ၊ စာရေးကိရိယာများနှင့်ကျောင်းဝတ်စုံများကိုပါ လှူဒါန်းလျက်ရှိရာ ယနေ့အထိ ငွေကျပ်သိန်းသုံးရာကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၁၁၅)

နတ်မောက်မြို့နယ်တွင် ကလေးငယ်တစ်ဦး မိုးကြိုးစက်ကွင်းထိမှန်သေဆုံး

နတ်မောက် ဇွန် ၁၃

နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာတွင် ဇွန် ၁၂ ရက် ညနေ ၆ နာရီက ကလေးငယ်တစ်ဦး မိုးကြိုးစက်ကွင်းထိမှန်သေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ နတ်မောက်မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်တင်မောင်ထွန်းနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သက်သေများနှင့် သွားရောက်စစ်ဆေးခဲ့ရာ ဘုန်းတော်ပြည့်ကျေးရွာနေ မဖြိုးရတနာ ဒုတိယတန်းကျောင်းသူသည် မောင်ဖြစ်သူ အသက် ၁၁ လသား ကလေးငယ်နှင့် နေအိမ်အတွင်း မြေပြင်ပေါ်တွင် ထိုင်၍ အတူဆော့ကစားနေစဉ် မိုးကြိုးပစ်ခဲ့သဖြင့် မဖြိုးရတနာ၏ ရင်ဘတ်ကို ထိမှန်ကာ အရေပြားပွန်းဒဏ်ရာရရှိကာ သေဆုံးခဲ့ပြီး အသက် ၁၁ လသား ကလေးငယ်တွင် ထိခိုက်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထိုမိန်းကလေးငယ်သေဆုံးမှုနှင့် ပတ်သက်၍ နတ်မောက်မြို့ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ကြေညာချက်အမှတ်စဉ် (၆)

၂၀၁၄ - ခုနှစ်၊ ဇွန်လ (၉)ရက်

အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များအား မကြာမီထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်သည် ကမ်းလှမ်းအစုရှယ်ယာ (၂,၁၄၅,၀၀၀)ကို အများပြည်သူသို့ ၂၀၁၄ ခုနှစ်၊ မတ်လ (၃)ရက်နေ့မှ ဧပြီလ (၉)ရက်နေ့အထိ ဖိတ်ခေါ် ရောင်းချခဲ့ပြီး အဆိုပြု အစုရှယ်ယာအတိုင်း အပြည့်အဝ ဝယ်ယူခွင့် မရရှိသူများအား ၂၀၁၄ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် သက်ဆိုင်ရာ ဘဏ်ခွဲများမှတစ်ဆင့် ဝယ်ယူခွင့် ရရှိသည့် အစုရှယ်ယာပမာဏထက် ကျော်လွန်သည့် ပိုငွေများကိုလည်း ပြန်လည်ထုတ်ပေးပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အစုရှယ်ယာဝယ်ယူခွင့် ရရှိသူများထံသို့ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များကို ၂၀၁၄ ခုနှစ်၊ မေလ (၂၈)ရက်နေ့တွင် ထုတ်ပေးနိုင်ရန် မူလက ခန့်မှန်းထားရှိခဲ့ပါသည်။

၃။ ယခုအခါ အစုရှယ်ယာဝယ်ယူထားပြီးသူ အားလုံးကို ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် အစုရှယ်ယာရှင်များ အဖြစ် ပုံစံ-၆ဖြင့် စနစ်တကျမှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၄။ မူလခန့်မှန်းထားသော ရှယ်ယာထည့်ဝင်သူ အရေအတွက်ထက် များစွာပိုမို ထည့်ဝင်လာခြင်းကြောင့် လည်းကောင်း၊ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate)ကို လုံခြုံစိတ်ချနိုင်စေရန် Electronic QR System အား ထည့်သွင်းပြုလုပ် ဆောင်ရွက်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့ မှစတင်၍ (Shares Certificate)များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များ ထုတ်ပေးမည့် အစီအစဉ်အသေးစိတ်ကို နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်အသိပေး ကြေညာပေးမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်

ဌာနဆိုင်ရာ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

၂၉။ **တင်ဒါပေးခြင်းနှင့် ကုမ္ပဏီများ အခန်းကဏ္ဍပွင့်လင်းမြင်သာမှုရှိရန် တာဝန်ရှိသူများနှင့် ပြည်သူများမှ စောင့်ကြည့်ထိန်းညှိပေးရန် လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** တင်ဒါကို ပွင့်လင်းမြင်သာသောစနစ်ဖြင့် ဆောင်ရွက်ရန် တရားဝင်စာထုတ်၍ ညွှန်ကြားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃၀။ **ငါ/သိုင်းချောင်း-ဂွလမ်း တောင်ပေါ်လမ်းအပိုင်းတွင် ကျဉ်းမြောင်းနေရာများကို လမ်းချဲ့ခြင်း၊ အကွေ့အကောက်နေရာများအား မြင်ကွင်းကောင်းရရန် ချဲ့ခြင်း၊ အလွန်တစ်ရာကွေ့ကောက်နေသော လမ်းကွေ့များဖြတ်ဖောက်ခြင်းတို့ကို ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ငါ/သိုင်း-ဂွလမ်း တောင်ပေါ်လမ်းအပိုင်းတွင် ကျဉ်းမြောင်းနေရာ ၁၀ နေရာရှိပါသည်။ ထိုနေရာများအား လမ်းချဲ့ခြင်း၊ အကွေ့အကောက်နေရာများအား မြင်ကွင်းကောင်းရန် ချဲ့ခြင်း၊ အလွန်တစ်ရာကွေ့ကောက်နေသော လမ်းကွေ့များဖြတ်ဖောက်ခြင်းတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျာထားရန်ပုံငွေ ကျပ်သန်း ၄၄၀ ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၁။ **ဂွမြို့နှင့်မကျေးငူကျေးရွာအုပ်စုသို့ဆက်သွယ်သည့် ချောင်းကူးတံတားကို အမြန်ဆုံး အကောင်အထည်ပေါ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဂွမြို့နှင့်မကျေးငူကျေးရွာအုပ်စုသို့ ဆက်သွယ်သည့်ချောင်းကူးတံတားကို တံတားအထူးအဖွဲ့မှ တိုင်းတာ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်သို့ ဆက်လက်ဆောင်ရွက်နိုင်ရန် တင်ပြထားပြီးဖြစ်ပါသည်။ ၎င်းလမ်းသည် စည်ပင်သာယာရေးပိုင်လမ်းဖြစ်ပြီး ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ရန်ပုံငွေလျာထားချက်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၂။ **ပြည်နယ်/ပြည်မ ကတ္တရာလမ်း အရည်အသွေးကွာခြားမှုရှိနေသည်ကိုတွေ့ရပါသည်။ မည်သည့်အတွက်ကြောင့် ကွာခြားမှုရှိနေသည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ကတ္တရာအရည်အသွေးကွာခြားမှုမရှိပါ။ ကတ္တရာကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ဆိပ်ကမ်းတွင် ဖွင့်ဖောက်စစ်ဆေးလက်ခံ၍ ပျဉ်းမပင်စခန်းမှ မြန်မာတစ်နိုင်ငံလုံးသို့ Indent အရ ပေးပို့စေပြီး အရည်အသွေးတူညီမှုရှိပါသည်။ လုပ်ငန်းခွင်တွင် ဆောင်ရွက်ရာ၌ အင်ဂျင်နီယာများ၏ ကြီးကြပ်မှုအားနည်းမှုကြောင့် ကတ္တရာကျိုချက်သည့်အခါ အပူချိန် ၁၆၅ C° မပြည့်မီမှု၊ ကျော်လွန်မှုများကြောင့် ကတ္တရာအရည်အသွေး ကွာခြားရခြင်းဖြစ်ပါသည်။ ထို့ကြောင့် အင်ဂျင်နီယာများအား သင်တန်းများပို့ချ၍ ရောက်သည့်နေရာများတွင် သင်ကြားဆောင်ရွက်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၃။ **သံတွဲ-ဂွလမ်းတံတားအမှတ်-၆/၄၄ ကျောက်ပါးစပ်တံတားအရှည် ပေ ၃၀၀ ဂျာမန်သံပေါင်သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** သံတွဲ-ဂွလမ်းပေါ်ရှိ တံတားအမှတ် ၆/၄၄ ကျောက်ပါးစပ်တံတား အရှည်ပေ ၃၀၀ ရှည် ဂျာမန်သံပေါင်သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးခြင်းမရှိသေးပါကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် တံတားကြံ့ခိုင်မှုရှိစေရန် ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၄။ **သံတွဲမြို့သည် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဌာနပေါင်း ၇၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ခရိုင်မြို့တစ်မြို့ဖြစ်ပါသည်။ ဝန်ထမ်းများနေထိုင်ရန်အတွက် အဆောက်အအုံတစ်ခုမျှမရှိပါ။ ဝန်ထမ်းအိမ်ရာများ မရှိသောဌာနများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** အိုးအိမ်ဦးစီးဌာနအနေဖြင့် ဝန်ထမ်းအိမ်ရာများတည်ဆောက်ပေးရာတွင် မြေနေရာရရှိမှသာ ရန်ပုံငွေတင်ပြတောင်းခံ၍ ရရှိပါမည်။ သံတွဲမြို့တွင် အိုးအိမ်ဦးစီးပိုင်မြေမရှိပါ။ သံတွဲမြို့တွင် ဝန်ထမ်းအိမ်တည်ဆောက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသို့ မြေနေရာရှိ မရှိ ညှိနှိုင်းတင်ပြခဲ့ရာ တရော်တောကျေးရွာရှိ မြေ ၂၈ ဒသမ ၈ ဧကထဲမှ သင့်လျော်သည့် ငါးဧကဖြစ်စေ၊ ၁၀ ဧကဖြစ်စေ လျော်ကြေးပေးချေ၍ မြေနေရာရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၅။ **သံတွဲမြို့နယ်၊ ငပလီကျေးရွာကို ငပလီမြို့အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ လူနေထူထပ်လာသည်နှင့်အမျှ အိုးအိမ်မြေယာများတည်ဆောက်ရန် လိုအပ်လာပါသည်။ သို့ဖြစ်ပါ၍ သံတွဲမြို့နှင့် ငပလီမြို့ကိုဆက်သွယ်ထားသောလမ်းတစ်လျှောက်တွင် လူနေအိမ်ရာများအဖြစ် တည်ထောင်ပေးပါရန်နှင့် ငပလီနှင့်သံတွဲအကြားရှိ စက်မှု(၁)မှ ရော်ဘာခင်းများကို လမ်းဘေးတစ်ဖက်တစ်ချက် ပေ ၂၀၀၀ ခန့်ရှင်းလင်း၍ အိမ်ရာများ ဖော်ထုတ်ကာ အိုးအိမ်ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်ရှိ မရှိ သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရခိုင်ပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာများသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့အိမ်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စက်မှု(၁)ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းပြီးဆောင်ရွက်ခွင့်ရလျှင် လမ်းဘေးတစ်ဖက်တစ်ချက် ပေ ၂၀၀၀ ခန့်ရှင်းလင်း၍ မြို့ပြစီမံကိန်းရေးဆွဲသည့်(TownPlan)ရေးဆွဲခြင်း၊ မြို့ကွက်ချပေးခြင်းတို့အား အိုးအိမ်ဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃၆။ **သံတွဲမြို့မှ ငပလီသို့ လေးမိုင်နှစ်ဖာလုံကို နေလသစ္စာကုမ္ပဏီမှ လမ်းဖြတ်သန်းခကောက်ခံနေပါသည်။ ငပလီမှ ဂျိတ္တောခြောက်မိုင်ကိုလည်း နေလသစ္စာကုမ္ပဏီမှ လမ်းဖြတ်သန်းခကောက်ခံနေပါသည်။ ၁၀ မိုင်အတွင်း ကောက်ခံဂိတ်နှစ်ခုဖြစ်နေခြင်းအား ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။ သံတွဲ-ငပလီ-ဂျိတ္တောလမ်းကို အများပြည်သူများ အစဉ်မပြတ်သွားလာခြင်း၊ နိုင်ငံခြားသားသွားလာမှုများပြားလာခြင်း၊ နိုင်ငံတော်မှ စိုက်ထုတ်လမ်းခင်းထားခြင်းတို့ကြောင့် အများပြည်သူအသုံးပြုမှုအတွက် အကောက်ခံဂိတ်များ ဖျက်သိမ်းပေးနိုင်မှု အစီအစဉ်ရှိ မရှိသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** သံတွဲမှ ဂျိတ္တောလမ်းတွင် လမ်းဖြတ်သန်းခ ကောက်ခံရေးဂိတ်နှစ်ဂိတ်ဖြစ်ခြင်းမှာ (၁)သံတွဲ-ငပလီလမ်းအတွက် လမ်းဖြတ်သန်းခကို (နန်းချောင်းဂိတ်)မှလည်းကောင်း၊ (၂)မဇင်-ငပလီ-လုံးသာအတွက် လမ်းဖြတ်သန်းခကို (လင်းသာဂိတ်)မှ လည်းကောင်း လမ်းနှစ်ခုအတွက် သီးခြားစီကောက်ခံသောကြောင့် ဂိတ်နှစ်ခုထားရှိခြင်းဖြစ်ပါသည်။ ယခုအခါ ၎င်းဂိတ်များကို နေလသစ္စာကုမ္ပဏီမှ ကောက်ခံနေခြင်းမဟုတ်ဘဲ လမ်းတံတားဖြတ်သန်းခကောက်ခံရေး လေလံအောင်မြင်သူ ဦးခင်မောင်က ကောက်ခံနေခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ဂိတ်နှစ်ဂိတ်ထားရှိကောက်ခံရခြင်းမှာ သံတွဲမှ ငပလီအထိအပိုင်းကိုတစ်ဂိတ်နှင့် လုံးသာမှ ငပလီအထိအပိုင်းကို တစ်ဂိတ်ထားရှိကာ သွားလာသည့် ယာဉ်များအား ကောက်ခံခြင်းဖြစ်ပါသည်။ သံတွဲမှ ငပလီထိသွားလာလျှင် ပြေစာဖြတ်ပိုင်းပေး၍လည်းကောင်း၊ ငပလီမှ လုံးသာသို့ ဆက်လက်သွားလျှင် နောက်ထပ်ပြေစာဖြတ်ပိုင်းတစ်ခု ထပ်ပေး၍လည်းကောင်း ဆောင်ရွက်ပါက ပြေလည်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် လေလံ အောင်မြင်ပြီးဖြစ်သဖြင့် ပယ်ဖျက်၍မရနိုင်ပါ၊ လာမည့်နှစ်များတွင် နယ်မြေအခြေအနေအရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရေချိုကျေးရွာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်

မိတ္ထီလာ ဇွန် ၁၃

မိတ္ထီလာမြို့ ရေချို၊ လေးတိုင်စင်၊ လိန်တော၊ ကံကောင်း၊ အင်းပက်လက်စသည့်ကျေးရွာများမှ ဒေသခံကျောင်းသား ကျောင်းသူများနှင့် မလှိုင်မြို့နယ်မှ လယ်တကောင်း၊ ရေကမိုးကျေးရွာများမှ ဒေသခံကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ယူနေသည့် ရေချိုကျေးရွာ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၉နာရီက အဆိုပါအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆိုင်းဘုတ်ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး(မိတ္ထီလာ အမှတ် (၁) မဲဆန္ဒနယ်)၊ ခေတ္တခရိုင်ပညာရေးမှူး သက်လေးဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကြည်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးယုတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသံနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသံက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးက ဝမ်းမြောက်ကြောင်း စကားပြောကြားသည်။ ထို့နောက် ခေတ္တခရိုင်ပညာရေးမှူးက အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပြီး ပညာရေးစည်းကမ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် နာယက ဦးအုန်းမောင်က ဒေသခံကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသည် မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ပညာသင်နှစ် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့် တစ်ခုတည်းသော အခြေခံပညာကျောင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ယင်းမာပင်၌ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်

ယင်းမာပင် ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စည်လှော်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်၊ စည်လှော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅င/၉၀၉၈၊ ကမ-၃ ပျောက်လျှောက်ထား ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘီစင်း ၉/မရမ(နိုင်)၀၅၃၉၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၅၄၈၁ Toyota Toyaacc BD 64/ VT(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလောလင်(ခ)ရန်အောင် ၁/မညန(နိုင်)၀၇၂၇၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ ကံသာ(င)အုပ်စု၊ (၁၆)လမ်း၊ မြေကွက်အမှတ်(၁၁၃)၊ အကျယ်အဝန်း ပေ(၄၀×၆၀) တစ်ထပ်တိုက်ပါရှိသော ဦးဆန်းတင့်အမည်ပေါက်မြေကွက်နှင့် တစ်ထပ်တိုက်အား ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာဦး ၈/မကန(နိုင်)၁၆၈၂၉၅ထံမှ ကျွန်ုပ်မှဝယ်ယူ၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ မြို့နယ်မြေစာရင်းရုံး၊ မကွေးမြို့သို့ ယနေ့မှစ၍ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်သူဇာခိုင် ၈/ငဖန(နိုင်)၀၀၀၀၇၂
ဖုန်း-၀၉-၃၃၂၂၂၅၄၅၊ ၀၉-၄၇၂၀၀၀၄၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၈၂၆၇၊ Toyota I plum Sxm 10, S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၉/တသန(နိုင်)၀၇၄၄၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မကွေးခရိုင်တရားရုံး၊ ခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂
ပျံလွန်တော်မူသော ဆရာတော် ဦးဝဇီရ၏ ကျန်ရှိသောပစ္စည်းအကြောင်း

ဦးနန္ဒောဘာသ — လျှောက်ထားသူ

တောင်တွင်းကြီးမြို့၊ စွယ်တော်စဉ်ကျောင်းတိုက်၊ (ယခု-မတောင့်တကျောင်းတိုက်)နေ သန္တက ဆရာတော် ဦးနန္ဒောဘာသက တောင်တွင်းကြီးမြို့၊ စွယ်တော်စဉ်ကျောင်းတိုက် ပျံလွန်တော်မူသော ဆရာတော် ဦးဝဇီရ၏ မြန်မာ့စီးပွားရေးဘဏ်၊ တောင်တွင်းကြီးမြို့တွင် စုဆောင်းထားရှိငွေများအား ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း။ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းပျံလွန်တော်မူသွားသည့် ဆရာတော် ဦးဝဇီရမှာ ကျန်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူ/ရဟန်းဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇူလိုင် ၃ရက်(၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၇ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဆရာတော် ဦးနန္ဒောဘာသာ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၂)
မကွေးခရိုင်တရားရုံး

အမည်ပြောင်း

ပခုက္ကူမြို့၊ အမက(၁၁) ကျောင်း၊ တတိယတန်း(က)မှ ဦးကျော်ကျော်ဝင်း၏သမီး မခင်မို့မို့ဝင်းအား မသွန်းရတီစံဟု ပြောင်းလဲခေါ်ပါရန်။

မသွန်းရတီစံ

အမည်ပြောင်း

ဦးသန့်တင်ဦး၏ သမီး၊ ရေဦးမြို့၊ အထက(၁)၊ တတိယတန်း(A)မှ မယွန်းရွှေရည်သန့်အား ယနေ့မှစ၍ မယွန်းရွှေရည်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယွန်းရွှေရည်ဦး

ဖခင်အမည်မှန်

မိုးမိတ်မြို့နယ်၊ မကျည်းပင် အထက တက္ကသိုလ်ဝင်တန်း(င)မှ မဝင်းဝင်း ၁၃/မဘန(နိုင်)၀၂၉၉၆၉၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်နိုင်(ခ)ဦးညီညီ ၁၃/မဘန(နိုင်) ၀၁၄၅၀၀ ဖြစ်ပါကြောင်း။

ဦးဝင်းကျော်နိုင်(ခ)ဦးညီညီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၁၁၉ AUO Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခမ်းအောင် ၁၃/ကမန(နိုင်)၀၈၂၀၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ အရေးကြီးစာချုပ်စာတမ်းများသည် ၁၈-၅-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအမြန်ဆုံးဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်မြမြစန်း
ဖုန်း-၀၉-၂၅၄၃၂၃၈၄၃၊
၀၉-၄၉၂၅၆၁၉၉

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူနယ်မြေ(၁၁)၊ အောင်ချမ်းသာအလယ်ပိုင်းအမှတ်(၇/၁၁)နေ ကျွန်မ၏သမီး မစန်းစန်းထွေး ၉/ပမန(နိုင်)၁၅၅၆၁၄ (ဘ) ဦးထွန်းရွှေသည် မိခင်ကြီးနှင့်အစ်ကိုအစ်မများ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ခွင့်မလွှတ်နိုင်သောလုပ်ရပ်များအား ၎င်း၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ကြည်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အခွင့်အရေးများဖော်ဆောင်ပေးမည့် မသန်စွမ်းသူများညီလာခံ

ရန်ကုန် ဇွန် ၁၃

ကမ္ဘာတစ်ဝန်းမသန်စွမ်းသူများကို အလေးထားလာသည့် လူမှုရေးအသင်းအဖွဲ့များ၊ အားကစားပြိုင်ပွဲများအပြင် အခြားသောအခွင့်အလမ်းများကို ပါဝင်ဆင်နွှဲပုံဖော်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအား အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ ညီလာခံကို ကျင်းပနေပြီဖြစ်သည်။

"နိုင်ငံတစ်ဝန်း မသန်စွမ်းသူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ အတားအဆီးတွေကို ဆွေးနွေးဖော်ထုတ်ပြီး လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူတွေ အပြည့်အဝဝင်ဆံ့ခွင့်ရရှိစေဖို့ရာ ဗဟိုပြုထင်ဟပ်မယ့် ကြေညာချက်တစ်စောင်ကို ဒီညီလာခံမှာ ထုတ်ပြန်ကြေညာနိုင်ဖို့ မသန်စွမ်းသူတွေ အခွင့်အရေးဥပဒေ အမြန်ဆုံးအကောင်အထည်ပေါ်လာစေရေးအတွက် တိုက်တွန်းဆောင်ရွက်ဖို့နဲ့ နိုင်ငံလူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းရှိတဲ့ မသန်စွမ်းသူအားလုံးကို ကိုယ်စားပြုတဲ့ ပြည်ထောင်စုအဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီ တစ်ရပ်ဖွဲ့စည်းသွားရန် စတဲ့ရည်ရွယ်ချက်တွေနဲ့ အခုလို မသန်စွမ်းသူများညီလာခံကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများညီလာခံသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း အဖွင့်မိန့်ခွန်းပေးပို့ခဲ့သဖြင့် ရုပ်မြင်သံကြားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ယခုကျင်းပသည့်ညီလာခံသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများညီလာခံကျင်းပစဥ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ ညီလာခံတွင် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခြေအနေ၊ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်နှင့် အာရှ-ပစိဖိတ်ဒေသ မသန်စွမ်းလှုပ်ရှားမှုများအကြောင်း၊ မသန်စွမ်းသူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးအကြောင်း၊ မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အကျုံးဝင်ရေးနှင့် အပြည့်အဝဝင်ဆံ့နိုင်ရေးအတွက် အတားအဆီးများဖယ်ရှားခြင်း၊ မသန်စွမ်းသူများနှင့် စကားဝိုင်းဆွေးနွေးခြင်းများ၊ မသန်စွမ်းသူများနှင့် မြေမြှုပ်မိုင်းအကြောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဥ်များတွင် မသန်စွမ်းသူများ၏ကဏ္ဍ လူတိုင်းအကျုံးဝင်ပညာရေးအကြောင်း၊ ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ မသန်စွမ်းကောင်စီအမှုဆောင်များအား ရွေးချယ်ခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများညီလာခံသည် နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများကို နိုင်ငံတော်အဆင့် အာမခံချက်ပေးမည့် မှတ်တိုင်တစ်တိုင် တည်ဆောက်ခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်ပေးရန် ကတိကဝတ်ပြုထားခဲ့သည့် ပြည်ထောင်စုလွှတ်တော်သည် မသန်စွမ်းသူများ အခွင့်အရေးဥပဒေမူကြမ်းတစ်ရပ်ကို မကြာမီလွှတ်တော်တွင်း ဆွေးနွေးတင်ပြရန် ပြင်ဆင်နေပြီဖြစ်သည်။

ဤညီလာခံသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းထုတစ်ရပ်လုံးအတွက် မသန်စွမ်းသူများ၏အခွင့်အရေးများကို ဖော်ဆောင်မြှင့်တင်ပေးသည့် သမိုင်းအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ **ဝေယံဦး**

သတင်းတိုများ

မူလတန်းကြိုကျောင်းများတွင် ကျောင်းသားဦးရေမြင့်တက်

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုနှင့်အတူ အသက်သုံးနှစ်မှ ငါးနှစ်အောက်ကလေးများ၏ အခြေခံပညာရေးကောင်းမွန်စေရန် မူလတန်းကြို(မူကြို)နေ့ကလေးထိန်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးကျောင်းများ သာစည်မြို့တွင် အပြိုင်အဆိုင်ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူး

သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ် (GAP)လက်တွေ့သင်တန်းကို ပုလဲသွယ် စပ်မျိုးစပါး မျိုးထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲကို ဇွန် ၇ ရက် နံနက် ၈ နာရီက ကယားပြည်နယ် ဒီမောဆိုးမြို့နယ် ငွေတောင်စိုက်ကွင်း၌ ကျင်းပသည်။ **ရဲနောင်(လွိုင်ကော်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျေးလက်နေပြည်သူများ၏ အခြေခံပမာဏ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးနိုင်ရေး အတွက် ပဲခူးမြို့၏ အရှေ့တောင်ဘက် လေးမိုင်ခန့်ဝေးသော တောင်သူစုကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကျန်းမာရေးဦးစီးဌာနမှ ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။ **စံလင်း(ပဲခူး)**

အထက်မင်းလှ အလင်းခေတ်စာကြည့်တိုက်ဖွင့်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ဘွဲ့အုပ်စု ညှင်းသွန်းကျေးရွာတွင် အလင်းခေတ်ကျေးလက်စာကြည့်တိုက်ကို မေလက ဖွင့်လှစ်ခဲ့ရာ စာကြည့်တိုက်မှာ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ (၂၀×၁၈)ပေ အဆောက်အအုံဖြစ်ကြောင်း၊ စာကြည့်တိုက်တွင် စာအုပ်မျိုးစုံ ၂၀၀၀ ရှိကြောင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့တိုးတက်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်များအဖြစ် ဓမ္မိကတောရဆရာတော် ဦးသာသနနှင့် စာကြည့်တိုက်ထိန်းသိမ်းရေးအဖွဲ့အဖြစ် ကျေးရွာလူငယ်မောင်မယ် ၂၄ ဖွဲ့တို့က ဆောင်ရွက်နေကြကြောင်း၊ အသင်းဝင်ကတ်ပြားစနစ်ဖြင့် ဆောင်ရွက်ပြီး အသင်းဝင် ၉၀ ခန့်ရှိကြောင်း၊ ဆရာတော်တစ်ပါးက ဇွန် ၇ ရက်တွင် မီဒီယာသို့မိန့်ကြားခဲ့သည်။ စာကြည့်တိုက်ကို နေ့စဥ်ဖွင့်လှစ်ထားသဖြင့် စာဖတ်သူများပြီး စာမဖတ်သူပပျောက်ရေးကို အထောက်အကူဖြစ်စေကြောင်း သိရသည်။ **ကိုကြီးစန်း**

သာယာဝပြောရေး စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်

လပွတ္တာ ဇွန် ၁၃

လပွတ္တာခရိုင် လပွတ္တာမြို့နယ် အာဒရာမြန်မာ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးနှင့် သာယာဝပြောရေးစီမံကိန်း ပြီးဆုံးခြင်းနှင့် ကျေးရွာအခြေပြု အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများကို လွှဲအပ်ခြင်းအခမ်းအနားကို လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာမြို့နယ် ဒုတိယဦးစီးမှူး ဦးစိုးမြတ်သူနှင့် ပြင်စလူအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။ လပွတ္တာမြို့နယ် ပြင်စလူမြို့နယ်ခွဲရှိ လွဇာ၊ ကုန်းကြီးနှင့် ရေတွင်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၃ ရွာတွင် အာဒရာမြန်မာဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အလှူရှင် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ အဖွဲ့ (LIFT)၏ ငွေကြေးထောက်ပံ့မှုဖြင့် ဒီရေတောနှင့် သဟဇာတဖြစ်သော ငါး၊ ပုစွန်၊ ကဏန်းကန်များ တည်ဆောက်မွေးမြူခြင်း၊ ဒီရေတောပင်နှင့် ရေချိုပင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ခြင်း၊ ဒီရေတောများထိန်းသိမ်းခြင်းလုပ်ငန်းလုပ်အားနှင့် ငွေကြေးလဲလှယ်ခြင်းလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်စွမ်းရည်မြှင့် သင်တန်းများပေးခြင်း၊ ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ပေးခြင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၊ ရောင်းဝယ်မှုဆိုင်ရာလုပ်ငန်းများ တည်ထောင်ပေးခြင်းစသည့် လုပ်ငန်းများကို ဇွန် ၁၆ ရက် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဇွန် ၁၅ ရက်ထိ အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။

အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးနှင့် သာယာဝပြောရေး စီမံကိန်း SCALE UP Project လုပ်ငန်းများ၊ သက်ဆိုင်ရာဌာနနှင့် ကျေးရွာပြည်သူလက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၄၁၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၃၇၇(အလျား ၄၂ပေ×အနံပေ ၆၀) မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက် ဦးစောရိုန်ထံမှ ဆင့်ကဲဆင့်ကဲ စာချုပ်များဖြင့် လက်ရောက်ဝယ်ယူခဲ့သူ ဦးစိုးတင့်ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ရက်သတ္တပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အောင်ဖြူဖြူ ၇/ညလပ(နိုင်)၀၉၀၃၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြိုးဖြိုးအောင် LL.B, D.B.L — အထက်တန်းရှေ့နေ (စဥ်-၃၅၀၂၃)

ဦးဝင်းဋ္ဌေး B.A, R.L — တရားလွှတ်တော်ရှေ့နေ(စဥ်-၂၂၅၆)

အမှတ် -၆၂(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၁၅၀၈၀၃

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဥ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဥ်	လျှောက်ထားသူ - အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် - မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၂၀၁၄	ဦးစိုးမြင့်+၁	၁၂/သဃက(နိုင်)၀၉၀၁၀၅	အမှတ် (၈)၊၁၄လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်း	သဃ်န်းကျွန်း	ရန်ကုန်သစ်	၂၅၃	ဦးသန်းဖေ	အမည်ပြောင်း

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဖခင် အမည်မှန်

သာယာဝတီမြို့၊ အထက(၁)၊ အဋ္ဌမတန်းမှ မောင်ကျော်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၇/သဝတ(နိုင်)၀၇၀၄၂၀ဖြစ်ပါသည်။

ဦးခင်မောင်ထွေး၊ ကျောက်မဲမြို့

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် (ကုန်းဘောင်အိမ်ရာ)၊ မြေတိုင်းရပ်ကွက်အမှတ်၁၁၇၊ မြေကွက်အမှတ် ၉၀၊ အကျယ်အဝန်း၀.၁၁၁၁ ၂၃၃ ဧက၊ ၁၀၀၆၉ စတုရန်းပေရှိ ဦးထွန်းထွန်းမြတ်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက် နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်(ကုန်းဘောင်အိမ်ရာ) မြေတိုင်းရပ်ကွက်အမှတ် ၁၁၇၊ မြေကွက်အမှတ် ၉၁၊ အကျယ်အဝန်း ၀.၁၁၁၁ ၂၃၃ ဧက၊ ၁၀၀၆၉ စတုရန်းပေရှိ ဦးဇော်မျိုးထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (အထူးကိုယ်စားလှယ်စာ လက်ခံရရှိသူဖြစ်သော) ဒေါ်နော်ကမေဝါး ၁၄/ပသန(နိုင်)၀၇၈၄၇၃က လက်ရောက်ရရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းဖေချ ၁၂/ဥကတ(နိုင်)၁၄၉၉၉၁ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအိုက်ဆန်း ၁၃/တကန(နိုင်)၁၄၄၅၇၇ထံမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဥ်-၁၄၄၆၀) LL.B, C.B.L

ဒေါ်ကြည်သဘင်(စဥ်-၂၈၅၇၃) LL.B, LL.M

ဒေါ်နန်းဆိုင်အုံ(စဥ်-၁၈၅၃၀) LL.B

ဒေါ်ခင်လင်းထွေး(စဥ်-၁၈၂၁၈) LL.B

ဦးမိုးမင်းဟိန်း (စဥ်-၁၈၂၉၂) LL.B

အထက်တန်းရှေ့နေများ (ရွှေဟင်္သာအိမ် ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)

အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆ အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၇၃၀၈၅၂၁၃၊ ၀၉-၂၁၅၇၇၀၆၈၊ ၀၉-၂၁၂၁၀၀၇၇၊ ၀၉-၂၁၃၀၆၂၉၂၊ ၀၉-၄၂၁၂၅၇၇၀၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၂ရပ်ကွက်၊ အမှတ် ၈၂၇၊ ပါမစ်အမည်ပေါက် ဒေါ်ခင် BQ -၀၁၅၆၄၄၏ အကျယ်ပေ (၄၀×၆၀)နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်လေးလေးသွယ် ၅/မရန(နိုင်)၁၇၀၉၆ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြဌာန်းအညီ ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝေမီလှိုင် LL.B, D.B.L

တရားလွှတ်တော်ရှေ့နေ (စဥ်-၉၆၉၁)

အမှတ် (၆၇)၊ မြေကွက်လွှာ (A)၊ (၁၀)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၉၆၄၃

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ဖြူဖြူမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ဃ/၄၂၊ မြေကွက်တည့်နေရာ အမှတ် ၄၂၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါ်ပုံဖြူမြို့နယ် ဦးကျော်ထွန်း (၈) ဦးကျော်ဒွန်း ၁၂/ဒဂန(နိုင်) ၀၃၀၂၆၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ထွန်း(၈) ဦးကျော်ဒွန်း(ခ)ဦးကျော်ထွန်း(၈) ဒေါ်အုန်းကြည်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးမျိုးနိုင် ၁၂/ဒဂန(နိုင်) ၀၃၀၂၆၇၊ (၂)ဒေါ်အေးအေးခိုင် ၁၂/ဒဂန(နိုင်)၀၃၀၂၆၅တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း မြေပုံ ကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၆)၊ မြေကွက်အမှတ်(၄၉၇)၊ မြေအမည်ပေါက် ဦးအောင်တင် MMA-၁၉၁၇၂၁ ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်နွယ်နွယ်စိန် ၁၂/ဥကတ(နိုင်)၀၁၀၃၀၉ မှ မြေချပါမစ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကသာမြို့ မြို့တော်ခန်းမတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ကသာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ ဇရာကမ်းသာပန်းခြံနေရာ၌ ဇွန် ၁၀ ရက် နံနက် ၇ နာရီခွဲက မြို့တော်ခန်းမတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်းနှင့် ကသာခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းတို့နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ခဲ့၍ ပန္နက်တင်မင်္ဂလာကို နံနက် ၈နာရီခွဲတွင်ကျင်းပခဲ့ကြောင်း သိရသည်။ ကသာမြို့သူမြို့သားများ၏ မတည်အလှူငွေများဖြင့် တည်ဆောက်ခြင်းဖြစ်၍ ကသာမြို့သူ မြို့သားများက စေတနာအလျောက် ဘဏ္ဍာငွေရှာဖွေရေးကော်မတီသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ပြည်သူ့ဗဟိုပြု စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း နေပြည်တော်ကောင်စီနယ်မြေမှ ဖွင့်လှစ်သော ပြည်သူ့ဗဟိုပြု စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ၁/၂၀၁၄-၂၀၁၅ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂) နေပြည်တော်ကောင်စီနယ်မြေ ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပရာ ဦးဝေကြိုင်-ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)နေပြည်တော်မှ ဝန်ထမ်းများ စည်းကမ်းရှိရန်၊ တာဝန်ကိုစွမ်းစွမ်းတမံ တာဝန်ယူလုပ်ဆောင်ကြရန်၊ မိမိအလုပ်အပေါ်တွင် စေတနာထားလုပ်ဆောင်ကြရန် အမှာစကားပြောကြားပြီး ဦးစောဂွန်ရွှေဘ-ဒုတိယအထွေထွေမန်နေဂျာ၊ နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူ့ဗဟိုပြု စွမ်းဆောင်ရည်မြှင့်မားရေးပြုစုပျိုးထောင်ရန်နှင့် IT ခေတ်တွင် မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများအရည်အသွေးတိုးတက်ရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း စသည်ဖြင့် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဦးမြင့်ဌေး ကျောင်းအုပ်ကြီးမန်နေဂျာ လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂)မှ အစိုးရပိုင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ဝန်ထမ်းများအနေနဲ့ လုပ်သားပြည်သူများအပေါ် စေတနာထောက်ထားသည့်စိတ်ဓာတ်ကို အခြေခံလို့ ပြည်သူလူထုဗဟိုပြုပြည်သူ့အကျိုးကိုသယ်ပိုးထမ်းရွက်ကြရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

အဆိုပါ သင်တန်းသို့ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တိုင်းရုံး၊ သစ်ထုတ်လုပ်ရေးဒေသရုံးများ၊ ပြည်တွင်းရောင်းစက်၊ လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် ပင်မအလုပ်ရုံတို့မှသင်တန်းသား ၂၇ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းဇော်၊ (မြန်မာ့သစ်လုပ်ငန်း)

ညောင်ကိုင်းကျိုးကျခြင်းကြောင့် ပျက်စီးသွားသည့်စာသင်ကျောင်းဆောင်ကို စစ်ဆေး

ချောက် ဇွန် ၁၃

ချောက်မြို့တွင် ဇွန် ၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ညောင်ကိုင်းကျိုးကျသဖြင့် ပျက်စီးသွားသည့် အမက (၂) ကျောင်းရှိ စာသင်ကျောင်းဆောင်ကို ဇွန် ၁၀ ရက် ညနေ ၆ နာရီက ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့်အဖွဲ့ရောက်ရှိပြီး အဆိုပါပျက်စီးသွားသည့် စာသင်ကျောင်းဆောင်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ကျောင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ်ဦးတင်မျိုးကြည်က ပျက်စီးသွားသည့် ကျောင်းဆောင်ကို အမြန်ဆုံးဖျက်ပြီး အခန်းလေးခန်းပါ နှစ်ထပ်အဆောက်အအုံ ပြန်လည်ဆောက်လုပ်ရန်၊ လက်ရှိ ယာယီသင်ကြားရေး အဆောက်အအုံဆောက်လုပ်၍ ပညာသင်ကြားပေးရန် အဆိုပါ သစ်ကိုင်းကျိုးကျသည့်ညောင်ပင်မှာ ထပ်မံကျိုးကျလာနိုင်ပါက ခုတ်လှဲပစ်ရန်၊ ကျောင်းဆောင်ဆောက်လုပ်ပါက လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှလည်း ကူညီဆောင်ရွက်ပေးရန်၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျထားရှိပြီး ကော်မတီဖွဲ့စည်း၍ လိုအပ်သည့်နေရာများတွင် ပြန်လည်အသုံးပြုရန် မှာကြားခဲ့ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးခိုင်က ညောင်ကိုင်းကျိုးကျစဉ်က စာသင်ခုံများပါပျက်စီးသွားသဖြင့် လေးယောက်တွဲ စာသင်ခုံ ၃၀ ကို တောင်းခံခဲ့ရာ ညွှန်ကြားရေးမှူးက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ထိုတွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး ဦးညွှန့်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမောင်မောင်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းငွေနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ကျော်ဇေယျ(မကွေး)**

လမ်းလျှောက်နေသူအမျိုးသမီး၏ ငွေအိတ် လုယူထွက်ပြေးသူ ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၃

ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲခန့်က မဇင်မာလင်းသည် ရိုးမဘဏ်တံဆိပ်ပါ ကြွပ်ကြွပ်အိတ်အတွင်း ငွေကျပ် ၁၀ သိန်းထည့်ကာ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း ငုဝါလမ်းအတိုင်း လမ်းလျှောက်လာစဉ် အဆိုပါ ငွေအိတ်ကို အမျိုးသားတစ်ဦးက လုယူထွက် ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုသို့လုယူထွက်ပြေးသွားသူကို ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် ဘုရင့်နောင်ရဲစခန်းမှ လှည့်ကင်းတပ်ဖွဲ့ဝင်တို့က ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လုယူသွားသော ငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ နဂေးမီးယား(ခ) မုန်တိုင်း (၄၃ နှစ်) ကျိုက်လတ်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ နဂေးမီးယား(ခ)မုန်တိုင်းအား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မင်းလှမြို့တွင် မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

မင်းလှ ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်တို့ဦးဆောင်၍ မြစိမ်းရောင် ရန်ပုံငွေလွှဲအပ်ပွဲ အခမ်းအနားကျင်းပရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့်ဦးလှစိုးတို့က မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၂၇ ရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၈၁၀၀ ကို စီမံကိန်းဝင် ၂၇ ရွာရှိ ကော်မတီများထံ ပေးအပ်ခဲ့သည်။ ထိုပေးအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စီမံကိန်းဝင် ကျေးရွာများ၊ ၂၇ ရွာရှိ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။ **ကျော်ဇေယျ(မကွေး)**

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး)
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထားဝယ်မြို့၊ ဆန်းချိုရပ်ကွက်တွင် တနင်္သာရီတိုင်းဒေသကြီးရုံး၊ အဆောက်အအုံသစ် ပေ(၆၀×၄၀) သံကူကွန်ကရစ်နှစ်ထပ် ဆောက်လုပ်ခြင်း။
၂။ မြေဖို့ခြင်း၊ အုတ်ခြံစည်းရိုး ကာရံ၍ ဝင်ပေါက်တွင် သံပန်းတံခါးမကြီးတပ်ဆင်ခြင်း။
၃။ အဝင်၊ အထွက်လမ်း၊ ကွန်ကရစ်ခင်းခြင်း
၄။ အဝီစိတွင်းတူးခြင်းနှင့် အလံတိုင်ပြုလုပ်ခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၇-၆-၂၀၁၄ ရက်မှစ၍ နေ့စဉ်ရုံးဖွင့်ရက်များ၊ ရုံးချိန်အတွင်း ဤဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၆။ ၂၄-၆-၂၀၁၄ ရက် ညနေ ၄နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး ၂၆-၆-၂၀၁၄ ရက်တွင် တင်ဒါဖွင့်လှစ်ပါမည်။
၇။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းမည့် တိုင်းဒေသကြီးရုံး ဖုန်း-၀၅၉-၂၃၅၉၀-၂၃၄၈၄-၂၃၄၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်
(တိုင်းဒေသကြီးရုံး)ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာများကို (မြန်မာ ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၂၀၂၁ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၉-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - မွန်းတည့် ၁၂:၀၀ နာရီ
တင်ဒါလျှောက်လွှာဖွင့်မည့်အချိန် - မွန်းလွဲ ၂:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ- အင်ဂျင်နီယာမှူးကြီး(ရုံး)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မန္တလေးတိုင်းဒေသကြီး၊ လမ်း၃၀၊
၇၀×၇၁လမ်းကြား၊
ဖုန်း-၀၂-၃၉၁၈၆၊ ၀၂-၃၉၁၈၄

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ရှိ မြေဧရိယာ ၃ ဒသမ ၂၅ဧကအား ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း၍ မော်တော်ယာဉ်ဖြင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများ (JV) ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (အင်းစိန်) ဒညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်) ရုံးတွင် ၁၆-၆-၂၀၁၄ ရက် (တနင်္လာနေ့) မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၆၄၀၄၄၂၊ ၀၁-၆၄၀၇၃၉

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F / 5037၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၉၉၇၈ J.L.M 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးပေါင်လင် ၁၃/လရန(နိုင်)၀၈၁၂၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက(၁)အဋ္ဌမတန်း(B)မှ မမေမွန်သော်၏ ဖခင်အမည်မှန်မှာ ဦးစောမင်းမြိုင် ၅/ကလဝ(နိုင်)၀၀၁၂၂၁ ဖြစ်ပါသည်။

ဦးစောမင်းမြိုင် ၅/ကလဝ(နိုင်)၀၀၁၂၂၁

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(ခွဲ) အမှတ် ၁၄ အဋ္ဌမတန်း(E)မှ မောင်ထန်ခင်းစိန်နှင့် တတိယတန်း(C)မှ မဒိန်ဒိုက်လွှန်းတို့၏ ဖခင်အမည်မှန်မှာ ဦးတောင်စိန်ကွင်း ဖြစ်ပါသည်။

ဦးတောင်စိန်ကွင်း

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၃ဂ/၉၇၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ခ/၃၈၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စိုက်ပျိုးနည်းစနစ်ပညာပေးသင်တန်း ကျင်းပ

ကျောက်ဖြူ ဇွန် ၁၃

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာအုပ်စုတွင် ခေတ်မီစိုက်ပျိုးနည်းပညာသင်တန်းနှင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အောင်မြကြည်နှင့်အဖွဲ့၊ ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းနှင့် ဌာနစိတ်တာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး ကုန်ဘောင်အုပ်စု ရွာကြီးအုပ်စု၊ ခွဆုံအုပ်စုတို့မှသင်တန်းသား ၃၁ ဦးအား မြေအသုံးချရေး မျိုးစပ်သီးနှံ ကာကွယ်ရေးနည်းပညာများကို သင်တန်းပို့ချခဲ့သည်။ ရွာကျေးရွာအုပ်စု နားမူးတွေကျေးရွာ ကွင်းအမှတ်(၇၀၈) တောင်သူကိုးဦးပိုင် လယ်မြေတွင် စိုက်ပျိုးမည့်တစ်ကွင်းတစ်စပ်တည်း အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကကို မျိုးစေ့ပေးအပ်ခဲ့သည်။ ရမ်းဗြဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခင်စိုးက (GAP) စိုက်ပျိုးနည်းစနစ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးစေရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် နှစ်စဉ်စိုက်ပျိုးနည်းပညာများ ပြောင်းလဲခြင်း စိုက်ပျိုးနည်းစနစ်အကျင့်ကောင်းများရရှိစေမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီအဖွဲ့များတွေ့ဆုံ

ဖလမ်း ဇွန် ၁၃

ဖလမ်းမြို့တွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ချင်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုများမှရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာအသင်းအဖွဲ့များနှင့် ဇွန် ၁၀ရက်က တွေ့ဆုံခဲ့သည်။

ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလျန်အုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းကျော်က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဖလမ်းခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူးများက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မရှင်းလင်းသည့် မေးမြန်းတင်ပြချက်များအပေါ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၄ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် လိုအပ်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေများပေးအပ်

လင်းခေး ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေး ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အရာထမ်း အမှုထမ်းဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို လင်းခေးခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဝန်ထမ်းသားသမီးခြောက်ဦးတို့ကို ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ပြီး ဝန်ထမ်းသားသမီးတစ်ဦးချင်းစီကို မူလတန်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် အနည်းဆုံး ငွေကျပ် ၅၀၀၀ နှင့် အထက်တန်းနှင့် တက္ကသိုလ်အဆင့်တွင်သင်ကြားနေသည့်သားသမီးများအား ငွေကျပ် ၁၀၀၀၀မှ ၁၅၀၀၀စီကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်က ယခုကဲ့သို့မိမိတို့ဝန်ကြီးဌာနတွင် ရှိသော နိုင်ငံ့ဝန်ထမ်းသားသမီးများကို သာမက နိုင်ငံတော်ရှိဝန်ကြီးဌာနများ အသီးသီး၌လည်း ဤကဲ့သို့ ဝန်ထမ်းသားသမီးတိုင်းကို နှစ်စဉ်ပညာသင်စရိတ်များ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ ဝန်ထမ်းမိသားစုတို့၏ အဘက်ဘက်မှလိုအပ်ချက်များကို အတတ်နိုင်ဆုံးစွမ်းဆောင်ကူညီပံ့ပိုးပေးလျက်ရှိနေသည့်အတွက် ယနေ့ ပညာသင်စရိတ်ရရှိကြသည့် မိမိတို့ဌာန ဝန်ထမ်းများ၏ သားသမီးများအားလုံးသည်လည်း ပညာကိုအပတ်တကုတ် ကြိုးစားသွားကြရန် တိုက်တွန်းခဲ့သည်။

စိုင်းဇော်လတ်(iprd)

ရွှေဘိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရွှေဘို ဇွန် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)အား ဖတ်ကြားရှင်းလင်းခြင်းနှင့် ရွှေဘိုခရိုင်အတွင်း ရွေးကောက်ပွဲအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရွှေဘိုမြို့၌ ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်လေးမြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းကို ဖတ်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ၂၀၁၄ ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွှေဘိုခရိုင်အတွင်းရှိ လစ်လပ်မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲအကြိုလုပ်ငန်းရပ်များ ဆောင်ရွက်ထားရှိရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

အစည်းအဝေးသို့ ရွှေဘိုခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

စိုးသီဟ(iprd)

သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့် ရွှေဘိုသဘင်ပညာရှင်များတွေ့ဆုံ

ရွှေဘို ဇွန် ၁၃

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် ရွှေဘိုခရိုင်၊ မြို့နယ်သဘင်ပညာရှင်များ တွေ့ဆုံပွဲကို ဇွန် ၁၀ ရက်က မင်းသားရွှေကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဗဟိုသဘင်အတွင်းရေးမှူး စည်သူအကယ်ဒမီ ဒေါ်နွဲ့နွဲ့စမ်းက သဘင်ပညာရှင်များအား မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီသော ဝတ်စားဆင်ယင်မှုများ၊ တီးခတ်ဖျော်ဖြေမှုများ မပြုလုပ်ကြရန်၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကမ်းတကျ ဆောင်ရွက်ကြရန် မှာကြားသည်။ တွဲဖက်အတွင်းရေးမှူး ဒေါ်သပြေက လုပ်ငန်းစဉ်များ ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်အေးအေးမော်က ငွေကြေးသုံးစွဲမှုနှင့် ပညာရေး ဖောင်ဒေးရှင်းဆောင်ရွက်ထားရှိမှုအပေါ် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သဘင်ပညာရှင်ဥက္ကဋ္ဌများက လုပ်ငန်းတာဝန်များတင်ပြပြီး တွေ့ဆုံဆွေးနွေးပွဲ အကြံပြုလွှာများ ပေးအပ်ကာ ဗဟိုအတွင်းရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ထွန်း(iprd)

တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိ

ရွှေဘို ဇွန် ၁၃

ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၄၅/၃) Sheet No.2275-14 HV 012927 နေရာတွင် တရားမဝင်တမလန်းသစ်ခွဲ၊ ရွေ့ပေါ့ ၈၅တုံး၊ တန်ချိန် ၅ ဒသမ ၇၇၄၂ တန်ကို ဖမ်းဆီးရမိကြောင်း သိရသည်။

သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဝင်းမြင့်နှင့် ကျောက်မြောင်းမြို့နယ်ခွဲ ရဲစခန်းမှူး ဦးမင်းနိုင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်မောင်း ဦးကျော်ဆင့် (၄၆ နှစ်) မောင်းနှင်လာသော ၂၀/----- ၁၀ဘီးကားဖြင့် တင်ဆောင်လာသော တရားမဝင်တမလန်းသစ်များကို ဖမ်းဆီးရမိသဖြင့် ယင်းကားပေါ်ပါ ကျော်ဇေယျ(၃၁နှစ်)နှင့် ယာဉ်မောင်းသူ ဦးကျော်ဆင့်တို့ကို တောအုပ်ကြီးက တရားလိုပြုလုပ်၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်ထွန်း(iprd)

အမည်ပြောင်း

ဦးဝင်းဇော်ထွန်း၏သမီး မြိတ်မြို့၊ ကန်ဖျားကျောင်း ဒုတိယတန်းမှ မမိုးမိုးအိအား မအိန္ဒြာရွှန်းလဲ့အေးဟု ပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြာရွှန်းလဲ့အေး**

အမည်ပြောင်း

ဦးပြည့်စုံအောင်၏သမီး မြိတ်မြို့၊ အထက(၃)၊ တတိယတန်းမှ မသဲမြတ်ငြေးအား မသော်တာဝန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသော်တာဝန်းအောင်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ပြည်လမ်းပေါ်ရှိ ခရီးသည်ပို့ဆောင်ရေးအမှတ်(၉)လိုင်း၏ (၃)ဧကမြေကွက်ပေါ်ရှိ အသုံးမလိုတော့သည့် အဆောက်အအုံအဟောင်း (1)Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေး အမှတ်(၉)လိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၁-၆၀၀၀၀၆၊ ၀၁-၆၀၀၁၈၉၊ ၀၉-၅၃၁၀၃၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက် ပြင်ဆင်ခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံ/ကျန်းမာရေးဌာန အဆောက်အအုံများ တည်ဆောက်ရန်အတွက် တိုင်းရင်းသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည့် ၅-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာပါ အိတ်ဖွင့်တင်ဒါပိတ်မည့် ၁၀-၆-၂၀၁၄ရက် ညနေ ၄နာရီအစား ၁၈-၆-၂၀၁၄ ရက် ညနေ ၄နာရီသို့ ပြင်ဆင်သတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
စစ်ကိုင်းတိုင်းဒေသကြီး-မုံရွာမြို့
ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၄က/၂၈၅၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲ)၊ ကျောက်မဲမြို့

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၆ခ/၄၆၀၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အာနန္ဒာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းသို့ ကျေးဇူးတင်လွှာ

အာနန္ဒာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့်ဆက်သွယ်၍ ရေစကြိုမြို့နယ်အတွင်း ပခုက္ကူ-မန္တလေး ကားလမ်းမကြီးဘေးတွင် မြေတစ်ကွက်ဝယ်ယူခဲ့သည်တွင် ရှိသမျှ ဖြစ်ပေါ်သမျှ အခက်အခဲများကို အကျိုးအမြတ်ပမာဏမထားဘဲ ကျေးဇူးတင်ထိုက်အောင် ကူညီဝန်ဆောင်ကျေပွန်ခဲ့ခြင်းကို ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးအောင်ကျော်စိုး(လားရှိုး)
ဖုန်း-၀၈၂-၂၈၀၉၅

အမြန်ပြန်လာပါ

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်အမှတ်(၅)ရပ်ကွက်၊ ရွှေရိုးနွယ်လမ်း၊ အိမ်နံပါတ် ၄၄၇နေ ဦးကျော်မိုး-ဒေါ်ပို၏သမီး အသက်(၁၈)နှစ် နွယ်နီလင်း(ခ)ယဉ်ယဉ်ငြေးသည် ၁-၆-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသည်။ ရောက်ရာအရပ်က အမြန်ပြန်လာပါ။ တွေ့ရှိပါက အကြောင်းကြားရန်။ လိပ်စာဖုန်း-၀၉-၃၁၆၆၇၂၉၉၊ ၀၉-၃၁၁၀၆၄၉၃၊ ၀၉-၂၅၀၆၉၁၃၈၂ မိခင်ဖြစ်သူ ဒေါ်ပို အသည်းအသန်ဖြစ်နေပါသောကြောင့် အမြန်ပြန်လာခဲ့ပါ။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၄၇၁၈ Honda Fit, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ဇန်ဘီဘီ ၁၂/ဗဟတ(နိုင်)၀၃၀၈၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့)၊ ရန်ကုန်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်မဲမြို့၊ အမှတ်(၇)ရပ်ကွက်၊ နယ်မြေ(၇)၊ အိမ်အမှတ် ၄၆/ဈနေ ဦးမျိုးဝင်း-ဒေါ်စန်းခိုင်တို့၏သား မောင်ကျော်ခိုင်ဝင်းသည် မိဘတို့၏ဆိုဆုံးမမှုကို နာမခံသည့်အတွက် ၃-၆-၂၀၁၄ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးဝင်း-ဒေါ်စန်းခိုင် ကျောက်မဲမြို့

စလင်းတပ်နယ်မှ ပြန်လည်စွန့်လွှတ်မြေများ မူလပိုင်ရှင်များထံ ယာယီလုပ်ပိုင်ခွင့်ပေး

စလင်း ဇွန် ၁၃

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် စလင်းတပ်နယ် ခလရ(၂၅၃)မှ ပြန်လည်စွန့်လွှတ်ပေးအပ်သည့် ဖောင်းလင်းကွင်းရှိ ဦးပိုင်လုပ်ကွက်ပေါင်း ၂၉ ကွက်၊ မြေလွတ်မြေရိုင်း ၉၆ ဒသမ ၉၇ ဧကကို မူလပိုင်ရှင်တောင်သူ ၂၉ ဦးထံ ဇွန် ၁၁ ရက်က ယာယီလုပ်ကိုင်ခွင့်များ လွှဲပြောင်းပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က စွန့်လွှတ်မြေများပြန်လည်လွှဲပြောင်းနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီး ဦးအောင်နိုင်က တောင်သူ ၂၉ ဦးကိုယ်စား ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်း (အလယ်စု)ကျေးရွာမှ တောင်သူ ဦးငွေမောင်းထံ ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)များကို ပေးအပ်ခဲ့ကာ တောင်သူများကိုယ်စား ငွေတောင်ကျေးရွာနေ တောင်သူ ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော ပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းမြိုင်နှင့် ဦးသစ်လွင်ခိုင်၊ တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြေစာရင်းဦးစီးမှူး ဦးတင်နိုင်ထွန်း၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြေယာလွှဲပြောင်းလက်ခံမည့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

မကွေးမြို့တွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများပေးအပ်

မကွေး ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ အရေးပေါ်မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ရသည့်အကြောင်းနှင့်ပတ်သက်၍ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခင်က ဆေးသေတ္တာ ၆၅၀ ပေးပြီးဖြစ်ကြောင်း၊ ဆေးရုံဆေးခန်းမရှိသော ကျေးလက်တောရွာများအတွက် နိုင်ငံတော်က ကျန်းမာရေးမြှင့်တင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက မကွေး၊ နတ်မောက်၊ မြို့သစ်၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီးမြို့နယ်များသို့ လည်းကောင်း၊ စာရင်းစစ်ချုပ် ဦးလှသန်းက မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ သရက်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှမြို့နယ်များသို့ လည်းကောင်း၊ တိုင်းရင်းဆေးညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ မြို့နယ်များသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ကြက်ခြေနီနှင့် အခြားလူမှုရေး အဖွဲ့အစည်းများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာပေါင်း ၂၀၀၀ သို့ တစ်ရွာလျှင် ဆေးသေတ္တာ တစ်လုံးနှုန်း အလုံးပေါင်း ၂၀၀၀ ဖြန့်ဝေပေးအပ်ခဲ့ကြောင်းသိရသည်။

ကောင်းသုတ(မင်းဘူး)

ဘိုးဘွားများအား အခမဲ့ဆေးဝါးကုသပေး

နေပြည်တော် ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ဘိုးဘွားများအား မြတ်ပါရမီလူမှုကူညီရေးအသင်းက ဇွန် ၁၁ ရက်က အခမဲ့ ကျန်းမာရေးစစ်ဆေး ကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက “ကျွန်တော်တို့ မြတ်ပါရမီ လူမှုကူညီရေးအသင်းအနေနဲ့ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဇမ္ဗူသီရိမြို့နယ်နဲ့ ဝန်းကျင်မှာရှိတဲ့ သက်ကြီးဘိုးဘွားတွေကို ဆေးဝါးကုသပေးတာနဲ့ အာဟာရဒါနလှူဒါန်းတာတွေ လုပ်နေပါတယ်။ ဒီတစ်ပတ်မှာ ဘိုးဘွား ၅၂ ဦးကို အာဟာရဒါနပြုခဲ့ပါတယ်”ဟု ပြောသည်။ ကျန်းမာရေးစစ်ဆေးကုသမှုကို ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ ခုတင် ၅၀ဆံ့ ဆေးရုံတွင် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ ဆေးရုံအုပ်ဒေါက်တာဝင်းနိုင်နှင့် ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများက ကူညီပံ့ပိုးပေးခဲ့သည်။

အကူအညီလိုအပ်နေသော ဘိုးဘွားများအနေဖြင့် မြတ်ပါရမီလူမှုကူညီရေးအသင်းသို့ ဆက်သွယ်အကူအညီတောင်းနိုင်ပြီး အလှူငွေလှူဒါန်းလိုသူများအနေဖြင့်လည်း မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၄၉၃၁၉၉၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

GAP စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ထားဝယ်ခရိုင် ကံပေါက်ဒေသ၌ဖွင့်

တနင်္သာရီ ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ရေဖြူမြို့နယ် ကံပေါက်ဒေသရှိ ရတနာလူမှုစီးပွားစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်သည့် ပညာပေးအဖွဲ့သည် ဇွန် ၆ ရက်က ကံပေါက်ဒေသ ဇာဒီကျေးရွာအုပ်စု၌ တောင်သူ ၈၀ ကို တွေ့ဆုံ၍ GAP စိုက်ပျိုးရေးနည်းပညာသင်တန်းပို့ချ ဆွေးနွေးခဲ့ကြသည်။

နည်းပညာသင်တန်းတွင် ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လှက မိုးစပါးသီးနှံအား သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ် GAP နှင့် စနစ်တကျစိုက်ပျိုးရေး၊ ရာသီဥတုအခြေအနေအရ သီးနှံပုံပြောင်းလဲစိုက်ပျိုးရေး၊ စနစ်တကျ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေး နည်းစနစ်များကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ ဒေါ်သန်းသန်းဝင်းက မြေဆီလွှာဆိုင်ရာ ပြဿနာများနှင့် ကုစားနည်းများ၊ ဓာတ်မြေဩဇာ အမျိုးမျိုး၏ အာနိသင်နှင့် သုံးစွဲနည်းများ၊ EM ဘိုကာဆီမြေဩဇာသုံးစွဲနည်းများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ချယ်ရီက ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းရေး၊ စပါးဖျက်ပိုးများနှင့် ရောဂါကာကွယ်ရေး နည်းစနစ်များကို သိရှိလိုက်နာရန်နှင့် ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များကိုလည်းကောင်း၊ ရေဖြူမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေးက စပါးမျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများနှင့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ လယ်ယာမြေများအား စနစ်တကျမြေယာပြုပြင်စိုက်ပျိုးနိုင်ရေးကိုလည်းကောင်း၊ ပရိုဂျက်တာ ရုပ်ပုံကားချပ်များ၊ လက်ကမ်းစာစောင်များကို အသုံးပြု၍ ဆွေးနွေးပို့ချခဲ့ကြသည်။

ဇွန် ၇ ရက်ကလည်း ဖောင်းတော ကျေးရွာအုပ်စုမှ တောင်သူ ၁၀၀ ခန့်နှင့် သဲချောင်းကျေးရွာအုပ်စုမှ တောင်သူ ၅၀ ခန့်ကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ပုသိမ်ကြီးမြို့၌ မိုးခေါ်လွန်ဆွဲပွဲ ကျင်းပ

မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မိုးခေါ်လွန်ဆွဲပွဲကို ဇွန် ၁၀ ရက်က မြို့မရပ်ကွက်လမ်းဆုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးခေါ် လွန်ဆွဲပွဲတွင် ရပ်ကွက်များမှလည်းကောင်း၊ ကျေးရွာများမှလည်းကောင်း အမျိုးသား အမျိုးသမီး ကလေးများပါမကျန် ဝင်ရောက်ဆင်နွှဲကြသည်။ ပထမနေ့တွင် ခုနစ်ချီဆွဲရာ အမျိုးသမီးများဘက်မှ သုံးပွဲ၊ အမျိုးသားများဘက်မှ လေးပွဲဖြင့် အနိုင်ရရှိသွားကြသည်။

ပုသိမ်ကြီးမြို့တွင် မိုးခေါင်နေသောကြောင့် ကလေးငယ် ကျောင်းသားကျောင်းသူများ၊ လူကြီးမိဘများ အပူဒဏ်ကိုခံစားနေရကြောင်း၊ ယာမြေစိုက်ပျိုးမည့် တောင်သူများလည်း ထွန်ရေးမပြင်နိုင်သေးဘဲ မိုးမျှော်နေရကြောင်း မြို့ခံတစ်ဦးက ပြောသည်။

ပုသိမ်ကြီးမြို့၌ မိုးခေါ်လွန်ဆွဲပွဲကို ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည့်အပြင် ချမ်းသာလှရင်ပြင်တွင် ငါးရက်တိုင်တိုင် အပူဖော်ခံထားရှိသော ဘုရားအလောင်းငါးရံ့မင်းအား ရေများသပ္ပာယ်၍ မိုးရွာစေရန် ဆုတောင်းလျက်ရှိကြောင်း သိရသည်။ ယခုနှစ်သည် အပူဒဏ်လွန်ကဲပြီး မိုးခေါင်သောကြောင့် အညာဒေသမြို့များတွင် မိုးခေါ်လွန်ဆွဲပွဲများ ကျင်းပလျက်ရှိသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ငါးရံ့၊ ငါးပြေမ၊ ငါးမြွေထိုး၊ ငါးပနော်၊ ငါးကျည်း၊ ငါးခူ ငါးသားပေါက်များ ဝယ်ယူရန် တင်ဒါဖိတ်ခေါ်ခြင်း
မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီပေးနိုင်ရန် ငါးရံ့၊ ငါးပြေမ၊ ငါးမြွေထိုး၊ ငါးပနော်၊ ငါးကျည်း၊ ငါးခူသားပေါက်များ တင်ဒါခေါ်ယူခြင်း

ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများအား တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိစေရန်အတွက် တိုင်းရင်းငါးမျိုးများ ကူညီထောက်ပံ့ပေးနိုင်ရန် ငါးရံ့၊ ငါးပြေမ၊ ငါးမြွေထိုး၊ ငါးပနော်၊ ငါးကျည်း၊ ငါးခူသားပေါက် (၃လက်မအထက်)များ လိုအပ်လျက်ရှိပါသည်။

အဆိုပါငါးသားပေါက်များအား ပေးသွင်းရန် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ နီးစပ်ရာစခန်းများသို့ ပေးသွင်းမည့် ငါးအမျိုးအစား၊ ငါးကောင်ရေနှင့် ဈေးနှုန်းများအား ဖိတ်ခေါ်အပ်ပါသည်။

စဉ်	စခန်းအမည်	ငါးအမျိုးအစား	လိုအပ်သည့်အရေအတွက်(ကောင်ရေ)
၁	လှော်ကားငါးလုပ်ငန်းစခန်း	ငါးရံ့၊ ငါးမြွေထိုး	၁ သိန်း
၂	ပန်းတနော်ငါးလုပ်ငန်းစခန်း	ငါးကျည်း၊ ငါးခူ	၁ သိန်း
၃	ပဲခူးငါးလုပ်ငန်းစခန်း	ငါးမြွေထိုး၊ ငါးရံ့	၁ သိန်း
၄	ကူမဲငါးလုပ်ငန်းစခန်း	ငါးပြေမ၊ ငါးပနော်	၁ သိန်း
၅	ရေဦးငါးလုပ်ငန်းစခန်း	ငါးပြေမ၊ ငါးပနော်	၁ သိန်း

စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် ညွှန်ကြားရေးမှူး(မွေးမြူရေး)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်သို့ လျှောက်လွှာများကို ၂၀၁၄ခုနှစ် ဇူလိုင်လ ၁၂ရက် ၁၆း၀၀နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်များကို ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ ဖုန်း-၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈ နေပြည်တော်သို့ ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဝန်ချတောင်းပန်ခြင်း

ကျွန်မ မနေခြည်ဝင့် ၁၄/ရကန(နိုင်)၁၀၆၉၆၅ သည် ကိုပိုင်စိုးရကျော် ၁၂/တမန(နိုင်)၀၉၅၅၆၁နှင့် လက်ထပ်ထိမ်းမြားရန်ကိစ္စတွင် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ မင်္ဂလာပွဲအတွက် လိုအပ်သည့်စီစဉ်မှုများကို နှစ်ဦးသဘောတူဆောင်ရွက်ခဲ့ပြီးနောက် ကျွန်မ မနေခြည်ဝင့်၏ ပျက်ကွက်မှုကြောင့် မင်္ဂလာပွဲပျက်ပြားခဲ့ရခြင်း၊ ကိုပိုင်စိုးရကျော်နှင့် ၎င်း၏မိဘ မိသားစုတို့တွင် အရှက်တကွဲ အကျိုးနည်းပြီး လူမှုဂုဏ်သိက္ခာများ နစ်နာဆုံးရှုံးခဲ့ရသည်ရှိသော် ကျွန်မ မနေခြည်ဝင့်မှ အနူးအညွတ်ဝန်ချတောင်းပန်ပါကြောင်း ကြေညာအပ်ပါသည်။

မနေခြည်ဝင့်
၁၄/ရကန(နိုင်)၁၀၆၉၆၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ည)၊ ဂရန်အမည်ပေါက် ဒေါ်မြင့်စိုး ၁၂/ဥကမ(နိုင်)၀၈၃၄၈၉၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော အိမ်အမှတ် ၃၂၂၊ ဘုမ္မာ (၁၁)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၏ မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဂရန်မိတ္တူမှန် ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဒေါ်မြင့်စိုး) ၁၂/ဥကမ(နိုင်)၀၈၃၄၈၉
ဖုန်း-၀၉-၃၁၂၉၈၄၀၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းထွန်း (ဘ) ဦးကြည်လှိုင် ၁၀/မလမ(နိုင်)၁၆၁၃၂၆၊ ဒုတိယတန်းစက်ခန်းအုပ် လက်မှတ်အမှတ် စမဒ ၁၉၀/၂၀၀၃ရက်စွဲ ၂၁-၈-၂၀၀၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးထွန်းထွန်း
ဖုန်း-၄၂၁၇၄၈၉၉၁

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်မောင်၏သမီး အလက(၂) ဒဂုံမှ အလယ်တန်းပြဆရာမ ဒေါ်ခင်စပယ်(ခ)ဒေါ်စပယ် ၁၂/သလန(နိုင်)၀၀၄၅၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မိခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ ကြောင်ရေ အမက မူလွန် တတိယတန်းမှ မောင်ရန်မိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းနှင်းအေး ဖြစ်ပါကြောင်း။

မိခင် ဒေါ်နှင်းနှင်းအေး

ပျောက်ဆုံး

ကျွန်မ ဒေါ်သူဇာမျိုး ၁၂/ဥကမ(နိုင်) ၁၁၂၄၅၁ ၏ မြန်မာနိုင်ငံကူးလက်မှတ် (Passport No.M 319538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁၉၅၀၀၉**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သတင်းတိုများ

မိုးစပါးချေးငွေ သန်း ၈၀၀၀ ကျော် ထုတ်ချေး

ခင်ဦး ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဇွန် ၁၀ ရက်ကစတင်၍ ၂၀၁၄ ခုနှစ်အတွက် မိုးစပါးချေးငွေများကို လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ ကျေးရွာအုပ်စု ၆၃ အုပ်စုအတွက် ချေးငွေ ၈၈၉၁၃ ဒသမ ၄ သိန်း ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

ချေးငွေ ထုတ်ချေးရာတွင် မိုးသီးနှံနှင့် ဆောင်းသီးနှံအစောဆုံးချေးငွေ ပြေကျေသော ကျေးရွာအုပ်စုများကို ဦးစားပေးထုတ်ချေးပေးလျက်ရှိကြောင်း နှင့် ယခုအချိန်ထိ ကျေးရွာအုပ်စု လေးအုပ်စု၊ အစုအဖွဲ့ ၉၃ ဖွဲ့၊ လူဦးရေ ၈၄၅ ဦး၊ စပါးဧက ၄၆၂၉ ဧကအတွက် ချေးငွေကျပ် ၄၆၂၉၀၀၀၀၀ ထုတ်ချေးထားပြီဖြစ်ကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ယဉ်နွဲ့က ပြောကြားသည်။

ခင်ဦးစိုးဝေ

စည်ပင်သာယာရေးအဖွဲ့က ဘုရားလမ်းကတ္တရာခင်း ကုသိုလ်ပြု

တနင်္သာရီ ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ် ရွှေတောင်စားလမ်းတွင် ထားဝယ်မြို့ ကျက်သရေဆောင် ဘုရားကြီးဝင်းအရှေ့ဘက်မဟာရံ တံတိုင်းတစ်လျှောက် ကားလမ်းနှင့် ပလက်ဖောင်းကြား အရှည်ပေ ၅၀၀ ခန့် ၊ အကျယ်ပေ ၈ ပေမှ ၁၅ ပေခန့်ရှိ မြေကွက်လပ်များကို ထားဝယ်မြို့ စည်ပင်သာယာရေးအဖွဲ့က ဇွန် ၉ ရက်က ကတ္တရာခင်း ကုသိုလ်ပြုခဲ့ကြသည်။

ထိုသို့ ကတ္တရာလမ်းတိုးချဲ့ခင်းလိုက်ခြင်းကြောင့် ရွှေတောင်စားလမ်းမှာ ပိုမိုကောင်းမွန်လာပြီး ဘုရားကြီးမှာလည်း ပိုကြည်ညိုဖွယ်ရာဖြစ်လာသည်။ ကတ္တရာလမ်းတိုးချဲ့ပြင်ဆင်နေသည်ကို တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် တာဝန်ရှိသူများက ကြီးကြပ်ကြကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

စာပေရေချမ်းစင်စာအုပ်များ အသစ်လဲလှယ်

ချောင်းဆုံ ဇွန် ၁၃

ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည့် ပြည်သူများ အသိပညာ၊ ဗဟုသုတများရရှိစေရန် လူစည်ကားရာနေရာ ရှစ်နေရာတွင် စာပေရေချမ်းစင်များထားရှိပြီး စာအုပ်များကို တစ်လတစ်ကြိမ် သွားရောက်လဲလှယ်လျက်ရှိရာ ဇွန် ၁၁ ရက်က ချောင်းဆုံယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီစုံနှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် စာပေရေချမ်းစင်စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သွားရောက်အသစ်လဲလှယ်ခဲ့ကြသည်။ ဝေးလံသည့်ကျေးရွာများတွင်လည်း စာပေရေချမ်းစင်များ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်ထောင်စုအခွန်အကောက်ဥပဒေရှင်းလင်းပွဲ ချောင်းဦးမြို့၌ ကျင်းပ

ချောင်းဦး ဇွန် ၁၃

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် အခွန်ဆိုင်ရာလုပ်ငန်းရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံငွေးတို့က အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်ဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် အခွန်ဆိုင်ရာလုပ်ငန်းရပ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ချောင်းဦးမြို့နေ အခွန်ထမ်း မိဘပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံငွေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ချောင်းဦးမြို့နယ်အတွင်းရှိ အခွန်ထမ်း ပြည်သူများ တက်ရောက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးရက်တိုသင်တန်းဖွင့်

စဉ့်ကူး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုပညာပေး ရက်တိုသင်တန်း (၂/၂၀၁၄)ဖွင့်ပွဲကို ဇွန် ၉ ရက်က စဉ့်ကူးမြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် စဉ့်ကူးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်လှနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မန္တလေး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသောင်းငွေးက နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး အကောင်အထည်ဖော်ရာတွင် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရှင်းလင်းပြောကြား သည်။

သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အခြေခံသမဝါယမအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အုပ်ချုပ်မှုဒါရိုက်တာများ ပါဝင်သော သင်တန်းသားဦးရေ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချ မည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အခြေခံသမဝါယမအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အုပ်ချုပ်မှုဒါရိုက်တာများ တက်ရောက်ကြသည်။

မြင့်သူ(စဉ့်ကူး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပြင်ဦးလွင်၌ နေ့စဉ်စစ်ဆေး

ပြင်ဦးလွင် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် ယာဉ်မောင်းများအား အချိန်နှင့်တစ်ပြေးညီစစ်ဆေးအရေး ယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၄)၊ ဗိုလ်ချုပ်လမ်းနှင့် မြို့မဈေးကြီးလမ်းထောင့် တွင် ဒုရဲအုပ်အောင်နွယ် ဦးဆောင်သော တာဝန်ကျဝန်ထမ်းများနှင့် ယာဉ် စည်းကမ်းကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကာ လမ်းအသုံးပြုပြည်သူများ ယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးသူနှင့် ဆိုင်ကယ်ကယ်ရီသမားများသတိပြုရ မည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မညီညွတ်လျှင် ယာဉ်ကြီးဖြစ်စေ၊ ယာဉ်ငယ်ဖြစ်စေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မညီညွတ်သူသာလျှင် ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း တာဝန်ရှိဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့သည် လူဦးရေထူထပ်များပြားသကဲ့သို့ မော်တော်ယာဉ်စီးရေ လည်း များပြားကာ ဆိုင်ကယ်စီးနင်းသူဦးရေမှာ အများဆုံးဖြစ်ပြီး ယာဉ် စည်းကမ်းချိုးဖောက်မှု အများဆုံးမှာလည်း ဆိုင်ကယ်မောင်းနှင်သူများဖြစ် ကြောင်း သိရသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးမှုကို ပြင်ဦးလွင် မြို့ နေရာအနှံ့အပြားတွင် စစ်ဆေးနေပြီး စစ်ဆေးမှုများကို နေ့စဉ်ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။ ဖမ်းဆီးရမိသော စည်းကမ်းချိုးဖောက်သည့် ယာဉ် များကိုလည်း ထိရောက်စွာ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၃၂)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၃)လမ်း၊ တိုက်အမှတ်(၁၇၁)၊ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁½'×၅၀')ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးသိန်းထွန်း ၁၀/သတန(နိုင်)၀၁၈၃၇၉နှင့် ဒေါ်သန်းသန်းမြင့် ၁၂/မရက(နိုင်)၀၂၅၇၅၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, DBL, DIL, DML | **ဦးမြတ်ထွန်း B.Sc, R.L**

အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈) | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**

အမှတ်(၅၅)၊ (၁၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ဦးစံညွှန့်လမ်း၊ ပေ(၁၆×၅၀)၊ 5.F၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဘိုထိုင်၊ ကောနစ်၊ အလူမီနီယံအိပ်ခန်းနှစ်ခန်း၊ အထူးပြင်ဆင်ပြီး တိုက်သန့်။ **ကျပ်သိန်း ၅၉၀**

၂။ သရက်တောလမ်း ပေ(၂၅×၅၀)၊ 3.F၊ ကျွန်းလှေကားထိုးပြည့်၊ ကြွေပြား၊ သံပန်း၊ ဘိုထိုင်၊ ဂျတ်ဆင်ဘုတ်၊ အိပ်ခန်းနှစ်ခန်း၊ အထူးပြင်ဆင်ပြီး အခန်းကျယ်။ **ကျပ် ၁၀၈၀ သိန်း**

(ပွဲစားမလို) ဝယ်သူသာဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၅၀၇၁၁၄၄

အိမ်အမှတ် ၂၃၅(ယခင်အမှတ် ၆၂)၊ သီရိမင်္ဂလာလမ်းသွယ်၊ သုခလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ငွေးငွေးယု၊ မထက်ထက်ဝင့်နှင့် အများသိစေရန် သတိပေးကြေညာကန့်ကွက်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စပါယ်ခြံ ၃ လမ်း၊ အိမ်အမှတ် ၁၈၂/ခနေ ဒေါ်ကျင်မေ ၁၂/လမန(နိုင်)၁၁၁၅၈၀နှင့် သမီးများဖြစ်သော မနုခင်၊ မမြင့်မြင့်စန်း၊ မမြသန်း၊ မသန်းသန်းအေးနှင့် မမြင့်မြင့်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာကန့်ကွက်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ သုခလမ်း၊ အိမ်အမှတ် ၂၃၅(ယခင်အမှတ် ၆၂)ဟုခေါ်တွင်သည့် ယခုအချိန်တွင် ဒေါ်ငွေးငွေးယု (ဘ) ဦးသောင်းတင်ငွေးနှင့် မထက်ထက်ဝင့် (ဘ) ဦးလှမြင့်တို့နေထိုင်နေသည့် မြေကွက်အကျယ် (အလျားပေ၂၀×အနံပေ ၆၀)ခန့်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဒေါ်ကျင်မေနှင့် ၎င်း၏သားသမီးများမှ အမွေပုံဝေစုအဖြစ် ပါဝင် ပိုင်ဆိုင်မှုရှိသော အမွေဆိုင်အိမ်ခြံမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အကျယ်ပါ ဂရန် မူရင်းသည် ဒေါ်လှရင်အမည်ပေါက်ဖြစ်ပါသည်။ ယခုအချိန်တွင် အဆိုပါဂရန်မူရင်းသည် ဒေါ်ငွေးငွေးယုနှင့် မထက်ထက်ဝင့်တို့၏ လက်ဝယ်တွင်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ ကန့်ကွက်ကြေညာသူများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ အဆိုပါခြံမြေကွက်နှင့်ပတ်သက်၍ မူလ ဒေါ်လှရင်အမည်ပေါက် ဂရန်မှ မြေပုံကူးယူခြင်း၊ ဂရန်ခွဲထွက်ခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်း၊ ဂရန်ထုတ်ယူခြင်းများ မပြုလုပ်ပါရန် သတိပေးတားမြစ်ကန့်ကွက်အပ်ပါသည်။ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ငွေးငွေးယု၊ မထက်ထက်ဝင့်နှင့် အများသိစေရန် ကြေညာတားမြစ်ကန့်ကွက်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိမိစိန် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၃၂)၊
ဖုန်း-၀၉-၅၁၃၈၁၄၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၄)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၉၅၁)၊ အမည်ပေါက် ဦးစိုးမြင့် ပေ(၄၀×၆၀)ပါမစ်မြေ၏ ထက်ဝက်ဖြစ်သော အမှတ်(၉၅၁/ခ) ပေ(၂၀×၆၀)ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်အရ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမြင့်ဇော် ၇/ကတခ(နိုင်)၀၀၀၁၆၅ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းသန်းမောင်
ဖုန်း-၀၉-၇၃၂၄၅၃၄၃၊ ၀၁-၅၈၃၅၂၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၅၁၂၊ မြေကွက်တည်နေရာအမှတ် ၅၁၂၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်လေးခင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လေးခင့် CF-၁၀၁၀၇၅ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်(၄၆၂/က)၊ မြေကွက်တည်နေရာအမှတ်(၄၆၂/က)၊ နဝရတ်လမ်း၊ သွပ်ပိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးကျော်စိန် HGU-၀၁၂၈၉၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်မူဝင်း ၁၂/သဃက(နိုင်)၀၂၇၆၇၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၂၃/က၊ မြေကွက်တည်နေရာအမှတ် ၂၃/က၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးထွန်းရီ၊ (၂) ဒေါ်အုန်းကြွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဂရန်အမည်ပေါက်(ဇနီး) ဒေါ်အုန်းကြွေ ၁၂/သကတ(နိုင်)၁၀၂၀၆၇ မှ သေစာရင်း၊ ဂရန်၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၆၃၈၊ မြေကွက်တည်နေရာအမှတ် ၆၃၈၊ (၄၅)ရပ်ကွက်၊ဒဂုံ(မြောက်)၊ ဦးဘိုလေး CF-၀၆၂၂၉၁ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဘိုလေးနှင့်ဇနီး ဒေါ်ထားရီ ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းသန်းရီ ၁၂/အလန(နိုင်)၀၀၀၀၁၇၊ (၂) ဒေါ်သန်းသန်းကြည် ၁၂/အလန(နိုင်)၀၀၁၄၈၀တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၁၀၉၈၀/၁၄ (၂၅-၄-၁၄)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးလကွယ်ဂျာလ ၁၂/ရကန(နိုင်)၀၅၉၁၃၉၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဥာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးမြို့နေ ဗိုလ်ကြီး ဉာဏ်ထွန်း(ငြိမ်း) လ/ထ ထွေဂျာ(ငြိမ်း)၊ စက်မှု (၁)-ဒေါ်ရင်ရင်နုတို့၏သား မောင်လင်းထက်ကျော်သူ (မနမ-၅၁၉)သည် (အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ)ငါးဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဖားကန့်မြို့နေ ရဲအုပ်ခင်မောင်ထွန်း-ဒေါ်စီစီတို့၏သား မောင်မြတ်ဟိန်းလူ (မရတ-၁၀၆၄)သည် (မြန်မာ၊ အင်္ဂလိပ်၊ ရူပ၊ ဇီဝ) လေးဘာသာဂုဏ်ထူးဖြင့်လည်းကောင်း ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘွားဘွား	-	ဒေါ်နန်းကျင်
ဘကြီး-ဦးလေး	-	ဦးသန်းထွန်း(ပန်းချီ)၊ ဦးကျော်ဝင်း-ဒေါ်တင်မြင့်၊ ဒေါ်မာမာဝင်း
ဒေါ်ကြီး၊ ဒေါ်လေး	-	ဒုဗိုလ်မှူးကြီး စောချိုအောင်(ဒုတပ်မှူး)-ဒေါ်ခင်ကြည်ဇင်
ဘဘ-ကြီးကြီး	-	ဗိုလ်မှူး တင်ဝင်း(ငြိမ်း) ညွှန်မှူးနယ်စပ်ရေးရာ-ဒေါ်ခင်မြင့်ဝေ
ဦးဦး-ဒေါ်ဒေါ်	-	ဗိုလ်ကြီး အောင်နိုင်ထွန်း(ငြိမ်း)-ဒေါ်စုကလျာ
	-	ဦးဝင်းနိုင်(ရွှေဂန္ဓဝင်ကုမ္ပဏီ)-ဒေါ်ကေသီခိုင်
မမ	-	မယုမြတ်အောင် B.Tech (Civil)

အမည်ပြောင်း ဦးအောင်မင်းကျော်သူ၏ သားသမီးများဖြစ်ကြသော ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်းတွင်ပညာသင်ကြားနေသော မောင်သောင်းနိုင်စိုးအား မောင်သီဟနိုင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် သမီးဖြစ်သူ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မခိုင်ဇင်ဇင်သိမ့်အား မမြင့်မိုရ်သီတာဟု ပြောင်းလဲခေါ်ပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မော်လမြိုင်ဓာတ်အားပေးစက်ရုံဝင်းအတွင်း အသစ်တည်ဆောက်မည့် စက်ရုံနယ်မြေနှင့် မလွတ်ကင်းသော အောက်ဖော်ပြပါအဆောက်အအုံအဟောင်းများ ဖယ်ရှားရှင်းလင်းရန်နှင့် အသုံးမပြုနိုင်တော့သည့် ပစ္စည်းအဟောင်း (၉)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ဖယ်ရှားရှင်းလင်းမည့် အဆောက်အအုံအဟောင်းများ

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	အဆောက်အအုံအဟောင်း	၇ လုံး	မျက်မြင်အခြေအနေ
၂။	အုတ်ခြံစည်းရိုးအဟောင်း ၉၆၄ပေ	၁ ခု	မျက်မြင်အခြေအနေ

ရောင်းချမည့်ပစ္စည်းအဟောင်း (၉)မျိုး

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	အလေးချိန်	
			တန်	ပိဿာ
1.	GENERA TING PIPE Ø 42 x 3.5(t)mm x 15'	600 Nos	10.0	6000
2.	COOLER PIPE Ø 60 x 3.5(t)mm x 5'	176 Nos	1.0	600
3.	FINNED TUBE Ø 80 x 60 x 5(t)mm x 7'	44 Nos	0.5	300
4.	SUPPER HEATER PIPE Ø 38 x 3.5(t)mm x 5'	400 Nos	1.25	750
5.	SUPPER HEATER PIPE Ø 38x 3.5(t)mm x 4'	300 Nos	0.75	450
6.	ATTEMPER ATOR PIPE Ø 18x 20(t)mm x 5'	27 Nos	0.054	30
7.	FEED WATER PUMP (ONLY)	1 No	1.0	600
8.	PANEL (EMPTY)	1 No	0.045	28
9.	BEND PIPE Ø 630 mm (CAST IRON)	11 Nos	0.5	300

၂။ လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **လေလံပုံစံရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၄ရက်
(ခ) **လေလံပိတ်မည့်ရက်** - ၂၀-၆-၂၀၁၄ရက်
(ဂ) **လေလံပုံစံရောင်းချမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇
(ဃ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - မော်လမြိုင်ဓာတ်အားပေးစက်ရုံ၊ မော်လမြိုင်မြို့
အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် ၂၇၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၉၂

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. တိုးချဲ့ဆောက်တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

အခန်း ၂၀၄၊ ပင်မဆောင်(MICT Park)၊
တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၂၂၇၂၊ ၇၃၂၇၄၊ ဖက်စ်-၀၁-၆၅၂၂၇၅

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၊ ဓာတုဗေဒအထူးပြု
၁၉၈၂-၈၃ (ပထမနှစ်)၊ ၁၉၈၃-၈၄(ဒုတိယနှစ်)
မြတ်ဆရာပူဇော်ပွဲ

၆-၇-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ပညာသင်ကြားပေးသော(Major, Minor)ချစ်ဆရာ၊ဆရာမများနှင့်ချစ်သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

Account No.0761220012032 (ကမ္ဘောဇဘဏ်၊ ကြည့်မြင်တိုင်)

မအေးအေးစန်း	ဖုန်း-၀၉-၇၃၁၄၄၂၀၁	မတင့်တင့်ဝေ	ဖုန်း-၀၉-၇၃၁၅၈၇၆၃
ကိုနေလင်း	ဖုန်း-၀၉-၅၀၀၉၃၅၃	ကိုသိန်းတန်	ဖုန်း-၀၉-၄၉၂၃၉၇၄၈
ကိုအေးမြင့်	ဖုန်း-၀၉-၇၃၀၆၂၄၃၁	ကိုဌေးမြင့်	ဖုန်း-၀၉-၅၁၀၃၅၈၉
ကိုလှအောင်	ဖုန်း-၀၉-၂၀၃၂၄၃၂	ကိုမျိုးထွဋ်ဝင်း	ဖုန်း-၀၉-၄၅၁၂၄၅၀၉၃
၃။ အသင်းဝင်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်ဆက်သွယ်လိုပါက မိမိအမည်နှင့်အသင်းဝင်နံပါတ်ကိုဖော်ပြ၍ E.mail-membership.mes@gmail.com သို့မဟုတ် ဖုန်း-၀၁-၅၁၉၆၇၃-၆တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တောင်ငူလမ်းဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၂၉၊ အကျယ်အဝန်း ပေ (၆၀×၄၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာတွင် လက်ရှိနေထိုင်ပြီး မြေကွက်အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ရွှေနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းတိုး (ကန်ထရိုက်တာ) ၁၂/မရက(နိုင်)၀၁၅၂၃၃ Performer Area Services Co.,Ltd. တို့သည် ဖော်ပြပါမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်သစ် ဆောက်လုပ်ရန် ညှိနှိုင်းသဘောတူညီပြီး ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်(ခ)ဦးမောင်ကြီး	**ဒေါ်တင်မိုးခိုင်**
LL.B (စဉ်-၃၂၃၄၃)	**LL.B (စဉ်-၄၂၁၆၉)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၅၆၊ ၀၉-၃၁၁၃၂၁၄၀

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ စည်ပင်ဝန်ထမ်းလိုင်း(ခ)၊ အခန်း(၂)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးကိုကိုနိုင် ၁၂/မဂဒ(နိုင်)၀၆၅၈၁၂၏ ဇနီး ဒေါ်သီတာရွှေ ၁၄/မမန(နိုင်)၀၀၁၂၂၂သည် ခင်ပွန်းဖြစ်သူ၏ လုပ်ငန်းဌာနနှင့် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ခင်ပွန်းဖြစ်သူနှင့် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါသောကြောင့် ဇနီးဖြစ်သူအား ၁၄-၁-၂၀၁၃ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကျွန်ုပ်အမှုသည်နှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအာကာဝင့်ဇော်(LL.B)	**ဒေါ်အိရွှေစင်(LL.B, D.B.L)**
အထက်တန်းရှေ့နေ(စဉ်-၂၅၅၉၄)	**အထက်တန်းရှေ့နေ(စဉ်-၃၄၇၄၂)**

အမှတ် ၁၃၂၊ ဦးအောင်ဇေယျ ၂လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၃၁၂၁၅၂၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ (တန်ဖိုးနည်း)၊ မြေကွက်အမှတ် ၈၇၊ မြေကွက်တည်နေရာအမှတ် ၈၇၊ မြဝတ်ရည်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ် ဦးကျော်သာ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃က ရန်ကုန်အရှေ့ ပိုင်းခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ် ၃၀၆/၁၂ နှင့် တရားမဇာရီမှုအမှတ် ၂၀၃/၁၃တို့၏အမိန့်၊ တရားရှုံးကိုယ်စား ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ကံဘဲ့၊ မြေကွက်အမှတ် (၇၀/ခ၊ ၇၀/ဃ၊ ၇၀/င၊၇၀/စ)မြေကွက်များအား တစ်ဆက်တစ်စပ်တည်းသုံးစွဲထားပါသဖြင့် မြေကွက်တစ်ကွက်တည်း ပြန်ပေါင်းပေးပါရန် တင်ပြချက်အရ မြို့မြေစာရင်းတွင် မြေကွက်အမှတ် (၇၀/က^) ဧရိယာ ၀ဒသမ၁၉၅၈ဧကအဖြစ်မှတ်သားထားသော မြေကွက်၊ မြေကွက်အမှတ်(၇၀/က^)၊ မြေကွက်တည်နေရာအမှတ် ၈၀၊ ဓမ္မာရုံလမ်း၊ ၁၅ ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်သန်းသန်းထွေး ၁၂/ရကန(နိုင်)၀၅၇၂၂၈ အမည်ပေါက်မြေပိုင်မြေ-လ/န ၃(ခ)မြေအား (အမည်ပေါက်ဒေါ်သန်းသန်းထွေးက) မြေကွက်များမပေါင်းမီ ယခင်မြေကွက်အမှတ် ၇၀/င၏အမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အိမ်ဆောက်ရန်၊ မှတ်တမ်းထားရန် မြေပုံ၊ မြေရာဇဝင်နှင့် မြေတိုင်းတာပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါ စက်ယန္တရားများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	Country of Origin	မှတ်ချက်
၁။	Mobile Crane (30~35T)	3Nos	Japan	အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
၂။	Dump Truck (12m³)	15 Nos	Japan	
၃။	Rough Terrain Crane (50T)	1 No	Japan	
၄။	Tyre Roller(16 T)	4 Nos	China	မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
	စုစုပေါင်း	**23 Nos**		

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပြည်တွင်း၌ အလုံပိတ်ကုန်တွဲများတည်ဆောက်၍ မြန်မာ့မီးရထားရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်
စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
(Expression of interest)

၁။ မြန်မာ့မီးရထားသည် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပြည်တွင်း၌ အလုံပိတ်ကုန်တွဲများတည်ဆောက်၍ မြန်မာ့မီးရထားသို့ ရောင်းချလိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of interest)တွင် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၄-၇-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည်(မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ
(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)
(ဃ) လုပ်ငန်းလိုင်စင် (မိတ္တူပူးတွဲ)
(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)
(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်
(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)
(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ(Conceptual Plan)
၃။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား အလုံပိတ်ကုန်တွဲတည်ဆောက်မှုနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို မြစ်ငယ်စက်ရုံ၌ ၂၃-၆-၂၀၁၄ရက် နံနက် ၉း၀၀နာရီတွင် ရှင်းလင်းဆွေးနွေးမည်ဖြစ်ပါ၍တက်ရောက်နိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၇၇၀၅၄၊ ၀၆၇-၇၇၁၇၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်များအား ရေဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေသန့်စင်စက်ရုံနှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများချထားခြင်းလုပ်ငန်းကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ ပြည်တွင်းပြည်ပ အကျိုးတူပူးပေါင်းကုမ္ပဏီများ စိတ်ဝင်စား၍ ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါအဖြစ် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **စီမံကိန်းလုပ်ငန်းအမည်** - Water Treatment Plant and Distribution Network for Pyigyitagon Township, Mandalay City, Myanmar
(ခ) **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စံချိန်စံညွှန်းများ စတင်ရောင်းချမည့်ရက်** - ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်
(ဂ) **တင်ဒါတင်ပြရမည့်ရက်** - ၂၀၁၄ ခုနှစ် ဩဂုတ် ၆၊ ၇ ရက်
(ဃ) **စာရင်းပေးရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **အဆိုပြုရှင်းလင်းရမည့်ရက်** - ၂၀၁၄ ခုနှစ် ဩဂုတ် ၆ ရက်
(စ) **တင်ဒါတစ်စုံရောင်းနှုန်း** - ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၃၅၉၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမြန်ရောင်းမည်

Central Tower

(ကျောက်တံတားမြို့နယ်)၊ အဆင့်မြင့် ပြင်ဆင်ပြီး တသင့်နေနိုင်သော Condo တိုက်ခန်းကျယ် ထောင့်ခန်းနှင့်အလယ်ခန်း ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

Ph : 09 254006564, 09 254218077

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

... MAC TOWER ... ရန်ကုန်မြို့ ဖုန်း ၀၉-[illegible]

[illegible]

အမြန်ရောင်းမည်

မာလာမြိုင်ကွန်ဒို၊ ပေ(၁၇၇၅)၊ (ပြည်လမ်းနှင့် ဗဟိုလမ်း၊ လှည်းတန်းလမ်း၊ ထွက်ပေါက်ပါ)၊ သီလဝါ တစ်ဖက်ကမ်း၊ကေ၃၀(၁၀၅ ထွက်ပြီး)

ဖုန်း-၀၉-၇၃၀၂၈၂၈၈
၀၉-၇၃၄၉၃၅၁၂
၀၉-၅၁၂၄၉၇၉

အမှားပြင်ဆင်ချက်

၈-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၁) ကော်လံ (၅+၆)ပါ သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာပါ အုတ်တွင်းမြို့နေ သမီး အမည်မှန်မှာ မငွေငွေမြင့်(ခ)မော်စီ ဖြစ်ပါသည်။

မိခင်ဒေါ်မြ ၇/အတန(နိုင်)၀၃၆၃၂၄
လက်စွတ်ကျပ်ကျေးရွာ၊ အုတ်တွင်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သစ်ဆိုင်အမှတ် ၁၅၊ မတ္တရာမြို့၊ (၁၀-၁-၂၀၁၄)ရက်စွဲပါ ပြေစာအမှတ် ၆၀၁၂၆၄ ဦးရဲရင့်အောင် နေရပ် လားရှိုးမြို့ စု ၁၊ po/တမလန်းဓားရွှေတုံး၃၃တုံး (၆ဒသမ၆၉)တန် ပြေစာမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ထိုပြေစာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-
ကိုလွှမ်းမိုး(ခ)ကိုဝေဖြိုးအောင်
ဖုန်း-၀၉-၅၂၆၂၃၉၃၊ ၀၉-၄၄၄၀၁၅၄၂၂၊ ၀၂-၇၈၉၅၂၊ ၀၂-၆၄၃၅၆

ပျောက်ဆုံးကြောင်း

[illegible] DEO No 16-146428 [illegible]

POST ဝင်ခွင့်သင်တန်း
Tel: 0973161140

အိမ်နှင့်ခြံကျယ် အမြန်ရောင်းမည်

ဖြူးမြို့၊ ရန်ကုန်-မန္တလေး(လမ်းဟောင်း)၊ လမ်းမကြီးဘေး၊ ဖြူးခုံးကျော်အနီး၊ ခြံအကျယ် အလျား×အနံပေ(၇၀×၁၄၀)တွင် ပျဉ်ထောင်အိမ်အကြီးတစ်လုံးအပါ လုပ်ငန်းလုပ်ရန် အလွန်ကောင်း။ ဈေးနှုန်း- ညှိနှိုင်းဈေး

ဆက်သွယ်ရန်-ဖုန်း-၀၁-၅၅၃၆၆၉

မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်၊ စီးပွားရေးတက္ကသိုလ် အနီး၊ ပေ(၄၀×၆၀)၊ ကျပ် ၆၉သိန်း၊
(ပွဲစားလုံးဝမလို)
ဖုန်း-၀၉-၂၅၀၃၈၉၃၁၁

ရွှေမိမာန် အားတိုးဆေး

0311 YR 003633

2014-2015

အောင်ကောင်းစို

B.A(English) Licenced Tour Guide

21 AD @ BILLBOARD ADVERTISING

ကြော်ငြာများ တပ်ဆင်ရန်

နေပြည်တော် ... TOLL GATE

ရန်ကုန် ... SAKURA TOWER ... BOC ...

☎ 01 377093 ☎ 373036 09 73043672 09 73200189

YCTC Business Institute

abe Accredited College

အင်္ဂလန်နိုင်ငံ Association of Business Executives (ABE) မှ တိုက်ရိုက်စစ်ဆေးပေးအပ်သည်

- Diploma in Business Management / Marketing — Duration : 6 months
- Higher Diploma in Business Management — Duration : 1 year
- Graduate Diploma in Business Management — Duration :6 months
- Educational Background ... Study Grant ...
- Installment Plan Available !!

June 24th

Ph : (01) 542033, (09) 420118100 , (09) 250640429

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Rejuvir®
Phytoestrogen supplement
မျိုးမအားဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible]

KBZBank(AccountNo.00730200701690301) [illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း အထက(၆)အလုံ

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အထက(၆)အလုံမှ တက္ကသိုလ်ဝင်တန်း ကျောင်းသားဖြစ်သူ မောင်စိုင်းဆိုင်မွန်သည် ဘက်စုံထူးချွန်(နှစ်ထပ်ကွမ်း)ဆုရရှိသည့်အပြင် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရန် ရွေးချယ်ခံရခြင်း၊ ၂၀၁၃-၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခြင်းတို့ကြောင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဤသို့ ဘက်စုံထူးချွန်ဆုနှင့် ဘာသာစုံဂုဏ်ထူးထွက်အောင် လမ်းညွှန်သင်ကြားပေးသော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများအား အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

အထက(၆)အလုံမှ မိဘဆရာအသင်းနှင့်
ကျောင်းအကျိုးတော်ဆောင်များ

သုရ(၈၁) ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ

OTS(81) [illegible]

https://www.ots81-thura.webs.com

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်/ဦးပိုင်အမှတ် ၂၂၄၅၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဦးရွှေမောင်း အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဦးရွှေမောင်း ၉/ကပတ(နိုင်)၀၆၀၆၂၆ (ဘ)ဦးပေါက်စက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ယုဇနပလာဇာဆိုင်ခန်း အမှတ် ၅၂ (အေ) ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၅၁၆၁၄၅၂

အမည်မှန်

ဦးကျော်နိုင်ဦး ၁၄/ပသရ(နိုင်)၁၁၀၈၄၁-ဒေါ်သန်းသန်းအေးတို့၏သမီး ပုသိမ်မြို့၊ အထက(၂)၊ ပဥ္စမတန်း(က)မှ မလှိုင်ရီဖြိုး၏ အမည်မှန်မှာ မလှိုင်ရည်ဖြိုးဖြစ်ပါကြောင်း။

မလှိုင်ရည်ဖြိုး

ဒေါ်အေးအေးအောင် ၉/ရမသ(နိုင်)၁၀၄၄၀၇ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ် ၃၃၅ ၏ ငါးလွှာ၊ အကျယ်အဝန်းပေ(၂၈×၅၀)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းဝင်း ၉/ကပတ(နိုင်)၁၄၃၃၃၉၅က ငွေအပြီးအပြတ်ပေးချေဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို အပိုင်ရောင်းချသူ ဒေါ်အေးအေးအောင်မှ ကျွန်ုပ်အမှုသည် အပိုင်ဝယ်ယူသူသို့ လက်ရောက်အပ်နှံရန် ပျက်ကွက်လျက်ရှိနေပါသည်။ ထို့ကြောင့် ယင်းတိုက်ခန်းကို ကျွန်ုပ်အမှုသည်သို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လက်ရောက်အပ်နှံရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးအောင်သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး- အမှတ် ၅၀၊ စီ/၃(ပထပ်)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၃၁၇၂

ဦးလှမင်း (ပေါင်းတည်)
LL.B (ADVOCATE)
တရားလွှတ်တော်ရှေ့နေ (၅၅၅၅)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

GH GOLDEN HEART Co.,Ltd. Ph;09 33336395, 09 33333209

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ ပြင်ဦးလွင်လမ်း၊ မြေကွက်အမှတ် ၂၃၆၊ ဧရိယာပေ(၄၀×၆၀) အကျယ်အဝန်းရှိ ပါမစ်မြေကွက်ကြီးမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်းပေ(၂၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးအီစွတ် ၁၂/လမန(နိုင်)၁၂၈၀၆၈ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်သက်ထားဦး ၁၂/စခန(နိုင်)၀၇၁၀၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)
အခန်း ၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၄-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ ၄ ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ် ၁၄ ဦးတင်ဝင်း၏ အမည်ပြောင်းတွင် မြေကွက်အမှတ် ၇၃ အစား ၇၃၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

Patriot Power Services Co.,Ltd ၏ ထုတ်/သွင်းပါမစ် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၃၁၈၇၈၉၈၂

[illegible]

[illegible]

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

အများသိစေရန် အသိပေးကြေညာခြင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ်၉၈၅/က၊ မြေကွက်တည်နေရာအမှတ် ၉၈၅/က၊ ၁၈လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရှမ်းဂျူးအီစလင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးရှမ်းဂျူးအီစလင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အာရှာခါတူ AKB-၂၁၃၉၈၀က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ၎င်း၏ GPရသူ ဦးမောင်မောင်လတ် ၁၂/မဂတ(နိုင်)၀၆၇၇၁၃က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကိုယ်စားလှယ်လွှဲစာ ၇၃၅၅/၁၄(၁၁-၃-၁၄)ရက်စွဲဖြင့် ကျမ်းကျိန်လွှာအမှတ် ၂၈၆၁/၁၄(၂၆-၅-၁၄)ရက်စွဲပါတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၃၄၀ မြေအမည်ပေါက် ဒေါ်ခင်ခင်ချို ၁၂/ဥကတ(နိုင်)၁၀၈၉၇၂ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်မြတ်မွန်သွင် ၁၂/အစန(နိုင်)၁၆၆၈၇၉က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းအောင်အမည်ဖြင့် ယာဉ်အရောင်း စတော့ဝယ်ယူခွင့်ပါမစ်အမှတ် Sep 12-13 9295 27/09/12 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ် ပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒိုမီနီယမ်အိမ်ရာ၊ တိုက်(7+1) D၊ အခန်း ၁၀၃ မူလအမည်ပေါက် ဒေါ်သန်းသန်းခိုင်ထံမှစာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မေဖြိုးဝေလင်း ၁၂/မရက(နိုင်)၁၂၀၉၈၃က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒိုမီနီယမ်အိမ်ရာ၊တိုက်(7+1) D၊ အခန်း ၂၀၅ မူလအမည်ပေါက် ဒေါ်မေဖြိုးဝေလင်းထံမှစာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်သက်သက်ဦး ၈/ခမန(နိုင်)၀၀၀၉၁၆က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ် ၆/၈၏ တတိယအလွှာ(အေ)၊ အကျယ်အဝန်း ပေ(၁၅×၆၀)ရှိတိုက်ခန်းကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုမေရီသာ ၁၂/ဒဂန(နိုင်)၀၃၀၅၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှငါးရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ငြိမ်းဌေး B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)
အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၂၃၉၄

[illegible]

၁၅-၅-၂၀၁၄ရက်စွဲပါ အထက်တန်းရှေ့နေ ဦးတင်ဦး၏ အများသိစေရန် ကြေညာချက်အားပြန်လည်ရှင်းလင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၂၊ (၂၈)ရပ်ကွက်၊ သုမင်္ဂလာရပ်၊ အိမ်အမှတ် ၁၄၁၊ ဦးပိုင်အမှတ် ၁၄၁၊ မြေယာအမှတ် ၁၃၃၊ ဇရိယာ ၀ဒသမ၁၁၇၈က၊ ဂရန်အမှုတွဲအမှတ် ၀၄၄/၁၉၉၀-၁၉၉၁ မြေကွက်ပေါ်ရှိ တိုက်အိမ်နှစ်လုံးနှင့် အကျိုးခံစားခွင့်အားလုံးမှာ ဒေါ်နန်းရွှင်ရွှင် ၉/မမန(နိုင်)၀၂၂၇၃၀အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါနေအိမ်နှင့်မြေကွက်တို့ကို ဒေါ်နန်းရွှင်ရွှင်မှ ဦးသက်နိုင် ၉/မမန(နိုင်)၀၂၈၇၆၄အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၅-၃-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်စာအမှတ် ၂၄၂ဖြင့် ရောင်းချခဲ့ပါသည်။

ဦးသက်နိုင်မှ ၁-၆-၂၀၁၂ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေအား အထက်ပါနေအိမ်နှင့်မြေကွက်၏ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ အပြီးအပိုင်လွှဲပြောင်းရောင်းချထားပါသည်။ ထိုကဲ့သို့လွှဲပြောင်းရောင်းချခြင်းမှာ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကြည်ကိုယ်တိုင် အရပ်ကတိစာချုပ်ဖြင့် တရားဝင်အရောင်းအဝယ်စာချုပ်ပြုလုပ်ကာ လွှဲပြောင်းရယူထားသော အိမ်နှင့်ဥပစာဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ထိုသို့ ကျွန်ုပ်၏မိတ်ဆွေမှာ အထက်ပါနေအိမ်နှင့်မြေကွက်တို့အား ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများထံသို့လည်းအသီးသီး အသိပေးအကြောင်းကြားထားပြီး၊ အဆိုပါနေအိမ်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသာ တစ်ဦးတည်းပိုင်ဆိုင်ပြီး ၎င်း၏သဘောတူညီချက်တစ်စုံတစ်ရာမပါရှိဘဲ လွှဲပြောင်းရောင်းချပေါင်နှံခွင့်မရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဝင်းဟိန်း(ခ)မောင်မောင်
LL.B,WIPO(Switzerland)
အထက်တန်းရှေ့နေ
တိုက် ၉/၁၀၊ အခန်း ၂၀၅/စီ၊ ဒုတိယထပ်၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၈၈၄၂၁၊ ၀၉-၄၂၈၀၂၉၀၀၀

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

AIR KBZ

အီတလီဘယ်လိုပွဲထွက်လာမလဲ....

■ ဝေမိုးဆက်

အီတလီ။ ဒါမှမဟုတ် နည်းနည်းတော့ ဝိရောဓိဆန်တဲ့အသင်း။ အဓိက ကျကျ မေးခွန်းထုတ်ရရင် သူတို့ဟာ ကော်ကောင်ဖျက်မြင်းလား။ ဒါမှ မဟုတ် ချန်ပီယံလောင်းအစစ်အမှန်လား။ ဒါကို ဘယ်သူမှ အချက်ကျကျ မတုန့်ပြန်နိုင်ဘူး။ ပြောရရင် သူတို့ဟာ ဘယ်တုန်းကမှ တောင့်တင်းလွန်းပါတယ်ဆိုတဲ့ ကစားသမား အရင်းအမြစ်ကို မပိုင်ဆိုင်ဘူး။ အခြားထိပ်တန်းအသင်းကြီးတွေနဲ့ယှဉ်ရင် သူတို့ဟာ စုဖွဲ့မှုအရ အမြဲတမ်းတစ်ဆင့်နိမ့်တဲ့အသင်း။ ဒါပေမယ့် သူတို့ဟာ အခြား ထိပ်တန်းအသင်းကြီးတွေတောင် မလုပ်နိုင်တဲ့အရာတွေကို လုပ်ပြယူနိုင်တယ်။ အနီးကပ်ဆုံးသက်သေတွေကို ချပြရရင် လူအင်အားအရ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ထင်တဲ့ကြားက သူတို့ဟာ ၂၀၀၆ မှာ ကမ္ဘာ့ချန်ပီယံဖြစ်တယ်။ ယူရို ၂၀၁၂ မှာ ဗိုလ်လုပွဲရောက်တယ်ဆိုတော့။ အီတလီကို ငုတ်ကောင်လို့ ကင်ပွန်းတပ်ရုံကလွဲလို့ အခြားမရှိဘူး။

> **သူတို့ရဲ့ လူအင်အားနဲ့ သူတို့ရဲ့ ကမ္ဘာ့အဆင့်လုပ်နိုင်စွမ်းအားကိုကြည့်၊ သူတို့မှာ ကျစ်လျစ်တောင့်တင်းတဲ့ စုဖွဲ့မှုတစ်ကြိမ်မှ မရှိခဲ့ပေမယ့် ကမ္ဘာ့ဖလားမှာ ခြောက်ကြိမ် ဗိုလ်လုပွဲရောက်တယ်။ လေးကြိမ်ဗိုလ်စွဲ တယ်**

အီတလီတိုက်စစ်ကို ဦးဆောင်မည့် ဘာလော့တယ်လီ(ရှေ့)

အရှင်းဆုံးပြောရရင် သူတို့ရဲ့ လူအင်အားနဲ့ သူတို့ရဲ့ ကမ္ဘာ့အဆင့်လုပ်နိုင်စွမ်းအားကိုကြည့်။ သူတို့မှာ ကျစ်လျစ်တောင့်တင်းတဲ့ စုဖွဲ့မှုတစ်ကြိမ်မှမရှိခဲ့ပေမယ့် ကမ္ဘာ့ဖလားမှာ ခြောက်ကြိမ်ဗိုလ်လုပွဲရောက်တယ်။ လေးကြိမ်ဗိုလ်စွဲတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဘရာဇီးပြီးရင်အအောင်မြင်ဆုံးအသင်း၊ ဥရောပအသိုင်းအဝိုင်းကျတော့ ကမ္ဘာ့အဆင့်မှာအအောင်မြင်ဆုံးအသင်း။ ဒီတော့ သူတို့ရဲ့ လုပ်နိုင်အားနဲ့ စွမ်းဆောင်နိုင်စွမ်းကို သူတို့ရဲ့ လူအင်အားအရင်းအမြစ်တစ်ခုတည်း အပေါ်မှာ ကြည့်ပြီးသုံးသပ်လို့မရနိုင်တာ သေချာတယ်။

တိတိကျကျပြောရရင် လက်ရှိ အီတလီဟာ မျိုးဆက်နှစ်ခုကြား စပ်ကူးမတ်ကူး ကာလရောက်နေတဲ့သဘောဆောင်တယ်။ ပီယာလို၊ ဒီရော့စီ၊ ကာဆာဒို၊ အကွိလာနီ၊ ချီလီနီယိုလို မျိုးဆက်ဟောင်းတစ်ခု အကျဘက်နင်းလာချိန်မှာ သူတို့ရဲ့ အတွေ့အကြုံနဲ့ ပေါင်းဖက်နိုင်လောက်တဲ့ လူငယ်မျိုးဆက်သစ် အားကောင်းကောင်း မရှိဘူး။ ဘာလိုတယ်လီ၊ ဗာရတ်တီ၊ ဒက်စကို၊ အင်မိုဘိုင်တို့လို မျိုးဆက်သစ် အင်အားစုက အတွေ့အကြုံအရရော ခြေစွမ်းအရပါ အသင့်အနေအထားမရောက်သေးဘူး။ အရှင်းဆုံးပြောရရင် မျိုးဆက်ဟောင်းတစ်ခုရဲ့အကျကို ကြားကန်ပေးနိုင်လောက်တဲ့ လူငယ်မျိုးဆက်သစ် မရှိဘူး။ ထပ်ပြောရရင် အီတလီမှာ အရင်က ဘက်ဂီယို၊ ဒယ်ပီရို၊ ဗယာရီတို့လို တစ်ဦးတည်းချွန်ထွက်နေတဲ့ ကယ်တင်ရှင်ဆန်ဆန် ဦးဆောင်ဘောလုံးသမား ရှိပေမယ့် အခုအီတလီမှာ အဲဒီလို ကစားသမားတောင် မရှိဘူး။

စာမျက်နှာ ၂ သို့

ကမ္ဘာ့ဖလားပြိုင်ပွဲကြီးစတင်လို့ အိမ်ရှင်ဘရာဇီးကတော့ ခရိုအေးရှား ကို ၃-၁ ဆိုတဲ့အနိုင်နဲ့ အဖွင့်လှခဲ့ပါတယ်။ ဒီလိုအဖွင့်လှခဲ့လို့လဲ သူတို့ပရိသတ်တွေလည်း ကျေနပ်ပျော်ရွှင်မှု အထိုက်အလျောက်တော့ ရရှိသွားကြမှာပါ။ အဲလိုပဲ အင်္ဂလန်ပရိသတ်တွေအတွက်ရော အင်္ဂလန်အသင်းသားတွေက ဘယ်လိုကျေနပ်မှုတွေ လုပ်ဆောင်ပေးနိုင်မလဲဆိုတာကို အင်္ဂလန်အခြေစိုက် ဘီဘီစီရုပ်သံသတင်းဌာနက စိတ်ဝင်တစားနဲ့သူတို့သတင်းဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဘောလုံးဆိုင်ရာ သုံးသပ်တင်ပြသူတွေကို ဒီကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်းဘယ်အဆင့်ထိ ရောက်နိုင်မလဲဆိုတာကို မေးမြန်းခဲ့ပါတယ်။ ဒီလိုမေးမြန်းလာခဲ့မှုကို ဘီဘီစီဌာနရဲ့ ဘောလုံးဆိုင်ရာ သုံးသပ်တင်ဆက်သူများရဲ့ အဖြေတွေကို တင်ပြပေးလိုက်ပါတယ်။

အင်္ဂလန်ဘယ်အဆင့်အထိ ရောက်နိုင်မှာလဲ ....

ဂျရတ်၊ ရွန်းနေနှင့် ဝဲလ်ဘတ်

ဖာဒီနန်

ဖာဒီနန်

ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာတော့ အင်္ဂလန်အသင်းအပေါ်ကို ပရိသတ်တွေ အများကြီးမမျှော်လင့်ခဲ့ကြဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် အခုပြိုင်ပွဲမှာ အင်္ဂလန်အသင်း အောင်မြင်မှုတစ်ခုတော့ ရနိုင်လိမ့်မယ်လို့ ပရိသတ်တွေက မျှော်လင့်နေကြပါတယ်။ အင်္ဂလန်ရဲ့ မျိုးဆက်သစ်လူငယ်တွေနဲ့ ပြိုင်ပွဲဝင်တာကို ကြည့်ရမှာကတော့ အခွင့်အကောင်းဖြစ်သလို သူတို့လေးတွေ ဘယ်အဆင့်အထိ ရောက်အောင်စွမ်းဆောင်ပေးနိုင်ကြမလဲဆိုတာလဲ စောင့်ကြည့်ချင်စရာပါ။ ကွာတားဖိုင်နယ်အဆင့်လောက်ထိ ရောက်နိုင်မယ်ဆိုရင်တော့ အင်္ဂလန်အတွက် သင့်တော်တဲ့ အဆင့်တစ်ခုဖြစ်မှာပါ။

ပတ်နီဗင်

အင်္ဂလန်အသင်း ဘယ်အဆင့်ထိရောက်နိုင်မယ်လို့ အတိအကျမပြောလိုပေမယ့် အုပ်စုအဆင့်ကနေ ဖြတ်ကျော်နိုင်ဖို့တော့ လုံလောက်တဲ့ အနေအထားမှာ ရှိနေပါတယ်။ တကယ်လို့ အုပ်စုကနေ တက်လာနိုင်မယ်ဆိုရင်လည်း ၁၆ သင်းအဆင့်မှာတွေ့မယ့် ဘယ်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိနေပါတယ်။ သူတို့တွေ ကွာတားဖိုင်နယ်ကိုရောက်ပြီး ရှုံးနိမ့်သွားမယ်ဆိုရင်လည်း အင်္ဂလန်အသင်းဟာ မျှော်လင့်ထားတဲ့ အနေအထားတစ်ခုအထိ ရောက်အောင်လုပ်နိုင်ခဲ့တယ်လို့ ပရိသတ်တွေက သတ်မှတ်ကြမယ်လို့ ထင်မိပါတယ်။

ရော့ဘီဆာဗေ့ဂျ်

ကျွန်တော်ကတော့ အင်္ဂလန်အုပ်စုကနေ တက်နိုင်လိမ့်မယ်လို့ မထင်မိပါဘူး။ ကော်စတာရီကာကို အနိုင်ရနိုင်တယ်ဆိုပေမယ့် အခြားအသင်းတွေကလည်း အဲဒီအသင်းကို အနိုင်ရနိုင်တာမို့ ဂိုးကွာခြားချက်ကို ပြန်ကြည့်ရမယ့် အနေအထားဖြစ်နေပါတယ်။ နောက်ပြီး အီတလီနဲ့ ဥရုဂွေးတို့ကို သရေကစားနိုင်ရင်တောင် အုပ်စုအဆင့်က တက်ဖို့ လုံလောက်တဲ့အနေအထားမဟုတ်ပါဘူး။

ဒန်နီမဲလ်

တကယ်လို့ အင်္ဂလန်အုပ်စုကနေ တက်နိုင်မယ်ဆိုရင် ၁၆ သင်းအဆင့်မှာ အုပ်စု (C) ကအသင်းဖြစ်တဲ့ ကိုလံဘီယာ ဒါမှမဟုတ် အိုင်ဗရီကို့စ်တို့နဲ့ တွေ့နိုင်တာကလည်း သူတို့အတွက် အခက်အခဲမရှိနိုင်ပါဘူး။ အဲဒါပြီးရင် ကွာတားဖိုင်နယ်မှာတော့ ဘရာဇီး၊ နယ်သာလန်၊ စပိန်၊ ချီလီအသင်းတို့နဲ့တွေ့နိုင်တာမို့ ဒီအဆင့်ကတော့ မလွယ်ကူနိုင်ပါဘူး။

ဘရက်ဖရီဒယ်

အင်္ဂလန်အသင်းဟာအကောင်းဆုံးအနေထားမှာ ရှိနေပါတယ်။ သူတို့တွေရဲ့ တိုက်စစ်အနေအထားက ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ မရှိခဲ့တဲ့ အနေမျိုးဖြစ်နေပါတယ်။ ဂျိုးဟတ်ကလည်း ထူးချွန်တဲ့ ဂိုးသမားတစ်ဦးဖြစ်သလို တောင့်တင်းတဲ့ ခံစစ်ကိုလည်းပိုင်ဆိုင်ထားပါတယ်။ တကယ်လို့သာ အုပ်စုအဖွင့်ပွဲမှာ အီတလီကို အနိုင်ရသွားမယ်ဆိုရင် အင်္ဂလန်အသင်း ဘယ်အဆင့်ထိ ရောက်နိုင်မလဲဆိုတာ မပြောနိုင်ပါဘူး။

— ဖြိုးဒေါ်လာ —

> ကွာတားဖိုင်နယ် အဆင့်လောက်ထိ ရောက်နိုင်မယ်ဆိုရင်တော့ အင်္ဂလန်အတွက် သင့်တော်တဲ့ အဆင့်တစ်ခုဖြစ်မှာပါ။

အီတလီဘယ်လိုပွဲထွက်လာမလဲမှ

ပီယာလိုက ၃၅ နှစ်။ အသင်းကို အတွေ့အကြုံပိုင်းနဲ့ ဦးဆောင်နိုင်ပေမယ့် ကွင်းအတွင်းရုန်းကန်နိုင်အားကျတော့ သူ့ဆီက ကြီးကြီးမားမား မျှော်လင့်ဖို့ခက်မယ်။ ဘာလို့တယ်လီက ခြေရည်ခြေသွေးပိုင်းမှာ အသင်းတစ်သင်းကို ဦးဆောင်ဦးရွက်ပြုနိုင်လောက်တဲ့အဆင့်တစ်ခု မရောက်သေးသလို စိတ်ပိုင်းဆိုင်ရာမှာလည်း ပြဿနာရှိတဲ့အခါ သူ့ဆီကအမြင့်ဆုံးကို မျှော်လင့်ဖို့လည်း ခက်မယ်။ ဒီမှာအဲဒီရဲ့ ပင်ကိုနိမ့်ပါးမှုကို ပြိုင်ဘက်ကောင်းတွေနဲ့ အုပ်စုကျပ်ထဲရောက်နေမှုကို ထပ်ပေါင်းကြည့်။ အီတလီရဲ့ လားရာက အပျက်သဘောဆောင်တာရှင်းတယ်။

အီတလီဟာ အုပ်စုတွင် သုံးပွဲကို အင်္ဂလန်၊ ကော်စတာရီကာ၊ ဥရုဂွေးတို့နဲ့ အစဉ်လိုက်ကစားရမယ်။ အုပ်စုတွင် အဓိကပြိုင်ဘက်ကောင်း နှစ်သင်းကို အဲဒီလို အဖွင့်နဲ့အပိတ်ကစားရမယ့် အခြေအနေမှာ ပင်ကိုအထန့်တတ်တဲ့ စရိုက်လက္ခဏာ၊ လူအင်အား အရင်းအမြစ်မပြည့်ဝမှု အနေအထားတွေနဲ့ ချိန်ကြည့်။ အဖွင့်နှစ်ပွဲဖြစ်တဲ့ အင်္ဂလန်၊ ကော်စတာရီကာတို့ကို မနိုင်ခဲ့ရင်ဘာဖြစ်မလဲ။ ထပ်ပြောရရင် အဲဒီလို အဖွင့်နှစ်ပွဲကို မနိုင်ရင် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဥရုဂွေးကို စိုးရိမ်စိတ်၊ ဖိအားတွေနဲ့ ရင်ဆိုင်ရမှာဆိုတော့ အီတလီ ဒီတစ်ကြိမ်အုပ်စုက တက်ပါ့မလား။

တကယ်လို့ အုပ်စုက မတက်ရင် ၁၉၅၀၊ ၁၉၅၄ နဲ့ ၁၉၆၂၊ ၁၉၆၆ တို့ပြီးနောက် တတိယအကြိမ် နှစ်ကြိမ်ဆက် (၂၀၁၀၊ ၂၀၁၄)အုပ်စုက ထွက်ရတဲ့အဖြစ်ကြုံမယ်။

အီတလီကို လျော့တွက်ဖို့ခက်တယ်။ တခြားမကြည့်နဲ့ ယူရို ၂၀၁၂ မှာ သူတို့ဟာ စပိန်၊ အိုင်ယာလန်၊ ခရိုအေးရှားတို့နဲ့ အုပ်စုကျပ်အတွင်း ကျရောက်ခဲ့တဲ့ကြားက အာရုံစူးစိုက်မှုကောင်းကောင်း တုံ့ပြန်မှုကောင်းကောင်းနဲ့ အဲဒီခက်ပါတယ်ဆိုတဲ့ အုပ်စုတွင်းကနေထိုး ဖောက်ထွက်နိုင်တယ်။ ရှုံးထွက်ပွဲ တွေမှာ ဂျာမနီ၊ အင်္ဂလန်တို့လို ပြိုင်ဘက်ကောင်းတွေကိုကျော်ဖြတ်ပြီး ဗိုလ်လုပွဲအထိတက်ခဲ့တယ်။ ဒါက ထင်ရှားတဲ့ သာဓက၊ အရှင်းဆုံးပြောရရင် အီတလီဟာ ကစားရင်းကစားရင်းနဲ့ ပိုကောင်းလာတတ်တယ်။ ကစားရင်း ကစားရင်းနဲ့ အမှားပိုနည်းလာတတ်တယ်။ ဒီစရိုက်လက္ခဏာတွေအရအီတလီကို အုပ်စုကမတက်နိုင်ဘူးလို့ ကံသေကံမ ဘယ်သူမှမပြောနိုင်ဘူး။ ပြီးတော့ အုပ်စုကတက်လာ ပြီးဆိုရင်လည်း အီတလီကို ဘယ်သူမှ လျော့မတွက်ရဲကြတော့ဘူး။

စီးရီးအေမှာ ပထမအကြိမ်လုပ်ပွဲပြဿနာဖြစ်တော့ ၂၀၀၆ ကမ္ဘာ့ဖလားကိုရတယ်။ ဒုတိယအကြိမ်လုပ်ပွဲပြဿနာဖြစ်တော့လည်း ယူရို ၂၀၁၂ မှာ ဗိုလ်လုပွဲရောက်တယ်။ ဒီတော့ ဒီတစ်ကြိမ်မှာရော ပြီးခဲ့တဲ့ ရာသီက ဥရောပမှာ အီတလီကလပ်တွေရဲ့ အဆိုးဆုံးအခြေအနေဖြစ်တည်ခဲ့မှုကို သူတို့ကောင်းကောင်း အသုံးချနိုင်မလား။

ပြီးတော့ သူ့တို့ဟာ လူအင်အားအရ ချွန်ထွက်နေလောက်အောင် မတောင့်တင်းဘူး။ ကယ်တင်ရှင်ဆန်တဲ့ ဦးဆောင် ဘောလုံးသမား မရှိဘူးဆိုပေမယ့် ညီညွတ်တယ်။ ဒါကို ဒိန်းမတ်၊ ချက်၊ ဘူဂေးရီးယားတို့လို ခြေစစ်ပွဲအဆင့်မှာ တစ်ပွဲမှမရှုံးဘဲ ကစားရင်း သက်သေပြခဲ့ပြီးပြီ။ ဒီတော့ အီတလီ၊ ဒါမှမဟုတ် ဝိရောဓိဆန်တဲ့အသင်း၊ ချို့ယွင်းချက် အမျိုးမျိုး မပြည့်စုံမှုအမျိုးမျိုးရှိတဲ့ကြားက ပြိုင်ပွဲကြီးတွေမှာ တအံ့တသြဖြစ်အောင်လုပ်ပြနိုင်တဲ့ အသင်းဆိုတော့ ဒီတစ်ကြိမ်မှာလည်း သူတို့ဘယ်လိုပွဲထွက်လာမလဲ ....။ ဘာတွေလုပ်ပြနိုင်မလဲဆိုတာ စိတ်ဝင်စားဖို့ သိပ်ကောင်းပါတယ်။

ဥရုဂွေးနဲ့ ကိုလံဘီယာတို့ အနိုင်သေချာနေတဲ့ အုပ်စုအဖွင့်ပွဲများ



ဆွာရက်ဇ်

ဇွန်လ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ကစားမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်တွေအနက် ကိုလံဘီယာ၊ ဥရုဂွေးအသင်းတို့ ရလဒ်ကောင်း ရရှိဖို့ အလားအလာများနေတယ်။ အင်္ဂလန်အသင်းကတော့ အီတလီလိုအသင်းကောင်းနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် အုပ်စုအဖွင့်ပွဲစဉ်မှာ အမှတ်ပြည့်ရရှိရေးအတွက် ရုန်းကန်ရမှာပါ။

ကိုလံဘီယာ Vs ဂရိ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၄-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio Mineirao
နောက်ဆုံးဆုံတွေ့မှုရလဒ်	ကိုလံဘီယာ ၂-၀ ဂရိ (၅-၆-၁၉၉၄)

ဖယ်ကာအိုလို အသင်းရဲ့ အဓိက ကစားသမားမျိုးကို ဒဏ်ရာပြဿနာကြောင့် မခေါ်ယူနိုင်ခဲ့တာက ကိုလံဘီယာအသင်းအတွက် ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုဖြစ်ပါတယ်။ ကိုလံဘီယာအသင်းနည်းပြ ဟိုဆေးပီကာမင်က ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ကစားခဲ့တဲ့ နောက်ဆုံးခြေစမ်းပွဲနှစ်ပွဲမှာ ၄-၃-၃ ကစားပုံကို ဆက်တိုက်စမ်းသပ်သုံးစွဲခဲ့တာမို့ ကိုလံဘီယာအသင်းအနေနဲ့ ကမ္ဘာ့ဖလားအဖွင့်ပွဲမှာ ဒီကစားကွက်ကိုသာ အသုံးပြုလာနိုင်တယ်။ ကိုလံဘီယာရဲ့ အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေတယ်။ ဒါပေမယ့် ဂူတီရက်ဇ်၊ ကားလော့စ်ဘာကာ၊ အိုင်ဘာဘိုတို့ ဦးဆောင်လာမယ့် ကိုလံဘီယာတိုက်စစ်ရဲ့ ထက်မြက်မှုက အနည်းငယ်သံသယရှိစရာ ကောင်းနေတယ်။ ကိုလံဘီယာအသင်းခံစစ်ကလည်း အထက်မြက်ဆုံးအနေအထားမှာ မရှိဘူး။ ဂရိကခြေစမ်းပွဲမှာ အရန်ကစားသမား အများစုပါဝင်တဲ့ ပေါ်တူဂီကို သရေကစားနိုင်ခဲ့ပေမယ့် အသင်းလိုက်ခြေစွမ်းနဲ့ တိုက်စစ်ပိုင်း အကောင်းဆုံးပုံစံမှာ မရှိသေးဘူး။ ဒါ့အပြင် ဂရိရဲ့ ခံစစ်ကတော့ နောက်ပိုင်း ခြေစွမ်းပွဲတွေမှာ ကစားပုံမဆိုးဘူး။ ကိုလံဘီယာ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

ဥရုဂွေး Vs ကော်စတာရီကာ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၅-၆-၂၀၁၄၊ နံနက် ၁း၃၀ Estadio Castelao
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဥရုဂွေး ၁-၁ ကော်စတာရီကာ (၁၉-၁၁-၂၀၀၉)

ဒီပွဲမှာ ဒဏ်ရာရရှိနေတဲ့ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ် ပါဝင်နိုင်မှာ မဟုတ်ဘူး။ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လာနိုင်တဲ့ ဥရုဂွေးအသင်းက အသင်းလိုက်ခြေစွမ်း အကောင်းဆုံးပုံစံရဖို့ အနည်းငယ် ရုန်းကန်နေရတာကို သတိပြုရမယ်။ ဒါပေမယ့် ဥရုဂွေးတိုက်စစ်ကစားသမားတွေဖြစ်တဲ့ ဒီဂိုဖော်လန်၊ ကာဗာနီနဲ့ စတူအာနီတို့အကြားမှာ အပြန်အလှန်နားလည်မှုရှိတာကြောင့် ဆွာရက်ဇ်မပါဝင်နိုင်တဲ့ အားနည်းချက်ကို ဒီပွဲမှာ မြင်တွေ့ရဖို့ အလားအလာနည်းတယ်။ ကော်စတာရီကာအသင်းက ဥရုဂွေးနဲ့ ဆုံတွေ့ဖူးတဲ့ပွဲတွေမှာ အမြင့်ဆုံးအနေနဲ့ သရေရလဒ်သာ ရရှိခဲ့ဖူးတဲ့ အသင်းဖြစ်တယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ကောင်းမွန်ခဲ့တဲ့ ခြေစွမ်းကို ခြေစမ်းပွဲတွေမှာ ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ကစားခဲ့တဲ့ ခြေစမ်းပွဲ ခြောက်ပွဲမှာ လေးပွဲရှုံးနိမ့်ခဲ့ရတယ်။ ဒါ့အပြင် ကော်စတာရီကာအသင်းရဲ့ ခံစစ်ကလည်း ထက်မြက်တဲ့ တိုက်စစ်တွေနဲ့ ရင်ဆိုင်ရတဲ့အခါ ပေးဂိုးများနေတာကြောင့် ဥရုဂွေးတိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်တယ်။ ကော်စတာရီကာရဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေ အားနည်းမှုရှိနေတယ်။ ကော်စတာရီကာက ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဥရုဂွေးအသင်းကသာ အမှတ်ပြည့်ရမှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

အင်္ဂလန် Vs အီတလီ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၅-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena Amazonia
နောက်ဆုံးဆုံတွေ့မှုရလဒ်	အင်္ဂလန် ၂-၁ အီတလီ (၁၆-၈-၂၀၁၂)

ဒီပွဲကစားမယ့် မာနပ်စ်မြို့ရဲ့ အပူရှိန်ပြင်းထန်မှုကြောင့် အင်္ဂလန်ရော အီတလီပါ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို ခံစားရနိုင်ပြီး အကောင်းဆုံးခြေစွမ်းမျိုး ပြသနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ အင်္ဂလန်မန်နေဂျာ ရွိုင်းဟော့ဂ်ဆန်က ရွှန်နေ-စတာရစ် တိုက်စစ်အတွဲကို အသုံးပြုဖို့ ရည်မှန်းထားပေမယ့် ဒီပွဲမှာ စတာရစ် ပါဝင်နိုင်ရေးက မသေချာတာကြောင့် အင်္ဂလန်တိုက်စစ်ပိုင်း တည်ငြိမ်မှု အနည်းငယ်အား နည်းနိုင်တယ်။ ဒါပေမယ့် အင်္ဂလန်အသင်းဟာ လူငယ်ကစားသမားအများစုကို အခြေခံပြီး တည်ဆောက်ထားတဲ့အသင်းမို့ လှုပ်ရှားမှုပိုင်းမှာ အီတလီထက် ပိုမိုမြန်ဆန်နိုင်ပြီး အီတလီခံစစ်ကို ထိုးဖောက်ဖိအားပေးမှုတွေ ပြုလုပ်နိုင်စွမ်းရှိတယ်။ အီတလီအသင်းရဲ့ အသင်းလိုက်ခြေစွမ်းပိုင်းမဆိုးဘူး။ ဒီပွဲမှာ အီတလီက အင်္ဂလန်ရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့အတွက် ၄-၅-၁ ကစားကွက်ကို အသုံးပြုလာနိုင်ပြီး ဒီကစားကွက်ကို အသုံးပြုလာမယ်ဆိုရင် အီတလီရဲ့ တိုက်စစ်ပိုင်း အနည်းငယ်အားနည်းနိုင်တယ်။ အထူးသဖြင့် အီတလီအသင်းရဲ့ အဓိက တိုက်စစ်မှူးဖြစ်တဲ့ ဘာလိုတယ်လီပုံမှန်ဂိုးသွင်းခြေ ပျောက်ဆုံးနေတာကြောင့် အင်္ဂလန်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ ခြေမကွာပေမယ့် အင်္ဂလန်အသင်းသာ ကပ်နိုင်သွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၀

အိုင်ဗရီကို့စ် Vs ဂျပန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၅-၆-၂၀၁၄၊ နံနက် ၇း၃၀ Arena Pernambuco
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂျပန် ၀-၂ အိုင်ဗရီကို့စ် (၄-၆-၁၀)

ခြေစမ်းပွဲတွေမှာ ဘယ်ဂျီယံကို သရေ၊ ဘော့စနီးယားကို ရှုံးနိမ့်ခဲ့တဲ့ အိုင်ဗရီ ကို့စ်အသင်းရဲ့ ရုန်းအားကို အမြင့်ဆုံး မျှော်လင့်ထားဖို့ ခက်တယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲမှာ ရလဒ်ကောင်းရရှိဖို့ အိုင်ဗရီကို့စ်အသင်းမှာ ဒရော့ဘာ၊ ဂျာဗင်ညို၊ ကာလူး၊ ယာယာတိုရေးတို့လို ကစားသမားကောင်းတွေ ပါဝင်လာမှာမို့ ဂျပန်အတွက် လွယ်ကူတဲ့ပွဲတော့ ဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမယ့် ဂျပန်အသင်းကလည်း ရုန်းအားကောင်းမွန်မှု ရှိပြီး အိုင်ဗရီကို့စ် သရေသာကစားနိုင်ခဲ့တဲ့ ဘယ်ဂျီယံကို အနိုင်ယူနိုင်ခဲ့တယ်။ ဒါ့အပြင် ဂျပန်အသင်းရဲ့ အဓိက ကစားသမားအများစုဟာ ဥရောပအခြေစိုက် ကစားသမားတွေဖြစ်တာမို့ အိုင်ဗရီကို့စ်ကစားသမားတွေကို အကောင်းဆုံး ရင်ဆိုင်နိုင်စွမ်းရှိတယ်။ နောက်ပြီး ဂျပန်က အိုင်ဗရီကို့စ်နဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲဖြစ်တဲ့ ခြေစမ်းပွဲမှာ အရေးနိမ့်ခဲ့ ရတယ်ဆိုပေမယ့် တကယ့်ပြိုင်ပွဲတွေမှာ ဂျပန်အသင်းဟာ အိုင်ဗရီကို့စ်အသင်းအပေါ် အသာစီးရလေ့ရှိတဲ့ မှတ်တမ်းကောင်းလည်း ရှိတယ်။ ကာဂါဝါ၊ အိုကာဇာ ကီ၊ ဟွန်ဒါတို့လို ကစားသမားကောင်းတွေရှိနေပြီး လျှင်မြန်မှုကို အားပြုကစားတတ်တဲ့ ဂျပန်အသင်းက အဖွင့်ပွဲမှာ တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

ထက်အောင်

ပြင်သစ်နည်းပြ ဒက်ချန့်စ်မှ

ဒါ့အပြင့် ပြင်သစ်အသင်းရဲ့ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်တဲ့ ရီဘာရီအနေနဲ့ ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနဲ့ လွဲချော်ခဲ့ခြင်းနဲ့ပတ်သက်ပြီး နည်းပြဒက်ချန့်စ်က“အခုအချိန်မှာတော့ ကျွန်တော်တို့အသင်းဟာ ရီဘာရီမပါပဲအကောင်းဆုံးကစားဖို့ကိုသာ စဉ်းစားနေရပါတယ်။ ကျွန်တော်တို့အသင်းဟာ ပြိုင်ဘက်အသင်းတွေကို အကောင်းဆုံး ယှဉ်ပြိုင်နိုင်တဲ့ အရည်အချင်းကတော့ အပြည့်ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ကမ္ဘာ့ဖလားမှာ ကစားခဲ့ဖူးတဲ့ ကစားသမားကောင်းတစ်ဦးဆုံး ရှုံးခဲ့တာမှန်ပါတယ်။ သူဟာအခြားသူတွေနဲ့ မတူလောက်အောင်ကို အကောင်းဆုံး ကစားနိုင်တဲ့သူလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူလိုပဲအသင်းမှာ အရည်အချင်းရှိတဲ့ ကစားသမားတွေ လည်းအများကြီးရှိနေတာကြောင့် သူ့နေရာမှာတော့ အကောင်းဆုံးကစားထိုးနိုင်မယ့်လို့ ယုံကြည်မိပါတယ်။ကျွန်တော် တို့ အသင်းနဲ့ ပွဲဦးထွက်ကစားမယ့် ဟွန်ဒူးရပ်စ်အသင်းဟာ ကြံ့ခိုင်မှု ပိုင်းတောင့်တင်းတဲ့အသင်းတစ်သင်းပါ။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးကစားနိုင်ဖို့အတွက်ပြင်ဆင်ထားပါတယ်”လို့လည်း ထပ်မံပြောဆိုခဲ့ပါတယ်။

အောင်က

ကမ္ဘာ့ဖလားပွဲစဉ်များ		
၁၄-၆-၂၀၁၄ ရက်	၁၀း၃၀(ည)	ကိုလံဘီယာ - ဂရိ
၁၅-၆-၂၀၁၄ ရက်	၇း၃၀ (နံနက်)	အိုင်ဗရီကိုစ် - ဂျပန်
၁၅-၆-၂၀၁၄ ရက်	၁း၃၀ (နံနက်)	ပြင်သစ် - ဟွန်ဒူးရပ်စ်
၁၅-၆-၂၀၁၄ ရက်	၁း၃၀ (နံနက်)	ဥရုဂွေး - ကော်စတာရီကာ
၁၅-၆-၂၀၁၄ ရက်	၄း၃၀ (နံနက်)	အင်္ဂလန် - အီတလီ
၁၅-၆-၂၀၁၄ ရက်	၁၀း၃၀ (ည)	ဆွစ်ဇာလန် - အီကွေဒေါ

သွင်းဂိုးစံချိန်တင်မယ့် အဝါရောင်တပ်ဖွဲ့

ဒီနှစ်ကမ္ဘာ့ဖလားမှာ အသင်းလိုက် ဂိုးသွင်းစံချိန်တင်နိုင်အောင် ကြိုးစားသွားမယ်လို့ ဘရာဇီးနည်းပြ စကိုလာရီက ၂၀၁၄ ကမ္ဘာ့ ဖလားအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ရက် နံနက်က ခရိုအေးရှားကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့တဲ့ပွဲအပြီးမှာ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

ဘရာဇီးအသင်းဟာ ဒီနှစ်ကမ္ဘာ့ဖလားပွဲမှာ ပေးဂိုးအနည်းဆုံးနဲ့ သွင်းဂိုးအများဆုံး စံချိန်သစ်တွေတင်နိုင်ဖို့ အဖွင့်ပွဲစဉ်မှာကတည်းက စတင်ကြိုးစားနေပြီဖြစ်ပါတယ်။ အဖွင့်ပွဲမှာ ခရိုအေးရှားကိုပေးလိုက်ရတဲ့ တစ်ဂိုးဟာ ခရိုအေးရှားတိုက် စစ်မှူးတွေရဲ့ သွင်းဂိုးမဟုတ်ဘဲ ဘရာဇီးနောက်ခံလူ မာဆယ်လိုကြောင့် ဝင်သွားတဲ့ဂိုးဖြစ်ပါတယ်။

ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာ ဘရာဇီးအသင်းဟာ ၁၉၅၀ ပြည့်နှစ် ကမ္ဘာ့ဖလားပွဲတုန်းက စုစုပေါင်း ၂၂ ဂိုးသွင်းယူခဲ့တာဟာ သွင်းဂိုးအများဆုံးဖြစ်ခဲ့ပြီး အဲဒီ နောက်ပိုင်းမှာ ဂိုးသွင်းစွမ်းရည်တွေ ကျဆင်းခဲ့တာဖြစ်ပါတယ်။

ဘရာဇီး အသင်းဟာ ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားပွဲမှာ စုစုပေါင်း ၁၄ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးတို့ ကမ္ဘာ့ဖလားရရှိခဲ့ပေမယ့် စုစုပေါင်း ၁၈ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ဂိုးသွင်းစွမ်းရည် ကျဆင်းလာမှုအပေါ် ဘရာဇီးဘောလုံးအဖွဲ့ချုပ်ကလည်း အားမလိုအားမရဖြစ်ပြီး နည်းပြ စကိုလာရီကို ဂိုးများများသွင်းယူ အောင်ပွဲခံနိုင်ဖို့ တိုက်တွန်းနေပါတယ်။

ဘရာဇီးအသင်း တိုက်စစ်မှူးတွေဖြစ်တဲ့ နေမာ၊ အော်စကာ၊ ဟော့စ်နဲ့ ဖရက်ဒ်တို့အနက် ဖရက်ဒ်ကတော့ ဒီနှစ်ကမ္ဘာ့ဖလားမှာ ဂိုးအများဆုံးသွင်းနိုင်တဲ့အသင်းဟာ ဘရာဇီးအသင်းဖြစ်စေရမယ်လို့ဆိုနေပြီး ပွဲအပြီးမှာ စုစုပေါင်းသွင်း ဂိုး ၂၀ ကျော်အောင် ကြိုးစားသွားမယ်လို့ ၂၀၁၄ ကမ္ဘာ့ဖလားအဖွင့် ပွဲစဉ်အပြီးမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘရာဇီးအသင်းဟာ ဂိုးသွင်း စွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးတွေရှိနေသလို ဂိုးရအောင် ဖန်တီးပံ့ပိုးပေးနိုင်တဲ့ ပေါ်လင်ဟိုနဲ့ ဂူစတာဗိုတို့လို ကွင်းလယ်ဖန်တီးရှင်တွေလည်း ရှိနေပါတယ်။ ဒါ့ကြောင့် ဘရာဇီးအသင်းဟာ ပွဲတိုင်းဂိုးများ များသွင်းယူနိုင်ရေး ကြိုးစားဖို့ရှိနေပါတယ်။ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံး သွင်းယူထားတဲ့ အသင်းကတော့ ဟန်ဂေရီအသင်းဖြစ်ပြီး ၁၉၅၄ခုနှစ် ကမ္ဘာ့ဖလားပွဲမှာ စုစုပေါင်း ၂၇ ဂိုးသွင်းထားခဲ့တာဖြစ်ပါတယ်။

ကိုဝ

အင်္ဂလန်အသင်းဟာ အီတလီအတွက် ခက်ခဲတဲ့ပြိုင်ဘက်ပါလို့ပြောလိုက်တဲ့ မာချီစီယို

အီတလီအသင်းရဲ့ ဝါရင့်ကွင်းလယ်ကစားသမား မာချီစီယိုကတော့ အင်္ဂလန်နဲ့ ကစားရမယ့်ပွဲဟာ အီတလီအသင်းအတွက် ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာလိမ့်မယ့်လို့ ယုံကြည်မိကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဒီနှစ် ၂၀၁၄ကမ္ဘာ့ဖလားမှာတော့ အီတလီအသင်းဟာ အုပ်စု(D) အဖွင့်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနဲ့တွေ့ဆုံ ကစားရမှာလည်းဖြစ်ပါတယ်။ အီတလီအသင်းဟာ လွန်ခဲ့တဲ့ ၂ နှစ်ကြာက ကစားခဲ့တဲ့ ယူရို၂၀၁၂မှာတော့ အင်္ဂလန်အသင်းနဲ့ ကွာတားဖိုင်နယ်မှာတွေ့ဆုံခဲ့ပြီး ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။

သို့သော်လည်း မာချီစီယိုက ယခု ကမ္ဘာ့ဖလားတွင်တွေ့ဆုံကစားရမယ့် အင်္ဂလန်အသင်းဟာ ယခင်နဲ့မတူပဲ ပိုမိုတိုးတက်မှုများရှိနေသည်ဟု ယူဆမိသောကြောင့် အဖွင့်ပွဲစဉ်ဟာ အီတလီအသင်းအတွက် ခက်ခဲသည့်ပွဲဖြစ်လာလိမ့်မည်ဟု ပြောဆိုလိုက်ခြင်းလည်းဖြစ်ပါတယ်။

အီတလီအသင်း ကွင်းလယ်ကစားသမား မာချီစီယိုက“အခုအင်္ဂလန်အသင်းနဲ့တွေ့ဆုံရမယ့်ပွဲဟာ ယခင်ယူ ရို၂၀၁၂ တုန်းက တွေ့ဆုံခဲ့တဲ့ပွဲနဲ့မတူအောင် ခြားနားမှုတွေရှိလာလိမ့်မယ်လို့ထင်ပါတယ်။ ဒါဟာ အရမ်းကိုခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ အီတလီအသင်းဟာ အင်္ဂလန်အသင်းနဲ့တွေ့ဆုံတဲ့အခါတိုင်းလည်း ခက်ခက်ခဲခဲကစားခဲ့ရတာကြီးပါပဲ။ အင်္ဂလန်အသင်းဟာ ကစားသမားတွေကို အများကြီးပြောင်းလဲမှုတွေ လုပ်ထားတာကိုလည်း တွေ့ရပါတယ်။ လက်ရှိ အင်္ဂလန်အသင်းကစားသမားတွေဟာ ငယ်ရွယ်တဲ့ကစားသမားတွေပါပေမယ့် ပြီးခဲ့တဲ့ ရာသီကလပ်အသင်းတွေမှာ အစွမ်းကုန်ခြေစွမ်း ပြကစားနေကြတဲ့ သူတွေဖြစ်တာကြောင့် အရမ်းကိုသတိထားရမှာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းကလည်း အကောင်းဆုံးဖြစ်မယ့် အပြောင်းအလဲတွေကိုတော့ ပြုလုပ်ထားပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် မိသားစုတွေကို အသင်းနဲ့အတူခေါ်ယူနိုင်ခဲ့ခြင်းနဲ့ပတ်သက်ပြီးလည်း မာချီစီယိုက“ ဘရာဇီးဟာအရမ်းကိုနေလို့ကောင်းတဲ့နေရာတစ်ခုပါ။ ဒီမှာလေ့ကျင့်ခန်းလုပ်ရတာလည်း အရမ်းကောင်းပါတယ်။ ဒါတင်မကပါဘူး။ အသင်းနဲ့အတူ မိသားစုကိုခေါ်ယူခွင့်ရတဲ့အတွက်လည်း အရမ်းကိုကျေနပ်ပျော်ရွှင်မိပါတယ်။ ယူရို ၂၀၁၂ တုန်းကလည်း အခုလိုခေါ်ယူခွင့်ရရှိခဲ့ပါသေးတယ်။ နည်းပြ ပရန်ဒယ်လီအနေနဲ့ အင်္ဂလန်နဲ့ပွဲကို ဘယ်လိုပုံစံ၊ ဘယ်လိုကစားကွက်တွေကို သုံးမယ်ဆိုတာကို မပြောသေးပါဘူး။ ပြီးခဲ့တဲ့ ခြေစမ်းပွဲနှစ်ပွဲစလုံးမှာလည်း နည်းပြအနေနဲ့ စမ်းသပ်တဲ့အနေနဲ့ ကစားကွက်နှစ်မျိုးသုံးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းမှာ စွယ်စုံရကစားသမားတွေ အများကြီးရှိနေပါတယ်။ နည်းပြအနေနဲ့ဘယ်လို လုပ်မယ်ဆိုတာကိုပဲ စောင့်ကြည့်ရမှာပါ။ ဒါပေမယ့် ကစားသမားတိုင်းဟာ အသင်းရဲ့အဓိကစားသမားအဖြစ်ရှိနေတယ် လို့ ခံစားမိဖို့ကလည်း အရေးကြီးပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

အောင်က

တိုက်စစ်မှူးနှစ်ဦးတည်း သုံးသွားဖို့ရှိနေတဲ့ ပြင်သစ်နည်းပြ ဒက်ချန့်စ်

ကမ္ဘာ့ဖလား အကြိုခြေစမ်းပွဲတွေမှာ တိုက်စစ်မှူး ဘင်ဇီမာနဲ့ ဂီရောက်တို့ အတွဲညီညီနဲ့ကောင်းမွန်စွာ ကစားနေနိုင်တာကို တွေ့ရှိခဲ့တဲ့ ပြင်သစ်အသင်း နည်းပြ ဒက်ချန့်စ်က ကမ္ဘာ့ဖလား ပြိုင်ပွဲများမှာ အသင်းရဲ့ တိုက်စစ်နေရာမှ တိုက်စစ်မှူး နှစ်ဦးကို ယုံကြည်စွာဖြင့် ထားကစားသွားရန်ရှိနိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ပြင်သစ်အသင်းဟာ နောက်ဆုံး ခြေစမ်းပွဲကစားခဲ့တဲ့ ဂျာမေကာနဲ့ပွဲမှာ ၈-၀ ဖြင့် နိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ ဘင်ဇီမာက ၂ ဂိုးသွင်းယူပေးပြီး ဂီရောက် ၁ ဂိုး သွင်းယူပေးကာ အတွဲညီညီနဲ့ ခြေစွမ်းပြခဲ့တာလည်း ဖြစ်ပါတယ်။ နည်းပြ ဒက်ချန့်စ်အနေနဲ့ တိုက်စစ်ပိုင်းမှာ ဗဟိုတိုက်စစ်မှူးတစ်ဦးနဲ့ တောင်ပံကစားသမားနှစ်ကို အဓိကထားသုံးကစားကွက်ကို နှစ်သက်မှုရှိတဲ့ နည်းပြတစ်ဦး ဖြစ်ပေမယ့် အခုအခါတော့ ရှေ့တန်းမှာ ကစားသမားနှစ်ဦးတည်းထားပါကလည်း အကောင်းဆုံးတိုက်စစ်ဖြစ်လာလိမ့်မည်လို့ ယုံကြည်မှုရှိနေပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး နည်းပြဒက်ချန့်စ်က “ကျွန်တော်တို့အနေနဲ့ ဘောလုံးပိုင်ဆိုင်မှုကောင်းကောင်းနဲ့ ကစားနိုင်တဲ့ပွဲတွေမှာ ပြဿနာမရှိပေမယ့် ဘောလုံးပိုင်ဆိုင်မှုနည်းတဲ့ပွဲတွေမှာတော့ တိုက်စစ်မှူးနှစ်ဦးသာ သုံးမယ်ဆိုရင်တော့ ခံစစ်ပိုင်းအတွက် ပိုမိုအကြိုးရှိမယ်လို့ ထင်မိပါတယ်”လို့လည်းပြောဆိုခဲ့ပါတယ်။

ဂျမေကာနဲ့ခြေစမ်းပွဲမှာ ဂီရောက်ဟာ အသင်းရဲ့ဗဟိုတိုက်စစ်နေရာမှာ အဓိက ကစားခဲ့ပြီး ဘင်ဇီမာကတော့ ရှေ့တန်းအနှံ၊ အထူးသဖြင့်ဘယ် တောင်ပံကို အဓိကဦးစားပေးကစားခဲ့တာလည်း ဖြစ်ပါတယ်။

ဟွန်းဒူးရပ်စ်နဲ့ ကစားရမယ့် အုပ်စုအဖွင့်ပွဲစဉ်ရဲ့ ကစားသမား လူစာရင်းနဲ့ပတ်သက်ပြီး ဒက်ချန့်စ်က “ဒီအတောအတွင်း ကစားသမားတွေ ဒဏ်ရာမရဖို့ကိုပဲ မျှော်လင့်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဘယ်ကစားသမားတွေကို ပွဲထုတ်ကစားရမယ် ဆိုတာကိုလည်းကောင်းကောင်းသိပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။

စာမျက်နှာ ၃ သို့

ကျိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးခဲမြိုင် ၏
ရွှေသမင် ကျိုးပေါင်းရောဂါ
အမှတ်တံဆိပ်

သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်တုပ်ဆေး)ကို သတိရလိုက်ပါ။
ပင်ရင်း - အမှတ် (၇၈) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့၊ ဖြန့်ချိရေး - အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၃၃၁